မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

အတွဲ (၅၂) အမှတ် (၂၀၉)

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်

၂၀၁၃ ခုနှစ်၊ မေ ၂ ရက်၊ ကြာသပတေးနေ့။

ဒို့တာဝန် အရေး(၃)ပါး

- ပြည်ထောင်စု မပြိုကွဲရေး။
- တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

ကမ္ဘာ့စီးပွားရေးအကျပ်အတည်းတွေ၊ မထင်မှတ်ထဲ့ရိုက်ခတ်မှုတွေကို ကြံ့ကြံ့ခံကျော်လွှားနိုင်ဖို့ ပြင်ဆင်ထားရမှာဖြစ်

နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ပြောကြားသည့် ရေဒီယိုမိန့်ခွန်း (၂-၅-၂၀၁၃)

မိဘပြည်သူများခင်ဗျား

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေများကို မိဘပြည်သူများထံ ရေဒီယိုကနေတစ်ဆင့် အသိပေး ပြောကြားနေကျဖြစ်တဲ့အတိုင်း ဧပြီလအတွင်း မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများကို ပြောကြားရခြင်း ဖြစ်ပါတယ်။

ပြီးခဲ့တဲ့လအတွင်းမှာ ကျွန်တော့်အနေနဲ့ နယူးဇီလန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံနဲ့ ဥရောပနိုင်ငံများကို ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ အခုလို ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ရခြင်းဟာ နိုင်ငံတကာနဲ့ ဆက်ဆံရေး တိုးတက်လာစေဖို့သာမက ကမ္ဘာ့နိုင်ငံအသီးသီးက ခေါင်းဆောင်တွေဟာ ကျွန်တော်တို့နိုင်ငံကို နားလည်လာဖို့၊ ကျွန်တော်တို့နိုင်ငံအတွက်လိုအပ်နေတဲ့ နယ်ပယ်စုံ၊ ကဏ္ဍစုံမှာ ပူးပေါင်းပါဝင်ပြီး နှစ်ဦးနှစ်ဖက် အကျိုးရှိမယ့် ကိစ္စတွေကို ဆောင်ရွက်နိုင်ဖို့ သွားရောက်ခဲ့တာပဲဖြစ်ပါတယ်။ အခုခရီးစဉ်မှာ နယူးဇီလန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဥရောပနိုင်ငံတွေနဲ့ မိတ်ဆွေများအဖြစ် နည်းပညာဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍစုံမှာ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ ဆွေးနွေးညှိနှိုင်းနိုင်ခဲ့တယ်ဆိုတဲ့အကြောင်း မိဘပြည်သူများကို ဝမ်းမြောက်စွာ အသိပေးပြောကြားလိုပါတယ်။

နိုင်ငံတကာနဲ့ ယခုလို ခင်မင်ရင်းနှီးစွာ ကူးလူးဆက်ဆံခြင်းအားဖြင့် မြန်မာနိုင်ငံသားများအတွက် ပိုမိုအကျိုးရှိလာစေဖို့၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုတွေ တိုးတက်လာစေဖို့နဲ့ မြန်မာနိုင်ငံအကြောင်း ပိုမိုသိရှိနားလည်စေဖို့ ဖြစ်ပါတယ်။ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုတွေ မြန်မာနိုင်ငံတွင်းကို စီးဝင်လာတာနဲ့အမျှ အဆင့်မြင့်နည်းပညာတွေကို ကျွန်တော်တို့နိုင်ငံသားတွေ ရရှိလာနိုင်ပါတယ်။ ထိပ်တန်းနိုင်ငံတကာ စံချိန်စံညွှန်းတွေနဲ့အညီ အလုပ်လုပ်ကိုင်နိုင်တဲ့ စီးပွားရေးလုပ်ငန်းများဖြစ်အောင် ကျွန်တော်တို့ ကြိုးစားဆောင်ရွက်နေကြတာဖြစ်ပါတယ်။

ဧပြီလအတွင်းမှာ မြန်မာနိုင်ငံနဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းအကြား ဆက်ဆံရေးကောင်းတွေ တည်ဆောက်မှုနဲ့ပတ်သက်ပြီး အလွန်အရေးကြီးတဲ့ အလှည့်အပြောင်းတွေဖြစ်ခဲ့ပါတယ်။ ဧပြီ ၂၂ ရက်နေ့မှာ ဥရောပသမဂ္ဂအနေနဲ့ မြန်မာနိုင်ငံကို လက်နက်ရောင်းဝယ်မှုကလွဲပြီး အခြားပိတ်ဆို့ အရေးယူမှုအားလုံးကိုရုပ်သိမ်းပေးခဲ့ပြီဖြစ်ပါတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ ပိတ်ဆို့အရေးယူမှုတွေရဲ့ အကျိုးဆက်ကြောင့်ပေါ်ပေါက်ခဲ့ရတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးမပြေလည်မှုများကို ဖြေရှင်းနိုင်တော့မှာဖြစ်တဲ့အတွက် ပြည်သူများရဲ့ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာတော့မှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧပြီလ ၂၉ ရက်နေ့က ထိုင်းနိုင်ငံ ဗန်ကောက်မှာကျင်းပတဲ့ အာရှနှင့် ပစိဖိတ်စီးပွားရေးနဲ့ လူမှုရေးပူးပေါင်းဆောင်ရွက်မှုကော်မရှင် UN ESCAP က ကြီးမှူးကျင်းပတဲ့ဆွေးနွေးပွဲကိုတက်ရောက်ပြီး ဒေသတွင်းစီးပွားရေးနဲ့ လူမှုရေးရာကိစ္စများ၊ မမျှော်လင့်တဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာကိစ္စရပ်များမှာUN ESCAP နဲ့ မြန်မာနိုင်ငံတို့

စာမျက်နှာ ၃ ကော်လံ ၁ ▲

ဂျပန်နိုင်ငံရှိ အမြင့်ဆုံးဗုဒ္ဓဂူတော် ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်တစ်ခု ဖြစ်လာနိုင်

သတင်းစာမျက်နှာ ➢ ၄

ငှက်ပျောသီးက သွေးတိုးနဲ့ ကင်ဆာရောဂါအချို့ကို ကာကွယ်နိုင်ပါတယ်

သတင်းစာမျက်နှာ ➢ ၁၃

ဥက္ကံမြို့နှင့်ပတ်ဝန်းကျင်ကျေးရွာများ၌ မီးရှို့ဖျက်ဆီးမှုများဖြစ်ပွား

မီးရှို့ဖျက်ဆီးမှုတွင် ပါဝင်သည်ဟုသံသယရှိသူ (၀၈) ဦးအား ခေါ်ယူစစ်ဆေးလျက်ရှိ

ရန်ကုန် မေ ၁

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့အနောက်ဘက် နှစ်ဖာလုံခန့်အကွာရှိ ကြုံးကြာကန်းအုပ်စု ရတနာကန်းရွာ၌ ဧပြီ ၃၀ ရက် ညနေ ၄ နာရီခွဲခန့်တွင် လူအုပ်စုများက မီးရှို့ဖျက်ဆီးခဲ့ကြသဖြင့် နေအိမ် ခုနစ်လုံး မီးလောင်ကျွမ်းခဲ့ကြောင်း၊ ညနေ ၅ နာရီခန့်တွင် ပနိုပင်ကျေးရွာ၌ လူအုပ်စုများက မီးရှို့ခဲ့ကြသဖြင့် နေအိမ်ခြောက်လုံး မီးလောင်ကျွမ်းခဲ့ကြောင်း၊ ညနေ ၆ နာရီခန့်တွင် ဥက္ကံမြို့အရှေ့ဘက် နှစ်မိုင်ခန့်အကွာ ခြောက်သဲကျေးရွာ၌ လူနေအိမ် ၁၅ လုံး၊ ကျဲပုန်းလေးကျေးရွာ၌ လူနေအိမ် ၄၉ လုံး၊

စာမျက်နှာ ၉ ကော်လံ ၅ ●

ဧပြီ ၃၀ ရက်က ဥက္ကံမြို့နယ်၌ လူအုပ်စုများက ဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးသွားသော ဈေးဆိုင်ခန်းများအား တွေ့ရစဉ်။

ယနေ့ မာတိကာ

ဗွမ်တာနာမို အကျဉ်းစခန်းကို ပိတ်သိမ်းသွားမည်၊ အမေရိကန်သမ္မတ အိုဘားမား ကတိကဝတ်ပြု ပြောကြား — စာ - ၄

စားသင့်မစားသင့် မုန်းဖြင့် အဖြေသိ — စာ - ၅

မှတ်ဖွယ်မှတ်ရာ ထိုထိုစာ၊ ရှာ၍မပြတ် နေ့စဉ်ဖတ် (ဆောင်းပါး) — စာ - ၆

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ပြည်သူများ ညီညီညွတ်ညွတ်ပူးပေါင်းပါဝင်

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝတိုးတက်ရေးတို့အတွက် ကျရာအခန်းကဏ္ဍမှ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့်ပုဂ္ဂိုလ်များအား နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုများ ချီးမြှင့်အပ်နှင်းသည့် အခမ်းအနားကို ဧပြီလ ၃၀ ရက်နေ့က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပခဲ့သည်။

ယင်းသို့ကျင်းပရခြင်းရည်ရွယ်ချက်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝတိုးတက်ရန် စွမ်းဆောင်ကြမည့် စီးပွားရေးစွမ်းဆောင်ရှင်များ၊ လူမှုရေးစွမ်းဆောင်ရှင်များ တိုးပွားပေါ်ထွန်းလာစေရန်နှင့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲတိုးတက်ဖွံ့ဖြိုးရေးကို အားပေးဖြင့်တင်ဆောင်ရွက်ရန်အတွက် ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ရာတွင် ပထမအဆင့် နိုင်ငံရေးပြုပြင်ပြောင်းလဲရေးတာဝန်ကြီးကို ပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့သည်အတွက် ကမ္ဘာ့နိုင်ငံများက အသိအမှတ်ပြုလေးစားဆက်ဆံလာပြီး ကမ္ဘာ့ချက်နှာစာတွင် မြန်မာတို့၏ ဂုဏ်သိက္ခာမြှင့်တင်နိုင်ခဲ့သည်။

ဒုတိယအဆင့်ဖြစ်သော စီးပွားရေးပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို အခြားနိုင်ငံများနည်းတူ ကာလတို၊ ကာလရှည် စီမံကိန်းများရေးဆွဲဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍသည် ပြောင်းလဲပြီး တိုးတက်ဖွံ့ဖြိုးလာခဲ့သည်။ နိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် ပုဂ္ဂလိကပိုင်အခန်းကဏ္ဍ၊ သမဝါယမအဖွဲ့အစည်းအခန်းကဏ္ဍနှင့် နိုင်ငံပိုင်အခန်းကဏ္ဍတို့၏ ပါဝင်မှုအချိုးအစားကိုကြည့်လျှင် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး စုစုပေါင်းတွင် ပုဂ္ဂလိကပိုင်သည် ၉၁ ဒသမ ၇ ရာခိုင်နှုန်းဖြစ်ပြီး နိုင်ငံ့စီးပွားရေးတွင် အများဆုံးပါဝင်နေသည်။

နိုင်ငံတော်အစိုးရသည် စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု အမြေခံမူဘောင်ကို မူဝါဒချမှတ်ရေးဆွဲထားပြီး ယင်းအခြေခံမူဘောင်ထဲတွင် ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို အလေးထားစီမံဆောင်ရွက်သွားမည်ဖြစ်သည်။ နိုင်ငံတည်ငြိမ်အေးချမ်းရန်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ပြည်သူများကိုယ်တိုင် စည်းစည်းလုံးလုံးဖြင့် ကြိုးစားအလုပ်လုပ်မှသာ အခြားနိုင်ငံများကို ရင်ပေါင်တန်းနိုင်မည်ဖြစ်သည်။ နိုင်ငံ့စွမ်းဆောင်ရည်ဆုနှင့် နိုင်ငံ့စွမ်းဆောင်ရည်ဂုဏ်ပြုလက်မှတ် ချီးမြှင့်ခံရသူများသည် မိမိတို့ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရန် စံနမူနာပြ ကိုးပွားလာရန် ကြိုးပမ်းကြရမည်ဖြစ်သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အဆင့်ဆင့်ဆောင်ရွက်လျက်ရှိရာမှာ ပြည်သူများ၏အားနှင့် ပြည်သူအားလုံး ညီညီညွတ်ညွတ်နှင့် ပူးပေါင်းပါဝင်မှုသည် အဓိကစွမ်းအားဖြစ်သောကြောင့် ပြည်သူများပူးပေါင်းပါဝင်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်တွင်းသတင်း

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းအားထုတ်

နေပြည်တော် မေ ၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၁၃)ကို ဧပြီ ၂၉ ရက် နံနက် ၉ နာရီခွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန စပေါင်းခန်းမ၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း တက်ရောက်အမှာစကားပြောကြားသည်။

ရေးဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းက အမှာစကားပြောကြားရာတွင် ဧပြီ ၃၀ ရက်က ကျင်းပသည့် အစည်းအဝေးသည် နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းအရ ဆောင်ရွက်လျက်ရှိသော ငါးနှစ်အမျိုးသားစီမံကိန်း၏ ဒုတိယနှစ်ဖြစ်သော ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဆောင်ရွက်ပြီးစီးမှုအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် တတိယနှစ်ဖြစ်သော ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရန်ပုံငွေခွင့်ပြုပြီးလုပ်ငန်းများအား အကောင်အထည်ဖော်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းအတည်ပြုသွားရန်ဖြစ်ကြောင်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ၁၉၈၉ ခုနှစ် မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ် ၂၂၁ ဒသမ ၆၈၄ ဘီလီယံ၊ အခြားဝန်ကြီးဌာနများ၏ ရန်ပုံငွေကျပ် ၃၃၉ ဒသမ ၄၈၅ ဘီလီယံ စုစုပေါင်းငွေကျပ် ၅၆၁ ဒသမ ၁၆၉ ဘီလီယံ ကုန်ကျခံ၍ ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်သကဲ့သို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင်လည်း ရန်ပုံငွေကျပ် ၁၄၃ ဒသမ ၄၁၆ ဘီလီယံဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင် လုပ်ငန်းများ တိတိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးလုပ်ငန်းကဏ္ဍအလိုက် အသေးစိတ် ဆွေးနွေးတင်ပြသွားရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယခုအခါတွင် နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ချက်များအပေါ် နိုင်ငံတကာ၏ တောက်ခံမှုများ ရရှိနေချိန်ဖြစ်ကြောင်း၊ နိုင်ငံတကာမှ ပူးပေါင်းပါဝင်လာမှုအပေါ် အကျိုးရှိစွာ ရယူဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ဘက်မှ ကူညီပံ့ပိုးနိုင်ရန် အစီအမံများ ရေးဆွဲဆောင်ရွက်ထားရှိရန် လိုအပ်မည်ဖြစ်ကြောင်း။ နိုင်ငံတော်အစိုးရ၏ စေတနာ၊ မျှော်မှန်းချက်နှင့် ရည်မှန်းချက်များကို ဒေသခံပြည်သူများက နားလည်လက်ခံပြီး မိမိဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလူမျိုးများ၊ လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းကြိုးပမ်းအကောင်အတည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ယခုအခါ နိုင်ငံတကာမှလည်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုများ၊ ကူညီထောက်ပံ့မှုများ ဆောင်ရွက်သွားမည် အလားအလာကောင်းများ မြင်တွေ့နေရပြီဖြစ်သဖြင့် မိမိတို့အနေဖြင့် ကြိုတင်တွက်ဆ ပြင်ဆင်ဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအောင်မြင်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားကြရန်နှင့် ဗဟိုကော်မတီက ချမှတ်ပေးထားသည့် မူဝါဒနှင့် လမ်းညွှန်ချက်များကိုခံယူပြီး လုပ်ငန်းကော်မတီဝင်များအနေဖြင့် နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အတည်ဖော်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေအခြေအနေ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသော လုပ်ငန်းဆပ်ကော်မတီများက သက်ဆိုင်ရာလုပ်ငန်းဆပ်ကော်မတီအလိုက် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ ဆောင်ရွက်ပေးနိုင်သည့် လုပ်ငန်းများကို ဆွေးနွေးတင်ပြကြသည်။ ဆက်လက်၍ ဒေသဆိုင်ရာလုပ်ငန်းကော်မတီ(၉)ခုက သက်ဆိုင်ရာ ဒေသအလိုက်ဆောင်ရွက်ခဲ့သည့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် လုပ်ငန်းပြီးစီးမှုအပေါ် သုံးသပ်တင်ပြခြင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေခွင့်ပြုပြီး လုပ်ငန်းများအား အကောင်အတည်ဖော် ဆောင်ရွက်မည့်အစီအမံများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် လုပ်ငန်းကော်မတီတွဲဖက်အတွင်းရေးမှူး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွေးလှက အဆုံးအဖြတ်ရယူရန်(၆)ချက်နှင့် မှတ်တမ်းတင်ရမည့် အချက်တစ်ချက်တို့ကို တင်ပြအတည်ပြုချက်ရယူသည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အတည်ဖော်ရေး လုပ်ငန်းကော်မတီ ဒုတိယနေ့အစည်းအဝေးကို ဧပြီ ၃၀ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပရာ သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြဆွေးနွေးကြပြီး ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက ဖြည့်စွက်ဆွေးနွေး တင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းက တင်ပြချက်များအပေါ် ပြန်လည်ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးသုံးသပ်၍ နိဂုံးချုပ်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီး/ပြည်နယ်များမှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများသည် ပြည်ထောင်စုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ပေါင်းကူးတံတားသဖွယ် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေကြရသဖြင့် နယ်စပ်ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အောင်မြင်စေရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားရန် မှာကြားပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘုရားဝတ္တကနယ်မြေအတွင်း စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှု တားမြစ်သင့်

ထင်သာမြင်သာ ပြုပြင်စရာ

မကွေးမြို့၏ ရေးဟောင်းသမိုင်းဝင် မြသလွန်စေတီ၏ ခြေတော်ရင်း

ဧရာဝတီမြစ်ကမ်းနဖူးဘေး၌ စည်းကမ်းမဲ့စွန့်ပစ်တားသော အမှိုက်များသည် လေပြင်းများတိုက်တိုင်း လေ၌ ပျံဝဲကာ ပတ်ဝန်းကျင်တစ်ခုလုံး အမှိုက်များ ပြန့်ကြဲနေပါသည်။ ယခုအခါ မြသလွန်စေတီသို့ ကမ္ဘာလှည့်ခရီးသည်များနှင့် မြန်မာနိုင်ငံဒေသအသီးသီးမှ ပြည်တွင်းဘုရားဖူးခရီးသွားများ စဉ်ဆက်မပြတ်လာရောက်လျက်ရှိရာ မြစ်ကမ်းနဖူးပေါ်ရှိ စွန့်ပစ်ပစ္စည်းမျိုးစုံ အမှိုက်တို့ကြောင့် ဘုရားဝတ္တကမြေအား အကျည်းတန်အရုပ်ဆိုးစေသည့်အပြင် ဧရာဝတီမြစ်ရေတက်လာသောအခါ ထိုအမှိုက်များသည် ရေတဲ့မျောပါသွားကြပြန်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု ပေါ်လာကာ ရေလယ်တွင်သဲသောင်များ ဖြစ်ထွန်းလာခဲ့သည်။ နောင်နှစ်များစွာကြာမြင့်လာပါက မကွေးနှင့် မင်းဘူး ခြေကျင်ပြတ်ကူးနိုင်သည့်အခြေအနေမျိုးနှင့် ကြုံတွေ့လာရနိုင်ပါသည်။ နောင်မျိုးဆက်သစ်လူသားများအတွက် ကောင်းမွန်သော သဘာဝလက်ဆောင်တားရစ်ခဲ့နိုင်ရန် ယနေ့လူသားများတွင် တာဝန်ရှိပါသည်။ ထို့ကြောင့် ယင်းနေရာတွင် အမှိုက်မစွန့်ပစ်ရနယ်ခြေအဖြစ် သတ်မှတ်ကာ သတိပေးဆိုင်းဘုတ်များ စိုက်တူလျက် တားမြစ်သင့်ကြောင်း အကြံပြုသဘောအမြင်ဖြင့် ရေးသားလိုက်ရပါသည်။

မကွေးလှမြင့်

ပြည်တွင်းသတင်း

▲ ရှေ့ဖုံးမှ

ပူးပေါင်းဆောင်ရွက်နိုင်မယ့် အလားအလာများနဲ့ ပတ်သက်တဲ့ မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ပါတယ်။ ဒီအစည်းအဝေးကပဲ မြန်မာပြည်သူများအတွက် UN ESCAP ရဲ့ ဂုဏ်ပြုဆုကိုလည်း ရရှိခဲ့ပါတယ်။ နိုင်ငံတကာနဲ့ပူးပေါင်းဆောင်ရွက်လာနိုင်တာနဲ့အမျှ ကမ္ဘာ့ဈေးကွက်နဲ့ ပိုမိုချိတ်ဆက်လာနိုင်ပြီး ကျွန်တော်တို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးကျေးဇူးတွေ ဖြစ်ထွန်းလာမှာဖြစ်သလို ကစီဖက်မှာလည်း ကမ္ဘာ့စီးပွားရေးအကျပ်အတည်းတွေ၊ မထင်မှတ်တဲ့ ရိုက်ခတ်မှုတွေကိုလည်း ကြံကြံ့ခံကျော်လွှားနိုင်ဖို့ ကျွန်တော်တို့အနေနဲ့ ပြင်ဆင်ထားရမှာဖြစ်ပါတယ်။

ဒါ့အပြင် လွန်ခဲ့တဲ့ ရက်သတ္တပတ် အနည်းငယ်အတွင်းမှာ ကျွန်တော့်အနေနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ချစ်ကြည်ရေးခရီးသွားရောက်ခဲ့တဲ့ ခရီးစဉ်အတွင်းမှာ အမှတ်တရဖြစ်စေခဲ့တာကတော့ ဟိုင်နန်ကျွန်းမှာ ကျင်းပတဲ့ စီးပွားရေးဖိုရမ်ကို တက်ရောက်ခဲ့ရခြင်းပဲဖြစ်ပါတယ်။ ဒီခရီးဟာ သာမန်ခရီးစဉ်တစ်ခုဆိုတာထက် ဟိုင်နန်ကျွန်းဆိုတာ ကျွန်တော်တို့နိုင်ငံရဲ့ လွတ်လပ်ရေးသမိုင်းမှာ အချိုးအကွေ့တစ်ခုမှာပါဝင်ခဲ့ပြီး ရဲဘော်သုံးကျိပ် စစ်ပညာသင်ကြားခဲ့တဲ့ နေရာလည်း ဖြစ်တဲ့အတွက် အခြားခရီးစဉ်များထက်ပိုပြီး အမှတ်တရရှိတဲ့ ခရီးစဉ်တစ်ခုလို့ ဆိုရခြင်းဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ အလျင်မြန်ဆုံးဖွံ့ဖြိုးတိုးတက်နေပြီး စီးပွားရေးအင်အားကြီး နိုင်ငံတစ်နိုင်ငံလည်းဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းဖြစ်တယ်ဆိုတဲ့ အခြေအနေကို အားသာချက်အဖြစ် ရှုမြင်ပြီး ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းများကို ဖန်တီးသွားရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ အစိုးရအနေနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် မူဝါဒများ၊ ဦးတည်ချက်များ၊ စီမံကိန်းများ ချမှတ်ဆောင်ရွက်နေပါတယ်။ ဒီစီမံကိန်းများထဲက တစ်စိတ်တစ်ပိုင်းဖြစ်တဲ့ လျှပ်စစ်မီးပိုမိုရရှိရေးနဲ့ တန်ဖိုးနည်းအိမ်ရာ စီမံကိန်းများကိုလည်း စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီ ဖြစ်တယ်ဆိုတာကို အသိပေး ပြောကြားလိုပါတယ်။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ကျွန်တော်တို့အစိုးရအနေနဲ့ ဖော်ဆောင်လျက်ရှိသလို ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းပညာနဲ့ Human Capital လို့ခေါ်တဲ့ လူသားအရင်းအမြစ်များ တည်ဆောက်နိုင်ရေးက အရေးကြီးပြီး အထူးသဖြင့် စွမ်းဆောင်ရည်ပြည့်ဝတဲ့ လူသားအရင်းအမြစ်အတွက် အနာဂတ်မျိုးဆက်သစ် လူငယ်များဟာ အဓိကကျတဲ့ အခန်းကဏ္ဍမှာ ပါဝင်နေပါတယ်။ အလျဉ်းသင့်လို့ပြောရရင် ကျွန်တော်တို့ အစိုးရအနေနဲ့ ပညာရေးပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်လျက်ရှိတဲ့အလဲမှာ ကျောင်းပညာရေး ထူးချွန်ရုံသာမက နိုင်ငံတည်ဆောက်ရေးအတွက် ဘက်စုံထူးချွန်တဲ့ လူငယ်လူရွယ်များပေါ်ထွက်လာရေးကိုလည်း အထူးအာရုံစိုက်အလေးထားပါတယ်။ လက်ရှိမှာ အခြေခံပညာသင်ကျောင်းများမှာ ယခင်က ရှိခဲ့ဖူးတဲ့ တင်းထောက်လူငယ်အဖွဲ့များကို ပြန်လည်အသက်သွင်းဖွဲ့စည်းလျက် ရှိပါတယ်။ ဒါဟာ ညီညွတ်ခြင်း၊ အသင်းအဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်ခြင်းဆိုတဲ့ ဒီမိုကရေစီအလေ့အကျင့်ကို ငယ်စဉ်ကတည်းက အလေ့အကျင့်ရစေဖို့ ပျိုးထောင်ပေးခြင်းလည်း ဖြစ်ပါတယ်။ ဒီလိုလေ့ကျင့်ဖွဲ့စည်းပေးခြင်းအားဖြင့် မျိုးဆက်သစ် ရင်သွေးငယ်များဟာ တိုင်းပြည်အတွက် စိတ်ကောင်းစေတနာရှိပြီး တာဝန်သိတဲ့၊ တာဝန်ယူတတ်တဲ့၊ တာဝန်ကျေတဲ့ ခေါင်းဆောင်များ၊ နိုင်ငံသားများဖြစ်လာမှာလည်း ဖြစ်ပါတယ်။

ကျွန်တော်တို့ အစိုးရအနေနဲ့ အမျိုးသားစည်းလုံးညီညွတ်မှု တည်ဆောက်ရေးကို ရှေးရှုပြီးတစ်နိုင်ငံလုံးက အကျဉ်းထောင်များမှ အကျဉ်းသား ၉၃ ဦးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ပြီး မိသားစုများနဲ့ ဆုံစည်းခွင့်ရစေဖို့ ဆောင်ရွက်ခဲ့တာကိုလည်း မိဘပြည်သူများ ဝမ်းမြောက်စေဖို့ အသိပေးပြောကြားလိုပါတယ်။

ဒီ ၂၀၁၃ ဧပြီလဟာ မြန်မာနိုင်ငံအတွက် နိုင်ငံရေး၊ စီးပွားရေးနဲ့ နိုင်ငံတကာဆက်ဆံရေးတဏ္ဍတွေမှာ အောင်မြင်မှုတွေ ရရှိခဲ့တဲ့အတွက် သမိုင်းဝင်တဲ့ အချိန်ကာလတစ်ခု ဖြစ်ခဲ့သလို မြန်မာတို့ရဲ့ ကျင်းပမြဲဖြစ်တဲ့ နှစ်သစ်ကူးသင်္ကြန်တာလနဲ့လည်း တိုက်ဆိုင်နေပါတယ်။ ပြီးခဲ့တဲ့နှစ်သစ်ကူး မဟာသင်္ကြန်အခါသမယမှာ ကျွန်တော်တို့ နိုင်ငံသားအားလုံးဟာ လူမျိုး၊ ဘာသာမခွဲခြားဘဲ၊ ပြဿနာတစ်စုံတစ်ရာဖြစ်ပွားခြင်းမရှိဘဲ ရိုးရာအစဉ်အလာဖြစ်တဲ့ သင်္ကြန်ပွဲတော်ရဲ့ ယဉ်ကျေးမှုဓလေ့ကို ချစ်ချစ်ခင်ခင်နဲ့ပါဝင်ဆင်နွှဲပြီးတော့ ယဉ်ကျေးတဲ့ မြန်မာလူ့အဖွဲ့အစည်းဆိုတဲ့ ပုံရိပ်ကို ဖော်ဆောင်နိုင်ခဲ့တဲ့အတွက် ကျွန်တော်တို့အနေနဲ့ ပြည်သူများအားလုံးကို ကျေးဇူးတင်ရှိကြောင်း အလေးအနက် ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

မိဘပြည်သူများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံကြပါစေ။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တာယာစက်ရုံ(ရွာမ) မှ ပထမဆုံးထုတ်လုပ်သော TRISTAR တာယာအား အမှတ်တရ လက်မှတ်ရေးထိုးပေးစဉ်။ (သတင်းစဉ်)

○ ကျောဖုံးမှ

တာယာစက်ရုံ တည်ဆောက်နိုင်ရေးအတွက် ၂၀၁၀ ခုနှစ် ဇွန် ၂၂ ရက်တွင် နည်းပညာ မြင့်မားသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ Mesnac Company နှင့် တာယာထုတ်လုပ်ရေး ပစ္စည်းများ ဝယ်ယူရန် စာချုပ်ချုပ်ဆိုခဲ့ကြောင်း၊ စက်ရုံတည်ဆောက်ရေးလုပ်ငန်းများအား ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ စက်ရုံအတွင်း အဆောက်အအုံ ၁၈ လုံး ပါရှိကြောင်း သိရသည်။

မြန်မာစီးပွားရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်၊ တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦး နှင့် Mesnac Company ဒုတိယဥက္ကဋ္ဌ Mr. Li Zhao Feng တို့က စက်ရုံမုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် စက်ရုံဖွင့်ပွဲကမ္ပည်းမော်ကွန်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး တာယာစက်ရုံ(ရွာမ) မှ ၂၀၁၃ ခုနှစ် မတ် ၇ ရက်တွင် ပထမဆုံးထုတ်လုပ်သော TRISTAR တာယာအား အမှတ်တရ လက်မှတ်ရေးထိုးပေးသည်။

ဆက်လက်၍ ညီနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တပ်မတော် အရာရှိကြီးများနှင့် ကြွရောက်လာကြသော ဧည့်သည်တော်များက ပထမဦးဆုံး ထုတ်လုပ်သောTRISTAR တာယာပေါ်တွင် အမှတ်တရ လက်မှတ်ရေးထိုးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဧည့်သည်တော်များသည် တာယာစက်ရုံအတွင်း ကုန်ထုတ်လုပ်မှု အဆင့်ဆင့်အား လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ ဖွင့်လှစ်သော တာယာစက်ရုံ(ရွာမ)တွင် တာယာထုတ်လုပ်ရေးစက်ပစ္စည်း ၈၀၃ မျိုး တပ်ဆင်ထားရှိပြီး နည်းပညာမြင့်မားစွာဖြင့် အရည်အသွေးမြင့် TRISTAR အမှတ်တံဆိပ်တာယာများ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ စက်ရုံမှ တစ်နှစ်လျှင် TBB Tyre (Truck & Bus Bias Tyre) အလုံးရေ ၂၀၀၀၀၀၊ TBR Tyre (Truck & Bus Radial Tyre) အလုံးရေ ၂၅၀၀၀၀၊ PCR Tyre (Passenger Car Radial Tyre) အလုံးရေ ၄၀၀၀၀၀၊ Special Tyre အလုံးရေ ၅၀၀၀ စုစုပေါင်း တာယာအလုံးရေ ၈၅၅၀၀၀ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ်တွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ မှတ်ပုံတင်ထားသော မော်တော်ယာဉ်စာရင်းများအရ တစ်နိုင်ငံလုံး တာယာလိုအပ်ချက်၏ ၂၅ ရာခိုင်နှုန်းကို တာယာစက်ရုံ (ရွာမ)မှ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း အနေဖြင့် နိုင်ငံတော်အတွင်း များပြားလာသော ယာဉ်အရေအတွက်နှင့်အညီ အရည်အသွေး ကောင်းမွန်သော TRISTAR အမှတ်တံဆိပ် တာယာများအား ပြည်ပသွင်းကုန်အစားထိုးနိုင်ရေး တုတ်လုပ်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် အချပ်ပို(က) မှ (ဃ) အထိ လေးမျက်နှာ ပါရှိပါသည်။

ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်စည်းဝေး

နေပြည်တော် မေ ၁

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဧပြီ ၂၉ ရက် နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၆၅) ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းများနှင့် အဆိုများတင်သွင်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မကွေးတိုင်းဒေသကြီး ပခုက္ကူ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် စတင်ထုတ်လွှင့်

နေပြည်တော် မေ ၁

ရုပ်မြင်သံကြားတိုးချဲ့တုတ်လွှင့်ရေးအစီအစဉ်အရ မကွေးတိုင်းဒေသကြီးအတွင်းရှိ ပခုက္ကူ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၁၃ ခုနှစ် ဧပြီ ၁၉ ရက်တွင် လုပ်ငန်းများပြီးစီးခဲ့သည်။

အဆိုပါ စက်ရုံမှ လွှင့်အား (၃)ကီလိုဝပ်၊ လှိုင်းနှုန်း(UHF Channel J-20၊ 512- 518 MHz) ဖြင့် ၂၀၁၃ ခုနှစ် ဧပြီ ၂၀ ရက်မှ စတင်၍ စမ်းသပ်မှုများ ဆောင်ရွက်ခဲ့ပြီး မေ ၁ ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် တုတ်လွှင့်ပေးလျက်ရှိကြောင်း သိရသည်။

ပခုက္ကူ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ လွှင့်အား 3 KW ဖြင့် ထုတ်လွှင့်မှုကို ညောင်ဦး၊ ပုဂံမြို့သစ်၊ ကျွန်းချောင်း၊ မြစ်ခြေ၊ ပခန်းကြီးနှင့် မြင်းခြံမြို့နယ်များမှ ကောင်းမွန်ကြည်လင်စွာဖမ်းယူရရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

စင်ကာပူရေတပ် ဒုတိယမြောက် ရေငုပ်သင်္ဘောလုပ်ငန်းစတင်

စင်ကာပူ မေ ၁

စင်ကာပူနိုင်ငံ၏ ဒုတိယမြောက် အာချာအမျိုးအစား ရေငုပ်သင်္ဘောအသစ်တစ်စင်းသည် မေ ၁ ရက်မှ စတင်ကာ စစ်ဘက်ဆိုင်ရာတာဝန်များ စတင်ထမ်းဆောင်နေပြီဖြစ်ကြောင်း စင်ကာပူနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

စင်ကာပူနိုင်ငံ၏ ပထမဆုံးရေငုပ်သင်္ဘောဖြစ်သည့် အာအက်စ်အက်စ်အာချာကို ၂၀၁၁ ခုနှစ်ကုန်မှစတင်ကာ စင်ကာပူရေတပ်တွင် ပထမဆုံး တာဝန်ထမ်းဆောင်၍ အသုံးပြုခဲ့သည်။ စင်ကာပူနိုင်ငံ၏ လုံခြုံရေးအတွက် ကာကွယ်စောင့်ရှောက်မှုများပြုလုပ်ရာတွင် ရေတပ်စွမ်းရည်ဖြည့်ဆည်းခြင်း တစ်ရပ်လည်းဖြစ်သည်။

ယခု စစ်ဘက်တာဝန်များကို စတင်ထမ်းဆောင်မည့် အာချာရေငုပ်သင်္ဘောသည် ယခင် အာအက်စ်အက်စ်အာချာရေငုပ်သင်္ဘောနှင့်အတူ ကင်းလှည့်မှုအပါအဝင် စစ်ဘက်တာဝန်များကို ဆောင်ရွက်သွားမည်ဖြစ်သည်။

စင်ကာပူရေတပ်တပ်ဖွဲ့ဝင်များကိုလည်း ရေငုပ်သင်္ဘောအမျိုးမျိုးတွင် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် စွမ်းရည်ပြည့်ဝရေးသင်တန်းများ ပေးသွားရန် စီစဉ်ထားသည်။ တစ်ဖန် ရေငုပ်သင်္ဘောများနှင့် လေ့ကျင့်မှုများလည်း ပြုလုပ်ပေးသွားမည်ဖြစ်သည်။

စင်ကာပူ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး သာမင်ရှန်မူဂါရက်နမ်က ရေတပ်စွမ်းရည် တိုးတက်ရန် ဖြည့်ဆည်းပေးလျက်ရှိပြီး လုံခြုံရေးနှင့် ကာကွယ်ရေးကို တိုးမြှင့်ဆောင်ရွက်သွားမည်ဟု ပြောကြားသည်။ **(ဆင်ဟွာ)**

အရောင်မဲ့စိန်ကြီး ဒေါ်လာ သန်း ၂၀ ဖြင့် ရောင်းမည်

ဂျီနီဗာ မေ ၁

အလေးချိန် ၁၀၁ ဒသမ ၇၃ ကာရက်ရှိ သစ်တော်သီးပုံသဏ္ဌာန် အရောင်မဲ့စိန်တစ်ပွင့်ကို ခရစ္စတီးလေလံတင်ရောင်းချရေးအဖွဲ့က ဂျီနီဗာတွင် အမေရိကန်ဒေါ်လာ သန်း ၂၀ ကျော်ဖြင့် မေ ၁၅ ရက်တွင် ရောင်းချသွားရန် စီစဉ်နေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ စိန်ကြီးသည် ကမ္ဘာပေါ်တွင် သစ်တော်သီးပုံစံရှိအကြီးဆုံးစိန်ကြီးများအနက်မှ တစ်ခုဖြစ်ကြောင်း၊ယင်းစိန်ကြီးသည်အရောင်အသွေးအလွန်ကောင်းမွန်ကြောင်း ခရစ္စတီးလေလံတင်ရုံးကျောက်မျက်ရတနာကျွမ်းကျင်သူဂျင်းမက်လူနယ်က ပြောကြားသည်။

ပြီးခဲ့သည့် နိုဝင်ဘာလက ဂျီနီဗာရှိ ခရစ္စတီးလေလံတင်ရောင်းချရေးအဖွဲ့က ၇၆ ဒသမ ၀၂ ကာရက်ရှိ အရောင်မဲ့စိန်ကြီးကို အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၅ သန်းဖြင့် စံချိန်တင်ရောင်းချခဲ့သည်။ **(ရိုက်တာ)**

ဂွမ်တာနာမိုအကျဉ်းစခန်းကို ပိတ်သိမ်းသွားမည် အမေရိကန်သမ္မတ အိုဘားမား ကတိကဝတ်ပြုပြောကြား

ဂွမ်တာနာမို မေ ၁

အကျဉ်းသားများ အစာငတ်ခံဆန္ဒပြမှု မြင့်မားလာနေစဉ်အတွင်း ကျူးဘားနိုင်ငံရှိ ဂွမ်တာနာမိုအကျဉ်းစခန်းကို တွန်းအားပေး၍ ပိတ်သိမ်းသွားရန် အမေရိကန်သမ္မတဘားရက်အိုဘားမားက ကတိကဝတ်ပြုပြောဆိုလိုက်ကြောင်း ဧပြီ ၃၀ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဆွေးနွေးသွားမည်

အမေရိကန်ကွန်ဂရက်က အဆိုပါအကျဉ်းသားစခန်းကို ပိတ်သိမ်းရန် ကြိုးစားမှုအပေါ် ဟန့်တားပိတ်ဆို့ထားသည်။ သို့သော်လည်း ယင်းအကျဉ်းစခန်း ပိတ်သိမ်းရေးအတွက် လွှတ်တော်အမတ်များနှင့် ပြန်လည်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သမ္မတအိုဘားမားက ပြောကြားသည်။

ဂွမ်တာနာမိုအကျဉ်းစခန်းတွင် ဖြစ်ပွားနေသော အစာငတ်ခံဆန္ဒပြမှုများအပေါ် စုံစမ်းစစ်ဆေးသွားရန် အဖွဲ့တစ်ဖွဲ့စေလွှတ်သွားမည်ဖြစ်ကြောင်းလည်း သမ္မတအိုဘားမားက သတင်းထောက်များအား ပြောကြားသည်။

ဂွမ်တာနာမို အကျဉ်းစခန်းကို ချက်ချင်းပိတ်သိမ်းသင့်ပြီဖြစ်ကြောင်းလည်း ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမင်းကြီး နာဗီပီလေးက ပြောကြားသည်။ ယင်းအကျဉ်းစခန်းသည် အီရတ်နှင့် အာဖဂန်စစ်ပွဲများအတွင်း သံသယရှိသူများအား ဖမ်းဆီးပြီး ပိဆောင်ထားခြင်းဖြစ်သည်။ စစ်ပွဲများပြီးဆုံးသွားပြီဖြစ်၍ ဂွမ်တာနာမိုအကျဉ်းစခန်းသည်လည်း ဆက်လက်ထားရှိရန် မလိုအပ်တော့ကြောင်း အိုဘားမားက သတင်းထောက်များအား ပြောကြားသည်။ **(ဘီဘီစီ)**

မင်းသားဝီလျံ နယ်သာလန်ဘုရင်အဖြစ် ကျမ်းသစ္စာကျိန်ဆို

အမ်စတာဒမ် မေ ၁

မင်းသားဝီလျံသည် မိခင်ဘုရင်မကြီးဘီထရစ် ထီးနန်းစွန့်လွှတ်ခဲ့ပြီးနောက် နယ်သာလန်နိုင်ငံ၏ ဘုရင်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း မေ ၁ ရက်က ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အသက် ၇၅ နှစ် အရွယ်ရှိ ဝီလျံ၏မိခင် ဘီထရစ်သည် နှစ်ပေါင်း ၃၃ နှစ်ကြာ ထီးနန်းစိုးစံခဲ့ပြီးနောက် ဧပြီ ၃၀ ရက် အစောပိုင်းက ထီးနန်းစွန့်လွှတ်ခြင်း စာချုပ်စာတမ်းတစ်ရပ်ကို လက်မှတ်ရေးထိုးပြီးချိန်တွင် မင်းသားဝီလျံသည် ၁၈၉၀ ပြည့်နှစ်နောက်ပိုင်း နယ်သာလန်နိုင်ငံ၏ ပထမဆုံးဘုရင်ဖြစ်လာခဲ့သည်။

အဆိုပါ ထီးနန်းစွန့်ပွဲနှင့် ထီးနန်းဆက်ခံခြင်း အခမ်းအနားကို ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်နေချိန် မြို့တော်အမ်စတာဒမ်ရှိ တော်ဝင်နန်းတော်ကြီး အပြင်ဘက်၌ လူပေါင်း ၂၅၀၀၀ ခန့်က ကောင်းချီးသြဘာထောမနာ ပြုခဲ့ကြသည်။

ကြိုဆိုခဲ့ကြ

ယင်းနေ့ကကျင်းပသည့် ထီးနန်းလွှဲအပ်ပွဲ အခမ်းအနားများသည် အမ်စတာဒမ်ရှိ River IJ မြစ်အတွင်း ဘုရင်၏ရေယာဉ်ရှက်လှင့်ခတ်မောင်းမှုနှင့်အတူ ရေကြောင်းလှည့်လည်ခြင်းဖြင့် အဆုံးသတ်ခဲ့သည်။ ထောင်ပေါင်းများစွာသော ပြည်သူများက ရေလမ်းကြောင်းမြစ်ကမ်းပါးများမှနေ၍ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

အဆိုပါ အခမ်းအနား၌ တော်ဝင်ရေယာဉ်တစ်စီးအတွင်း ကူးတို့ရေယာဉ် ၂၀၀ ခန့်ပါဝင်ဆင်နွှဲခဲ့သည်။ နိုင်ငံ၏လွတ်လပ်မှုနှင့်နယ်ပြေပိုင်နက်ကို ထိန်းသိမ်းစောင့်ရှောက်ကာကွယ်မည်ဟု ကျမ်းသစ္စာကျိန်ဆိုကြောင်း ဝီလျံက ပြောကြားခဲ့သည်။ **(ဘီဘီစီ)**

ဂျပန်နိုင်ငံရှိ အမြင့်ဆုံးဖူဂျီတောင် ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်တစ်ခုဖြစ်လာနိုင်

တိုကျို မေ ၁

ဂျပန်နိုင်ငံရှိ အမြင့်ဆုံးဖူဂျီမီးတောင်သည် ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်နေရာတစ်ခုဖြစ်လာနိုင်ကြောင်း အရာရှိများ၏ ပြောကြားချက်ကို မေ ၁ ရက်က ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။ **(အောက်ပုံ)**

မျှော်လင့်ခဲ့

အဆိုပါဖူဂျီမီးတောင်သည် မှတ်ပုံတင်ရန်အတွက် သင့်တော်သည်ဟု ကုလသမဂ္ဂ အကြံပေးကောင်စီ၏ ထောက်ခံမှုကိုရရှိခဲ့ကြောင်း ဂျပန်ယဉ်ကျေးမှုဆိုင်ရာအေဂျင်စီက ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားသည်။ ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်ကော်မတီသည် ဇွန်လက ကမ္ဘောဒီးယားနိုင်ငံ၌ တွေ့ဆုံချိန်တွင် တရားဝင်ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်မည်ဟု မျှော်လင့်ခဲ့သည်။

အမြင့်ပေ ၁၂၃၆၀ ရှိ ယင်းဖူဂျီတောင်သည် ဂျပန်နိုင်ငံတွင် အမြင့်ဆုံးတောင်ဖြစ်သည်။ အဆိုပါမီးတောင်သည် ဂျပန်နိုင်ငံ တိုကျိုမြို့ အနောက်တောင်ဘက်တွင် တည်ရှိပြီး လွန်ခဲ့သည့် နှစ်ပေါင်း ၃၀၀ ကျော်က နောက်ဆုံးပေါက်ကွဲခဲ့သည်။ ရာသီဥတုကြည်လင်သည့်နေ့တွင် ဖူဂျီတောင်ကို မြို့တော်တိုကျိုမှနေ၍ မြင်တွေ့နိုင်သည်။

အဆိုပါဖူဂျီတောင်ကို သစ်သားတုံးများဖြင့် ဒီဇိုင်းဖော်ထုတ်လုပ်မှုများအပါအဝင် ဂျပန်လူမျိုးများ၏ သမိုင်းတွင် အနုပညာပစ္စည်းလုပ်ငန်း၌ ထင်ထင်ရှားရှား ထည့်သွင်းလုပ်ဆောင်လေ့ရှိသည်။

အထင်ကရတောင်များနှင့် နေရာများဆိုင်ရာ နိုင်ငံတကာကောင်စီက ဖူဂျီတောင်အား မှတ်ပုံတင်ရန်အတွက် သင့်တော်ကြောင်း ထောက်ခံခဲ့မှုကို ဂျပန်ယဉ်ကျေးမှုဆိုင်ရာ အေဂျင်စီက မေ ၁ ရက်တွင် ထုတ်ပြန်ချက်တစ်ရပ်၌ ဖော်ပြသည်။ **(ဘီဘီစီ)**

တင်မောင်လွင်-စုစည်းသည်

ဘင်္ဂလားဒေ့ရှ်အဆောက်အအုံပြိုကျမှု သေဆုံးသူ ၄၀၀ ကျော်ရှိလာ

ဒါကာ မေ ၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာဆင်ခြေဖုံးရှိ စက်ရုံအဆောက်အအုံတစ်လုံးပြိုကျခဲ့မှုတွင် သေဆုံးသူအရေအတွက် ၄၀၂ ဦးအထိ ရှိလာပြီဖြစ်ကြောင်း မေ ၁ ရက်က ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ပြီးခဲ့သည့်သီတင်းပတ်က အဆိုပါစက်ရုံအဆောက်အအုံ ပြိုကျမှုတွင် ပျောက်ဆုံးနေသူ ၁၄၉ ဦးအထိ ရှိနေသေးကြောင်း ၎င်းတို့၏ ဆွေမျိုးသားချင်းနှင့် ဒေသဆိုင်ရာအရာရှိများ ထံမှရရှိသော စာရင်းများအရ သိရသည်။ အနောက်နိုင်ငံများအတွက် ကန်ကျစရိတ်နည်းသော အထည်အလိပ်များ ထုတ်လုပ်ပေးနေသည့် အထပ်ရှစ်ထပ်အဆောက်အအုံသည် ဧပြီ ၂၄ ရက်က ပြိုကျခဲ့သည်။

ထိုအတောအတွင်း မေ ၁ ရက်က ထောင်ပေါင်းများစွာသော အလုပ်သမားများသည် အလုပ်သမားများ၏ ဘေးကင်းလုံခြုံမှုအား တောင်းဆိုရန် မြို့တော်ဒါကာအလယ်ပိုင်းသို့တောက်လျှောက်ချီတက်လာခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ ပြိုကျသည့် အဆောက်အအုံပိုင်ရှင်ကိုလည်း သေဒဏ်ပေးရန် ၎င်းလူထုက တောင်းဆိုခဲ့ကြသည်။

အမျိုးသမီးငယ် အလုပ်သမားများ အဓိကပါဝင်သည့် လူပေါင်း ၃၀၀၀ ကျော်တို့သည် အဆောက်အအုံပြိုကျချိန်တွင် အဆောက်အအုံအတွင်း၌ ရှိနေကြသည်။ **(ဘီဘီစီ)**

တရုတ်နိုင်ငံ ဖူကျန့်ပြည်နယ်တွင် လူတစ်ဦး H7N9 ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ခံရ

ဖူကျို မေ ၁

တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ဖူကျန့်ပြည်နယ်တွင် ဧပြီ ၃၀ ရက်က လူတစ်ဦး H7N9 ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ခံရပြီး အဆိုပါပြည်နယ်တွင် ကြက်ငှက်တုပ်ကွေး ကူးစက်ခံရသူ စုစုပေါင်းအရေအတွက် သုံးဦးအထိရှိလာကြောင်း ဒေသဆိုင်ရာ ကျန်းမာရေးအာဏာပိုင်များ၏ ပြောကြားချက်အရ သိရသည်။

ဖူကျန့်ပြည်နယ် ဖူကျိုမြို့မှ မိသားစုအမည် ချူခေါ် အသက် ၅၈ နှစ်အရွယ်ရှိ အမျိုးသားတစ်ဦး၌ အဆိုပါ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ခံရမှုကို ရောဂါထိန်းချုပ်ရေးနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ပြည်နယ်ကျန်းမာရေးစင်တာတစ်ခု၌ စမ်းသပ်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်ကျန်းမာရေးဌာန၏ထုတ်ပြန်ချက်အရ သိရသည်။ ချူသည် ဖူကျန့်ပြည်နယ်ဆေးရုံ၌ ဆေးဝါးကုသမှုခံယူမီ ဖျားနာခြင်းနှင့်ချောင်းဆိုးခြင်းဝေဒနာများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ၎င်းသည် ဆိုးရွားသောအခြေအနေတွင် ရှိနေခဲ့ကြောင်း ပြည်နယ်ကျန်းမာရေးဌာနက ဆက်လက်ပြောကြားသည်။ **(ဆင်ဟွာ)**

ပဋိပက္ခအသွင်ပြောင်းလာတဲ့ ဒါကာမြို့က တိုက်ပြိုကျမှုဂယက်

မောင်နွေသစ်

လွန်ခဲ့တဲ့သီတင်းပတ်အတွင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့မှာ စက်ရုံအလုပ်ရုံတွေရှိတဲ့ လူနေရှစ်ထပ်တိုက်ကြီးတစ်လုံး ပြိုကျသွားခဲ့ပါတယ်။ ဒီအဆောက်အအုံကြီးဟာ အိုဟောင်းနေပြီဖြစ်တဲ့အတွက် လူမနေသင့်တဲ့အဆောက်အအုံအဖြစ် သက်ဆိုင်ရာက သတိပေးတားမြစ်ချက်ထုတ်ပြန်ထားတဲ့ အဆောက်အအုံလို့ဆိုပါတယ်။ ဒီတိုက်ပိုင်ရှင်အနေနဲ့ အန္တရာယ်ရှိမှန်းသိလျက်နဲ့ စက်ရုံအလုပ်ရုံလုပ်ငန်းတွေ မပြောင်းရွှေ့ဘဲ ဆက်လက်အသုံးပြုနေတဲ့အတွက် တိုက်ပြိုခဲ့ရခြင်းအပေါ် ဒါကာမြို့ခံပြည်သူတစ်ရပ်လုံးက အလွန်ဒေါသထွက်နေကြပါတယ်။

ဒါကာမြို့က ရေ့နေတွေနဲ့ ဆန္ဒပြသူတွေဟာ ဧပြီ ၂၉ ရက်က စက်ရုံအလုပ်ရုံပိုင်ရှင်ကို ကြိုးပေးစီရင်ဖို့ ဆန္ဒပြတောင်းဆိုခဲ့ကြပါတယ်။ ဒီတိုက်ပြိုကျမှုဟာ သာမန်မဟုတ်ဘူးလို့ ဆိုကြပါတယ်။ လူပေါင်း ၄၀၀ နီးပါး သေဆုံးခဲ့ရတဲ့အတွက် ပြည်သူတွေက အလွန်ဒေါသထွက်နေပြီး ပိုင်ရှင်ကို ကြိုးပေးစီရင်ပေးဖို့ ဆန္ဒပြတောင်းဆိုခဲ့ကြတယ်လို့ ဆိုပါတယ်။

ဒီအချိန်မှာပဲ ပြိုကျသွားတဲ့ အဆောက်အအုံပိုင်ရှင်ဟာ သံခမောက်ကိုဆောင်းပြီး ကျည်ကာအင်္ကျီဝတ်ဆင်ကာ တရားရုံးကို သွားခဲ့တယ်လို့ မျက်မြင်တွေ့ရှိသူတွေက ပြောပါတယ်။

လွန်ခဲ့တဲ့ ဧပြီ ၂၄ ရက်က ပြိုကျသွားတဲ့ ဒီအဆောက်အအုံအတွင်း အသက်ရှင်ကျန်ရစ်တဲ့သူတွေကို ရှာဖွေကယ်ဆယ်ဖို့ မဖြစ်နိုင်တော့ဘူးလို့ ကယ်ဆယ်ရေး တာဝန်ရှိသူတွေက ပြောပါတယ်။ ဒီစက်ရုံမှာ ရာပေါင်းများစွာ အထည်ချုပ်အလုပ်သမားတွေ အလုပ်လုပ်တဲ့ နေရာဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ် စက်မှုလုပ်ငန်း မတော်တဆဖြစ်မှု သမိုင်းမှာတော့ အဆိုးရွားဆုံးလို့ ဆိုပါတယ်။

ရာနာပလာဇာလို့အမည်ရတဲ့ ဒီအဆောက်အအုံပျက်ကြွမှု အလွန်ကြီးမားတဲ့ ကွန်ကရစ်တုံးကြီးတွေကို ကရိန်းကြီးတွေသုံးပြီး ဖယ်ရှားရှင်းလင်းခဲ့ကြပါတယ်။ ယခုအထိတော့ သေဆုံးသူပေါင်း ၃၈၅ ဦးရှိသွားပြီလို့ အတည်ပြုထားပါတယ်။ ဒီစက်ရုံနေအိမ်အဆောက်အအုံမှာ အနောက်တိုင်းတံဆိပ်တပ် အဝတ်အထည်တွေ ချုပ်လုပ်တယ်လို့ သိရပါတယ်။ ဒီအဆောက်အအုံပြိုကျမှုနဲ့ ပတ်သက်ပြီး လူရှစ်ဦး ရဲတပ်ဖွဲ့က ဖမ်းဆီးထားပါတယ်။ သူတို့ကတော့ စက်ရုံလုပ်ငန်းရှင် လေးဦး၊ အင်ဂျင်နီယာနှစ်ဦး၊ အဆောက်အအုံပိုင်ရှင် မိုဟာမက်ဆိုဟဲရာနာနဲ့ သူ့အဖေ အဗ္ဗဒုလ်ခါလက်တို့ဖြစ်ပါတယ်။ ရဲတပ်ဖွဲ့က ပဥ္စမမြောက်သူ့ဌေးဖြစ်တဲ့ ပြင်သစ်နိုင်ငံသား ဒေးဗစ်မေယာဆိုသူကိုလည်း ဆက်ထက်ရှာဖွေနေတယ်လို့ဆိုပါတယ်။ အဆောက်အအုံပိုင်ရှင် ရာနာကို အိန္ဒိယသို့ ထွက်ပြေးဖို့ ကြိုးစားနေစဉ် ဧပြီ ၂၉ ရက်က ဘီနာပိုးနယ်စပ်မြို့မှာ ရဲကွန်မန်ဒိုတွေက ဖမ်းဆီးလိုက်တာဖြစ်ပါတယ်။ တရားရုံးက သူ့ကိုစစ်ဆေးဖို့ အချိန် ၁၅ ရက်ယူမယ်လို့ အမိန့်ထုတ်ပြန်ထားပါတယ်။ သူ့အဖေ ခါလစ်ကိုတော့ အဆောက်အအုံနဲ့ ပတ်သက်တဲ့ မှတ်တမ်းမှတ်ရာများ တရားဝင်ဖြစ်အောင် ထက်ဝယ်ထားရှိမှုနဲ့ ဒါကာမြို့မှာ ဧပြီ ၂၉ ရက်က ဖမ်းဆီးထိုက်တာဖြစ်ပါတယ်။ သူတို့သားအဖနှစ်ယောက်ဟာ အဆောက်အအုံပျက်စီးနိုင်မှုအပေါ် မသမာနည်းလမ်းနဲ့ ထိမ်ချန်ထားကြောင်း ပြစ်မှုထင်ရှား ပါက သေဒဏ်စီရင်ခံရဖွယ် ရှိတယ်လို့ ဆိုပါတယ်။ ဒါကာမြို့မှ မိုင် ၂၀ ကွာဝေးတဲ့ ဆာဗာဆင်ခြေဖုံးမှာရှိတဲ့ ဒီအဆောက်အအုံပျက်ထဲက လူပေါင်း ၂၅၀၀ ခန့် ကယ်တင်နိုင်ခဲ့တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် ရာနဲ့ချီတဲ့ အထည်ချုပ်အလုပ်သမလေးတွေ အုတ်ကျိုးအုတ်ပဲ့တွေကြားမှာ ရှိနေပါသေးတယ်။ သူတို့ရဲ့ကံကြမ္မာကတော့ အသက်ရှင်ဖို့လမ်းမရှိနိုင်တော့ပါဘူး။

ဘင်္ဂလားဒေ့ရှ်နိုင်ငံဟာ တရုတ်ပြီးရင် ကမ္ဘာမှာ အထည်ချုပ် အဝတ်အထည် ဒုတိယအများဆုံး တင်ပို့တဲ့နိုင်ငံပါ။ စုစုပေါင်း ပို့ကုန်ရဲ့ ၈၀ ရာခိုင်နှုန်းရှိပါတယ်။ လူပေါင်း ၃ ဒသမ ၆ သန်းလောက် အထည်ချုပ်ထုပ်ငန်းကို မှီခိုအားထားနေကြရပါတယ်။

အထည်ချုပ်လုပ်ငန်းမှ တစ်ထက်အနည်းဆုံး အမေရိကန်ဒေါ်လာ ၃၈ သန်းထောက် ရရှိနေတယ်လို့ သိရပါတယ်။ ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး လာမယ့် မေ ၂ ရက်မှာ တစ်နိုင်ငံလုံး ဆန္ဒပြဖို့ အတိုက်အခံတွေက ဆော်သြထားပါတယ်။ တိုက်ပြိုကျရာက စတင်ဖြစ်ပွားတဲ့ ဒီပြဿနာဟာ ဘယ်ပုံဘယ်နည်း အဆုံးသတ်မယ်ဆိုတာကတော့ မပြောနိုင်သေးပါဘူး။

နိုင်ငံတကာသတင်း

ပါကစ္စတန်ခေါင်းဆောင်ဟောင်း မူရှာရက်ဖ်အား နေအိမ်အကျယ်ချုပ်ထပ်မံချုပ်ထားမည်

ပါကစ္စတန်ခေါင်းဆောင်ဟောင်း ပါဗက်ဇ်မူရှာရက်ဖ်အား ၂၀၀၇ ခုနှစ်က ဝန်ကြီးချုပ်ဟောင်း ဘနာဇီယာဘွတ်တိုအား လုပ်ကြံသတ်ဖြတ်မှုဖြင့် နေအိမ်အကျယ်ချုပ်ချထားမှုကို ပါကစ္စတန် အကြမ်းဖက်မှုတိုက်ဖျက်ရေး တရားရုံးက အချိန်ကာလတိုးမြှင့် သတ်မှတ်လိုက်ကြောင်း ဧပြီ ၃၀ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။ မူရှာရက်ဖ်အား ထာမည် မေ ၁၁ ရက်တွင် ရွေးကောက်ပွဲနေ့တိုင်အောင် နေအိမ်မှထွက်ခွာခြင်းကို ပိတ်ပင်ထားမည်ဖြစ်ကြောင်း ရဝါပင်ဒီမြို့ တရားရုံးက ဧပြီ ၃၀ ရက်တွင် အမိန့်ချမှတ်လိုက်သည်။ အငြိမ်းစား ဗိုလ်ချုပ်ကြီးဟောင်း မူရာရက်ဖ်သည် လေးနှစ်နီးပါးကြာ လန်ဒန်နှင့် ဒူဘိုင်းတို့တွင်ရောက်ရှိနေရာမှ လွန်ခဲ့သည်ထက ရွေးကောက်ပွဲဝင်ရောက် ယှဉ်ပြိုင်ရန် ပါကစ္စတန်နိုင်ငံသို့ ပြန်လည် ရောက်ရှိလာခြင်းဖြစ်သည်။ သို့ရာတွင် ၎င်းအား ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မှုကို ပိတ်ပင်တားမြစ်ထားသည်။ ရွေးကောက်ပွဲကာလတိုင်အောင် ၎င်းအားအစ္စလာမ္မာဘတ်နေအိမ်တွင် ဆက်လက်၍ အကျယ်ချုပ်ထားမည်ဟုဆိုသည်။ ဘနာဇီယာဘွတ်တိုသည် ၂၀၀၇ ခုနှစ် ဒီဇင်ဘာလက ရဝါပင်ဒီမြို့၌ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးစဉ် သေနတ်နှင့်ဗုံးတို့ဖြင့် တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသည်။

....

ဆီးရီးယားအတိုက်အခံများ ဓာတုလက်နက်သုံးဟုဆို

ဆီးရီးယားနိုင်ငံအတွင်း ပြည်ပကျောထောက်နောက်ခံပြုသော အတိုက်အခံအဖွဲ့များက အိုင်းဒလစ်မြို့အနီး တိုက်ခိုက်မှုဖြစ်စဉ်အတွင်း အရပ်သားများကို တိုက်ခိုက်ရာတွင် ဓာတုလက်နက် အသုံးပြုတိုက်ခိုက်ခဲ့ကြောင်း ဆီးရီးယားဆိုင်ရာ ဆီးရီးယားသံအမတ်ကြီးက ပြောကြားသည်။ စစ်သွေးကြွများသည် ပလတ်စတစ်အိတ်များတွင် ဓာတုဗေဒပစ္စည်းများထည့်ပြီး တိုက်ခိုက်နေကြောင်း ဘာရာအယ်လ်ဂျားဖာရီက ဧပြီ ၃၀ ရက်တွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။ ယင်းအဖွဲ့၏ တိုက်ခိုက်ခြင်းခံရသော ဒေသခံအများအပြားသည် ရောဂါအပြင်းအထန်ခံစားနေကြရပြီး ဆေးကုသရန် တူရကီသို့ ပို့ပေးခဲ့ရကြောင်း ဂျာဖာရီက ထပ်ထောင်းပြောကြားသည်။

မြင့်မောင်စိုး-ရေးသားသည်

စားသင့်မစားသင့် ဖုန်းဖြင့်အဖြေသိ

ကမ္ဘာတွင် ပထမဆုံးအဖြစ် ကျန်းမာရေးနှင့် ပိုညီညွတ်စေသော အစားအစာများကို ဖုန်းဖြင့် အတိအကျ သိရှိစေနိုင်သော နည်းပညာကို ဩစတြေးလျသိပ္ပံပညာရှင်များက တီထွင်ထုတ်လုပ်နိုင်ခဲ့သည်။

စူပါမားကတ်များရှိ အရန်သင့်ထုပ်ပိုးထားသော စားသောက်ကုန်များကို ဈေးဝယ်သူများ ဝယ်ယူစဉ် ကျန်းမာရေးနှင့်ပိုသင့်တော် မတော် ရွေးချယ်နိုင်သည် iPhone Application ကို ဩစတြေးလျပညာရှင်များက တီထွင်ခဲ့ခြင်းဖြစ်သည်။

အရန်သင့်စားသောက်ကုန် ဘူးအထုပ်များရှိ barcode ကို ဖုန်းကင်မရာက ဓာတ်ပုံရိုက်ကူးယူပြီး ယင်းအစားအစာ၏ အာဟာရတန်ဖိုးကို Food Switch application ဖြင့် ဝယ်ယူသူသိရှိအောင် ချက်ချင်းဖုန်းစက္ကရင်တွင် ဖော်ပြပေးနိုင်သည်ဟု တီထွင်သူ ဆစ်ဒန်တက္ကသိုလ်မှ ပညာရှင်အဖွဲ့က ဆိုသည်။

ယင်းတို့အစားအစာတွင် ပါဝင်သော အာဟာရတန်ဖိုးကို သိရှိခြင်းဖြင့် နေ့စဉ် စားသောက်မှုတွင် အဆီဓာတ်၊ အငန်ဓာတ်၊ အချိုဓာတ်တို့ကို သိရှိရွေးချယ်နိုင်ပြီး ကျန်းမာရေးသင့်ထင့်မျှထအောင် လျှော့ချစားသောက်ရာတွင် ယင်း Food Switch iPhone application က ကူညီလမ်းညွှန်သွားနိုင်မည်ဖြစ်သည်။

တီထွင်ခဲ့ရ

ဩစတြေးလျစူပါမားကတ်များရှိ ထုပ်ပိုးစားသောက်ကုန် ၂၀၀၀၀ ကျော် ထက်မနည်း၏ အာဟာရပါဝင်မှုနှုန်းကို အခြေခံယူကာ အာဟာရထန်ဖိုး ထောက်ခံချက်ပေးနိုင်သော ယင်း application ကို ပညာရှင်အဖွဲ့က အချိန်သုံးနှစ် နီးပါးမျှ တီထွင်ခဲ့ရကြောင်း သိရသည်။

တင်ပြခဲ

ဩစတြေးလျတွင် နှလုံးရောဂါ၊ ထေဖြတ်ခြင်းနှင့် အခြားသော ရောဂါဘယများကြောင့် အသေအပျောက်အများဆုံးဖြစ်ပြီး ယင်းရောဂါများဖြစ်ပွားစေရသည်မှာ နံချာသည့် စားသောက်နေထိုင်မှုအရဖြစ်ကြောင်း ဖျားနာမကျန်းမာမှု ဝေဒနာများကို ကျန်းမာရေးအပြောင်းအလဲအဖြစ် ယခု i phone application က လွယ်ကူရိုးရင်းသောပြောင်းလဲမှု တစ်ရပ်ဖြစ်စေကြောင်း Science alert com.au က သတင်းတင်ပြခဲ့သည်။

စားသောက်ကုန်များတွင် အဆီ၊ သကြား၊ ဆားပါဝင်မှုနှုန်းကို ဈေးဝယ်သူများအား မှန်ကန်စွာ အဖြေထုတ်ပေးနိုင်သော အာဟာရတန်ဖိုးကို ရှင်းရှင်းထင်ထင်ဖော်ပြပေးနိုင်သော ယင်း Food Switch application ၏ အရေးပါမှုကို ပညာရှင်တစ်ဦးဖြစ်သူ ဘရုစ်နေးလ်က "ကျန်းမာရေးညီညွတ်တဲ့ စားသောက်မှုကို အလွယ်တကူရွေးချယ်နိုင်ပြီး သင့်တင့်မျှတသော စားသောက်မှုကို ရရှိစေနိုင်တာက အကောင်းဆုံးသော ရလဒ်တစ်ခုပါ။ နောက်ပြီး ရောဂါကြိုတင်ကာကွယ်မှု နည်းလမ်းများစွာမှာ စရိတ်အသက်သာဆုံး နည်းလမ်းတစ်ရပ်လည်းဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

မောင်သံဆင့်-ရေးသားသည်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

မှတ်ဖွယ်မှတ်ရာ ထိုထိုစာ၊ ရှာ၍မပြတ် နေ့စဉ်ဖတ်

ကောင်းညွန့်ဝေ (ရေဝကြို)

ကျွန်ုပ်တို့ လူ့ဘဝပတ်ဝန်းကျင်တွင် စျေးအသက်သာဆုံးနှင့် တန်ဖိုးအခြင့်ဆုံးရရှိနိုင်သောအရာမှာ "စာဖတ်ခြင်းဖြင့် ဗဟုသုတရှာမှီးခြင်း"ပင် ဖြစ်သည်။ ထို့ကြောင့် လိမ္မာချင်သလား စာဖတ်၊ အောင်မြင်ချင်သလား စာဖတ်၊ တိုးတက်ချင်သလား စာဖတ်၊ အကုသိုလ်ကင်းချင်သလား စာဖတ်၊ ကောင်းကျိုးချမ်းသာ ဘယ်အရာမဆို ရလိုပါသလား စာဖတ်တု ပညာရှိများ ဆိုစကားကြားဖူးပါသည်။

စာဖတ်ခြင်းကြောင့် ဗဟုသုတတိုးပွားလာရသည်မှာ ထာဝရမှန်ကန်သော နိယာမဖြစ်သည်။ ပညာဗဟုသုတတိုးပွားလာသည်နှင့်အမျှ ဘဝသည် နိမ့်ရာမှ မြင့်ရာသို့တက်လှမ်းနိုင်ခွင့်အများအပြားကို တွေ့မြင်လာရသည်။ ထို့ကြောင့် လူတိုင်းစာဖတ်ကြရန်လိုအပ်ပါသည်။

စာပေဗဟုသုတရှိသူသည် စာပေဗဟုသုတမရှိသူထက် အမြဲတမ်း ခေါင်းတစ်လုံးမြင့်နေတတ်ပါသည်။ စာဖတ်သူသည် စာမဖတ်သူထက် ဘယ်အရာမှာမဆို အမြဲတမ်းနောက်တစ်ဖျားတော့သာနေပါလိမ့်မည်။ စာအမြဲဖတ်နေသည့်ခေါင်းသည် အမြဲနုပျိုနေတတ်မိနေသည်ဟု ဆိုပါသည်။ တိုးတက်သောလူမျိုးတိုင်း စာဖတ်ကြ၍ စာဖတ်သောလူမျိုးတိုင်း တိုးတက်ကြသည်ဟုလည်း ဆိုကြပါသည်။

စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို တန်းစီရေးချရလျှင် အများကြီးဖြစ်သည်။ အသိသာဆုံးမှာ အမှန်တကယ်စာဖတ်ပြီး စာထဲကရသည့် အသိပညာများကို နှလုံးသွင်းထားသူသည် စာမဖတ်သူနှင့်ယှဉ်လိုက်လျှင် လူကြီးနှင့်ကလေး ကွာခြားသကဲ့သို့ ရင့်ကျက်မှုကွာခြားနေသည်ကို တွေ့ရှိနိုင်သည်။ ထို့ကြောင့် ယဉ်ကျေးလိမ္မာသည် တိုင်းကြီး၊ ပြည်သားများဖြစ်ဖို့ဆိုလျှင် စာကောင်းပေမွန်များကို များများဖတ်သင့်သည်။ စာကောင်းပေမွန်များကို များများဖတ်ခွင့်ရှိသော အခြေအနေတိုလည်း ဖန်တီးပေးရမည်ဖြစ်သည်။

ကျွန်ုပ်တို့၏ ကာယကံ၊ ဝစီကံ၊ မနောကံ၊ ကံသုံးပါး၏ ကြံစည်၊ ပြောဆို၊ ပြုမူမှုမှန်သမျှကို မမှားမယွင်းတည့်မတ်မှန်ကန်စွာ ထိန်းကျောင်းပဲ့ကိုင်နိုင်သော အဓိကအကျဆုံးအရာများတွင် စာအုပ်စာပေများ လေ့လာဖတ်ရှုခြင်းသည် တစ်ခုအပါအဝင်ဖြစ်သည်။

စာအုပ်ကောင်းတစ်အုပ်ကို ပထမအကြိမ် ဖတ်ရှုရသောအခါ မိတ်ဆွေသစ်တစ်ဦးတိုးလာသကဲ့သို့ မှတ်ယူရ၏။ နောက်ထပ်တစ်ကြိမ် ထပ်မံဖတ်ရှုရသည်အခါ မိတ်ဆွေဟောင်းနှင့် ပြန်လည်ဆုံရသကဲ့သို့ဖြစ်သည်ဟု ဆိုကြသည်။ စာအုပ်စာပေသည် ယခုလည်းမိတ်ဆွေ၊ နောင်လည်းမိတ်ဆွေ၊ ဘယ်အချိန် ဘယ်အခါဖြစ်ဖြစ် မိတ်ဆွေစစ်သာဖြစ်သည်။ ထို့ကြောင့် စာအုပ်စာပေများကို တန်ဖိုးထားမြတ်နိုးခြင်း၊ ဖတ်ရှုလေ့လာခြင်းသည် ကျွန်ုပ်တို့အတွက် မိတ်ဆွေစစ်၊ မိတ်ဆွေကောင်းတစ်ဦးကို ပေါင်းသင်းဆက်ဆံရသည်နှင့် အလားတူပါသည်။

ထို့ကြောင့် "စာအုပ်စာပေလူ့မိတ်ဆွေ"ဆိုသည်အတိုင်း ဘယ်အခါမှ မပြောင်းလဲ မဖောက်ပြန်သည် မိတ်ဆွေမျိုးနှင့်ပျော်လိုလျှင် စာအုပ်စာပေထက်ကောင်းမွန်သည် အဖော်မရှိဟု ဆိုချင်ပါသည်။ စာတတ်ပါလျက် စာမဖတ်သူသည် မျက်စိကောင်းပါလျက်နှင့်အမှောင်ထဲတွင် ဘာမျှမမြင်ရသူနှင့်တူသည်ဟု ဆိုကြပါသည်။

မျက်စိကန်းပါက တစ်ဦးတစ်ယောက်သာနစ်နာပါသည်။ ဦးနှောက်အသိကန်းသွားလျှင် မျိုးဆက်တစ်ခုလုံးနစ်နာပါလိမ့်မည်။ ထို့ကြောင့် ဦးနှောက်အသိမကန်းစေရန် စာဖတ်ပါ။ စာထဲကအလိမ္မာကိုရှာပါ။ စာအုပ်စာပေကိုချစ်ပါ။ စာအုပ်စာပေ၏ အနှစ်သာရတိုလည်း မြင်တတ်ယူတတ် တန်ဖိုးထားတတ်ကြပါဟု တိုက်တွန်းလိုပါသည်။

"စာအုပ်စာပေတိုင်းသည် မကောင်းသော စာပေ၊ မလေ့လာအပ်သော စာပေဟူ၍မရှိ၊ စာပေမှရသော ဗဟုသုတတိုသာသုံးအပ်သည်။ မသုံးအပ်သည်၊ ရှောင်သင့်ဆောင်သင့် ချင့်ချိန်ဝေဖန်ခြင်းသာလျှင် အရေးကြီးသည်'"ဟု စာရေးဆရာကြီး ဇေယျက မိန့်ဆိုခဲ့ဖူးသည်။ မှန်ပေသည်။ အဘယ့်ကြောင့်ဆိုသော် စာဖတ်ခြင်းသည် လူတိုင်းအတွက် အကျိုးရှိသောကြောင့်ဖြစ်သည်။ စာဖတ်သူသည် မိမိပတ်ဝန်းကျင်ကို သတိပြုမိလာမည်။ အရာရာကို သတ်နှင့်ဖြုမှုဆက်ဆံမိလာမည်။ မိမိဘဝတိုးတက်မှုအတွက် ပယ်ခွင်းသင့်သည်များ၊ အတုယူစရာများတို ကွဲကွဲပြားပြားသိလာမည်။ ထူးချွန်ထက်မြက်တိုးတက်အောင်မြင်သူများကို အားကျမိလာမည်။ ဤသို့ဆိုလျှင် စာဖတ်ခြင်းသည် မိမိအသိဉာဏ်ပညာတိုးပွားစေရုံသာမက အနာဂတ်တွင် လျှောက်လှမ်းရမည် ဘဝခရီးကိုလည်း ကတိမ်းကပါးမဖြစ်ရအောင် ပြုပြင်တည်မတ်ပေးနိုင်စွမ်းရှိသည်။

စာဖတ်ခြင်းသည် ဘဝတိုးတက်မှုကိုဖြစ်စေနိုင်သကဲ့သို့ ပျက်စီးခြင်း ဘေးအန္တရာယ်မှလည်း ကာကွယ်တားဆီးနိုင်သည်။ စာဖတ်သူသည် ထွန်တုံးမှ ထိပ်ဆုံးသို့ရောက်ခဲ့သည်ဟူသော သာဓကများလည်းရှိသည်။ ထို့ကြောင့် လူတိုင်းငယ်စဉ်ကတည်းက စာအုပ်စာစောင်များတို စုဆောင်းတတ်သူ၊ စာပေကို ချစ်မြတ်နိုးစွာဖတ်ရှု မှတ်သားတတ်သူများဖြစ်အောင် လူကြီးမိဘဆရာသမားများက စွမ်းအားရှိသမျှ တိုက်တွန်းနိုးဆော်ဖန်တီးပေးရန်လိုသည်။ နိုင်ငံတော်ကလည်း စာဖတ်ခြင်းသည် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းသည်တို သိသောကြောင့် ကျေးလက်နှင့်မြို့ပြ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန် ပညာဘဏ်တိုက်စာကြည့်တိုက်များ၊ စာဖတ်ခန်းများအပြင်၊ နယ်လှည့်စာဖတ်ခန်းများ၊ စာပေရေချမ်းစင်များ ဖွင့်လှစ်ပေးလျက်ရှိသည်။ ပုဂ္ဂလိက သတင်းစာဂျာနယ်၊ မဂ္ဂဇင်းများတိုလည်း လွတ်လပ်စွာထုတ်ဝေခွင့်ပြုပေးလျက်ရှိသည်။ ထိုသို့ပြုလုပ်ပေးခြင်းသည် နိုင်ငံသူ/နိုင်ငံသားများ၏ စာဖတ်အား၊ စာဖတ်ဝါသနာကို အရှိန်အဟုန်မြင့်တင်ပေးနေခြင်းဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် "စာမတတ်သူသည်တိုးတက်မှုရပ်နေသည်၊ စာဖတ်သူသည် တိုးတက်မှုတိုးတက်နေသည်"ဟူသော သတင်းစာဆရာ စာရေးဆရာကြီး လူထုဦးလှ၏ ဆိုစကားအတိုင်းမိမိဘဝ၊ မိမိနိုင်ငံ၏ အခြေအနေတိုးတက်မြင့်မားလိုသူတိုင်းသည် စာဖတ်ဝါသနာရှိသင့်သည်။ စာဖတ်သင့်သည်။ စာဖတ်ဝါသနာပါမြင်း၊ စာဖတ်ခြင်းသည်စာဖတ်သူ၏ ကောင်းကျိုးအထွေထွေကို ဖြည့်စွမ်းနိုင်သည်သဘောရှိသောကြောင့် လူတိုင်းသည် စာဖတ်ဝါသနာပါအောင် ပျိုးထောင်သင့်သည်၊ လေ့ကျင့်သင့်သည်ဟု ရှုမြင်ခံစားမိပါသည်။

စာဖတ်ခြင်းသည် ဘဝတိုးတက်မှုကို ဖြစ်စေနိုင်သကဲ့သို့ ပျက်စီးခြင်း ဘေးအန္တရာယ်မှလည်း ကာကွယ်တားဆီးနိုင်သည်။ စာဖတ်သူသည် ထွန်းတုံးမှ ထိပ်ဆုံးသို့ရောက်ခဲ့သည်ဟူသော သာဓကများလည်းရှိသည်။ ထို့ကြောင့် လူတိုင်းငယ်စဉ်ကတည်းက စာအုပ်စာစောင်များကို စုဆောင်းတတ်သူ၊ စာပေကို ချစ်မြတ်နိုးစွာ ဖတ်ရှုမှတ်သားတတ်သူများဖြစ်အောင် လူကြီးမိဘဆရာသမားများက စွမ်းအားရှိသမျှ တိုက်တွန်းနှိုးဆော် ဖန်တီးပေးရန် လိုသည်။

11th ATF Taekwondo Championships 2013
နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ပြိုင်ပွဲကျင်းပမည်

နေပြည်တော် မေ ၁

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြို 11th Asian Taekwondo Federation Taekwondo Championships 2013 ပြိုင်ပွဲကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင် တက်ရောက် အမှာစကားပြောကြားရာတွင် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို 11th ATF Taekwondo Championships 2013 ပြိုင်ပွဲကို အရှေ့တောင်အာရှနိုင်ငံများဖြစ်သည် မြန်မာ၊ ဘရူနိုင်း၊ လာအို၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ပြိုင်ပွဲဝင်ဦးရေ ၄၅၀ ခန့်ဖြင့် ၂၀၁၃ ခုနှစ် မေ ၉ ရက်မှ ၁၁ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ပထမဆုံးအကြိမ် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲသို့လာရောက်ယှဉ်ပြိုင်ကြမည် ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်လူကြီးများ၏ သွားလာနေထိုင် စားသောက်ရေး၊ ဆက်သွယ်ရေး၊ ကျန်းမာရေးမှအစ လုံခြုံရေးအထိ လစ်ဟင်းမှုမရှိစေရန် ဖွဲ့စည်းထားသည့် ကော်မတီအသီးသီးမှ ဝိုင်းဝန်းဆောင်ရွက်ပေးစေလိုကြောင်း၊ ပြိုင်ပွဲတွင် ရွှေတံဆိပ်၄၆ဆု၊ ငွေတံဆိပ်၄၆ ဆုနှင့်ကြေးတံဆိပ် ၉၂ဆု စုစုပေါင်း ၁၈၄ဆု ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲအား (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး၏ ဆောင်ပုဒ်ဖြစ်သည့် Green, Clean & Friendship နှင့်အညီ မှုမှုတတအောင်မြင်စွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားသည်။

တင်ပြဆွေးနွေး

ထို့နောက် မြန်မာနိုင်ငံတိုက်ကွမ်ဒို အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့က ပြိုင်ပွဲကျင်းပရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး အစည်းအဝေး တက်ရောက်လာကြသည် ကော်မတီအသီးသီးမှ ကိုယ်စားလှယ်များက ဆောင်ရွက်ထားရှိမှု အခြေအနေများအား တင်ပြဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့

ရန်ကုန် မေ ၁

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်းရှိ သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲကို ဧပြီ ၂၈ ရက် နံနက် ၈ နာရီက အင်းစိန် စုပေါင်းရုံးဝင်း မြို့နယ်စာရေးဆရာအသင်းရုံးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် သက်ကြီးစာပေပညာရှင် ၂၂ ဦးထဲမှ ၁၇ ဦး တက်ရောက် ကန်တော့ခံကြပြီး အခမ်းအနားမှူးအဖြစ် ပူဇော်ပွဲကျင်းပရေး ကော်မတီအတွင်းရေးမှူး ဦးအောင်မြင့် (မောင်နွယ်မြင့်-စာပေဗိမာန်ဆုရ)က ဆောင်ရွက်ပြီး အင်းစိန်မြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦး ဘုန်းဝေ(ဒါရိုက်တာဘုန်းဝေ)နှင့် ပူဇော်ပွဲ ကျင်းပရေး ကော်မတီအဖွဲ့ခေါင်းဆောင် ဒေါ်မြင့်မြင့်သိန်း (တက္ကသိုလ်မြမဥ္ဇူ)တို့က ဂါရဝစကားပြောကြားပြီး ဦးစိုးနိုင်(လှမိုးနိုင်)က ကန်တော့ချိုးတိုင်ပေး၍ ကန်တော့ကြသည်။

ထို့နောက် ကန်တော့ခံပစ္စည်းနှင့် ငွေစုစုပေါင်းတန်ဖိုး ကျပ် ၁၀၀၀၀ စီဖြင့် ပူဇော်ကန်တော့ကြပြီး သက်ကြီးစာပေပညာရှင်များဖြစ်ကြသည် ဦးသန်းဦး (ပြည်စိုးမင်း)၊ မောင်လင်းယုန် (ရှမ်းပြည်)၊ တက္ကသိုလ်ဇော်မင်း၊ ရှိန်အောင်ဗိုလ်၊ မောင်ကြည်သန့်စသည့် စာရေးဆရာကြီးများက ဩဝါဒစကားများ ပြောကြားကာ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

မြင့်ဦး(အင်းစိန်)

မြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးပြို

နေပြည်တော် မေ ၁

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွမ်းကျောင်းကျေးရွာအုပ်စု ဘုရင့်နောင်တံတား အမှတ်(၂)စီမံကိန်းလုပ်ငန်းခွင်အနီး ဧပြီ ၂၇ ရက် နံနက် ၂ နာရီက မြစ်ရေတိုက်စားမှုကြောင့် အလျား ပေ ၁၂၀၊ အနံပေ ၇၀ ခန့်ရှိ မြစ်ကမ်းပါးမြေပြိုမှုဖြစ်ပွားရာသို့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တံတားတည်ဆောက်ရေး တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ ရောက်ရှိစစ်ဆေးလျက်ရှိပြီး မြစ်ကမ်းပါး တစ်လျှောက်ရှိ အလုပ်သမားတန်းလျားမှ လူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းထားကာ ကမ်းပြိုသည့်နေရာများကို မြေထိန်းနံရံများဖြင့် ပြုပြင်တည်ဆောက် ဆောင်ရွက်သွားရန်ရှိကြောင်း သတင်းရရှိသည်။ **ဇာနည်**

လယ်ယာမြေသိမ်းဆည်းခံရမှုများ ကွင်းဆင်းစစ်ဆေးမည်

ကျောက်မဲ မေ ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး၊ မူဆယ်၊ သိန္နီ၊ သီပေါ၊ ကျောက်မဲ၊ နောင်ချို၊ မိုးမိတ်စသည့်မြို့နယ်များတွင် လယ်ယာမြေများနှင့် အခြားမြေများသိမ်းဆည်းခံရမှုများနှင့် ပတ်သက်ပြီး ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု စုံစမ်းစစ်ဆေးရေး ကော်မရှင်က လာမည် မေ ၈ ရက်မှစတင်ပြီး ကွင်းဆင်းစုံစမ်း စစ်ဆေးတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကော်မရှင်တွင် အဖွဲ့ခေါင်းဆောင်အဖြစ် မိုင်းပျဉ်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန်က ဆောင်ရွက်ပြီး အဖွဲ့ဝင်များအဖြစ် ဦးခင်မောင်သီ လှိုင်လင်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဦးစိုင်းကျော်သန်း ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဦးစိုးရယ် ဒီမောဆိုးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်၊ ဦးစိုင်းဝင်းမောင် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တို့ ဖြစ်ကြသည်။

ဦးစိုင်းထွန်းစိန် ခေါင်းဆောင်သော ကော်မရှင်အဖွဲ့သည် မေ ၈ ရက်မှစတင်ပြီး ကျောက်မဲ၌ လယ်ယာမြေသိမ်းဆည်းခံရမှု အမှုပေါင်း လေးမှု၊ သီပေါမြို့တွင် တစ်မှု၊ လားရှိုးမြို့တွင် ကိုးမှု၊ မူဆယ်မြို့တွင် ၁၈ မှုတို့ကို ကွင်းဆင်းစုံစမ်းစစ်ဆေးကြားနာသွားမည်ဖြစ်ကြောင်း သိရသည်။ အမှုများသော နောင်ချို၊ မိုးမိတ်၊ သိန္နီမြို့များကို နောက်မှထပ်မံ ကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်**

ဆိပ်ဖြူမြို့နယ်တွင် ကုန်စည်ဒိုင် အဆောက်အအုံသစ်ဖွင့်

ဆိပ်ဖြူ မေ ၁

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ကုန်စည်ဒိုင်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ကုန်းကြက်သွန်နီ(အပင်စိုက်) အရည်အသွေးဖြင့် အထွက်တိုးယှဉ်ပြိုင်မှုဆုပေးပွဲ အခမ်းအနားကို ဧပြီ ၂၆ ရက် နံနက် ၉ နာရီခန့်က ယင်းအဆောက်အအုံသစ်၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်မြင့်က အမှာစကားပြောကြားပြီး ကုန်သွယ်မြှင့်တင်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းဦးက ကုန်သွယ်မှုလုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးမောင်မောင်လတ်က စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားကြပြီးနောက် ကုန်းကြက်သွန်နီ(အပင်စိုက်) အရည်အသွေးမြင့် အထွက်တိုးယှဉ်ပြိုင်မှု ဆုရှင်တောင်သူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ကိုမျိုး(ဆိပ်ဖြူ)

သြစတြေးလျ ဥပဒေပြု အထက်လွှတ်တော်ဥက္ကဋ္ဌ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် မေ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော သြစတြေးလျဥပဒေပြုအထက်လွှတ်တော် ဥက္ကဋ္ဌ ဆီနိတ်တာ Hon. John Joseph Hogg ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ ထောက်ကြန့်ရှိ ခနသဟာယ စစ်သင်္ချိုင်းသို့သွားရောက်၍ ကျဆုံးစစ်သည်များအတွက် လွမ်းသူ့ပန်းခွေချ အလေးပြုကာ ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ယင်းနောက် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာကြရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် ဇနီး ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်နှင့်ဇနီး၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါက်တာ မြတ်ဉာဏစိုး၊ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး H.E. Ms. Bronte Nadine Moules နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ရေရှားပါးသောကျေးရွာများသို့ ရေများဝေးဝေလှူဒါန်း

စစ်ကိုင်း မေ ၁

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ဆည်လေးတောကျေးရွာတွင် နွေရာသီတွင် ပပြင်းခြောက်သွေ့သည်နှင့်အမျှ ကျေးရွာအတွက် ရေအခက်အခဲဖြစ်လျက်ရှိရာ စစ်ကိုင်းခရိုင် စီမံခန့်ခွဲမှုဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကော်မတီ(မြို့မိ/မြို့ဖ)များသည် ဧပြီ ၃၀ ရက် နံနက် ၇နာရီက မီးသတ်ကားကြီးများဖြင့် ရေများတင်ဆောင်ကာ ဆည်လေးတောကျေးရွာသို့ သွားရောက်ပြီး ရေများပေးဝေလှူဒါန်းကြသည်။ **(ယာပုံ)**

မြို့နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက "ကျွန်တော်တို့ အဖွဲ့အစည်းအနေနဲ့ ယခုလို နွေရာသီမှာ ရေရှားပါးတဲ့ ကျေးရွာတွေကိုအဓိကထားပြီး ပေးဝေလှူဒါန်းနေတာပါ။ ဒီရွာမှမဟုတ်ပါဘူး၊ ဒီမြို့နယ်အတွင်းမှာရှိတဲ့ ရေရှားပါးနေတဲ့ ဘယ်ကျေးရွာမဆို အခုလို လှူဒါန်းသွားမှာပါ။ ကျွန်တော်တို့အဖွဲ့အနေနဲ့ကတော့ ရေနဲ့ပတ်သက်လာရင် စောင့်ကြည့်ပြီး ဦးစားပေးအနေနဲ့ လုပ်ဆောင်သွားမှာပါ" ဟုပြောကြားသည်။

ဆည်လေးတော ကျေးရွာမှ ဦးသန်းမောင်က "ကျွန်တော်တို့ကျေးရွာမှာ အခုချိန် ရေကအဓိကလိုဖြစ်နေပြီဗျာ၊ လူရောတိရစ္ဆာန်တွေရောပေါ့ ရွှေကိုမလို ရေကိုသာလိုသည် ဆိုသလိုပါပဲဗျာ။ အခုလိုသက်ဆိုင်တဲ့ဌာနတွေ စုပေါင်းပြီး ရေလာရောက်လှူဒါန်းပေးတဲ့အတွက် တစ်ရွာလုံးရဲ့ကိုယ်စား ကျေးဇူးတင်ပါတယ်။ ဝမ်းသာပီတိ ဖြစ်ရပါတယ်။ တခြားကျေးရွာတွေကိုလည်း သွားရောက်ပြီး လှူဒါန်းပေးကြဦးမယ်လို့ သိရတဲ့အတွက် အလွန်ဝမ်းသာပီတိ ဖြစ်မိပါတယ်။အလွန်မှန်မြတ်တဲ့ အလှူဒါနတစ်ခုပါပဲ"ဟု ပြောကြားခဲ့သည်။

ဆည်လေးတော ကျေးရွာတွင် လှူဒါန်းခဲ့သည် ရေဂါလန်ပေါင်းမှာ ၂၈၀၀ ဖြစ်ပြီး ဒုတိယအကြိမ်မြောက် လှူဒါန်းခြင်းဖြစ်ကာ မေ ၂ ရက်တွင်လည်း စကျင်ကျေးရွာသို့သွားရောက် လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

ဇော်မြင့်နိုင်(ခရိုင် ပြန်/ဆက်)

တောင်ကြီးမြို့၌ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်ပေး

နေပြည်တော် မေ ၁

တောင်ကြီးမြို့ပေါ် (၂၂)ရပ်ကွက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရေပေးနိုင်သည့် ရပ်ကွက် ၁၉ ခုရှိသည်။ အိမ်သွယ်ရေတိုင် ၁၈၀၀ ကျော်နှင့်အများသုံးရေကန် ၂၈ ကန်အတွက် တစ်နေ့ရေဂါလန် ၁၂ သိန်းလောက် ဖြန့်ဖြူးပေးနိုင်သည်။ မြို့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းခန့်ကို ရေပေးနိုင်သည်။ ကျန်နေရာများ၌ စက်ရေတွင်းများ၊ ရပ်ကွက်ရေထွက်များမှ ရေရယူသုံးစွဲသည်။ နွေရာသီရောက်လာလျှင် ရေတွင်းများ၊ ရေထွက်များက ရေထွက်နှုန်းနည်းလာသည်။ စိန်ပန်း၊ ရွှေတောင်၊ ကံသာစသည့်ရပ်ကွက်များတွင် သောက်သုံးရေ အခက်အခဲဖြစ်လာသည်။ ထို့ကြောင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရေကားများနှင့် အခမဲ့ဖြန့်ဝေပေးလျက်ရှိသည်။ **(သတင်းစဉ်)**

ဧပြီ ၂၇ ရက်က တောင်ကြီးမြို့ စိန်ပန်းရပ်ကွက်အတွင်း ရေဂါလန် ၁၂၀၀ ဆံ့ ရေကားနှစ်စီးဖြင့် ဖြန့်ဝေဝေးနေသည်ကို တွေ့ရစဉ်။

ခြေလေးချောင်းပါရှိသည့် သုံးလသားအရွယ်ကလေးငယ်

လှိုင်လင် မေ ၁

လှိုင်လင်ခရိုင် အထွေထွေရောဂါကုဆေးရုံကြီးသို့ ခြေလေးချောင်းပါရှိသည့် သုံးလသားအရွယ် ကလေးငယ် တစ်ဦးအား ၎င်း၏မိဘများက လိုအပ်သည့်ခွဲစိတ်ကုသမှုခံယူရန် ဧပြီ ၃၀ ရက် နံနက်ပိုင်းက ရောက်ရှိလာသည်။

ခြေလေးချောင်းပါရှိ

အဆိုပါ ကလေးငယ်၏ မိဘများမှာ ခွန်စံဒွေးနှင့် နန်းနွှေဝင့်နွှေဝင့် ဖြစ်ကြောင်း၊ ပင်လုံမြို့နယ်ခွဲ ပန်မုန့် ကျေးရွာအုပ်စု လွယ်မွတ်ကျေးရွာတွင် နေထိုင်ကြောင်း၊ တောင်ယာအလုပ်လုပ်ကြောင်း၊ ကလေးငယ်မှာ သုံးလသားအရွယ်ရှိကြောင်း သိရသည်။

ကလေးငယ်သည် ဦးခေါင်းတစ်လုံး၊ လက်နှစ်ဖက်ပါရှိပြီး မအင်္ဂါနှစ်ခု၊ စအိုနှစ်ပေါက်နှင့် ခြေလေးချောင်းပါရှိသည်။ **(ယာပုံ)** မိမိတို့၏ ရင်သွေးငယ်အား သာမန်မိန်းကလေးတစ်ဦးကဲ့သို့နေထိုင်နိုင်ရန် ဆေးရုံသို့လာရောက်ခဲ့ခြင်းဖြစ်ကြောင်းလည်း ပြောကြားသည်။

(လှိုင်လင်သား)

ပြည်တွင်းသတင်း

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

ရွှေဈေးနှုန်း

ရန်ကုန် မေ ၁

အကယ်ဒမီအခေါက်ရွှေ	တစ်ကျပ်သား	၇၁၈၀၀၀
၁၅ ပဲရည်အောင်သမာဓိ	တစ်ကျပ်သား	၆၆၇၂၀၀
(မှတ်ချက်-ပြင်ပဈေးကွက်)		

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး

(က)	အမေရိကန်ဒေါ်လာ	(တစ်ဒေါ်လာ)	၈၈၃ကျပ်
(ခ)	ယူရို	(တစ်ယူရို)	၁၁၅၆ကျပ်
(ဂ)	စင်ကာပူ	(တစ်ဒေါ်လာ)	၇၁၃ကျပ်
(ဃ)	တရုတ်	(တစ်ယွမ်)	၁၃၆ကျပ်
(င)	ထိုင်း	(တစ်ဘတ်)	၂၈. ၄ကျပ်

စက်သုံးဆီဈေးနှုန်းများ

(က)	ဓာတ်ဆီ	(၁လီတာ)	၈၁၅ကျပ်
(ခ)	ဒီဇယ်ဆီ	(၁လီတာ)	၉၀၀ကျပ်
(ဂ)	အောက်တိန်း ၉၂	(၁လီတာ)	၈၇၀ကျပ်
(ဃ)	အောက်တိန်း ၉၅	(၁လီတာ)	၁၀၇၈ကျပ်

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း

စဉ်	အမျိုးအမည်	ဈေးနှုန်း
၁။	ငါးကြင်း	၂၇၀၀-၃၃၀၀
၂။	ငါးခူ	၂၂၀၀-၅၃၀၀
၃။	ငါးမြစ်ချင်း	၁၈၀၀-၂၆၀၀
၄။	ငါးကျည်း	၂၅၀၀-၅၂၀၀
၅။	ငါးရံ့	၂၈၀၀-၅၅၀၀
၆။	ပုစွန်တုပ်	၁၀၀၀၀-၃၂၀၀၀
၇။	ပုစွန်(ရေချို)	၃၀၀၀-၈၀၀၀
၈။	ကြက်	၄၈၅၀-၉၀၀၀
၉။	ဝက်	၅၀၀၀-၈၀၀၀
၁၀။	အမဲ	၄၀၀၀-၆၀၀၀
၁၁။	ဆိတ်	၉၀၀၀-၁၄၀၀၀
၁၂။	ငါးဖယ်	၇၀၀၀-၉၀၀၀

သိမ်ဖြူငွေလွှဲကောင်တာမှာ မေ ၁ ရက်တွင် ဈေးပိတ်ခြင်းကြောင့် မြင်ပဈေးအတွင်းမှ ဈေးနှုန်းများ ကောက်ယူထားခြင်းဖြစ်သည်။

ကံထူးရှင်ထွက်ပေါ်

ပြည်တွင်းအခွန်များဦးစီးဌာန
အောင်ဘာလေသိန်းဆုဌာနခွဲ

(၂၉၂)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်-

ကျပ်သိန်း (၁၅၀၀)
င-၈၁၂၃၇၀

ကျပ်သိန်း (၁၀၀၀)
ဏ-၉၄၃၇၄၁

ကျပ်သိန်း(၅၀၀)
ဒ-၆၂၉၅၀၂

ကျပ်သိန်း(၃၀၀)ဆုများ
စ-၈၄၃၁၇၉
ဇ-၁၄၂၉၄၉

ကျပ်သိန်း(၂၀၀)ဆုများ
သ-၄၆၀၁၃၃ ဒ-၃၂၈၄၅၄၊
ဈ-၆၁၂၂၀၅၊ ဆ-၃၇၉၂၁၈

ကျပ်သိန်း(၁၀၀)(မင်္ဂလာစုံတွဲဆု)
ရ-၄၀၀၂၃၃ ဂ-၂၂၆၉၂၇
ဈ-၂၀၀၅၆၉ လ- ၈၁၂၁၉၄
ဝ-၄၄၈၄၅၄ ဘ-၃၇၁၃၄၁
မ္ဘ-၅၄၁၇၄၉
ထ-၉၇၂၃၈၁
ဂ-၉၄၀၄၂၆
ပ-၆၈၁၃၁၅
ဗ-၆၃၄၉၆၄
ဍ-၇၄၇၉၀၄၊
ရ-၄၀၀၇၃၈

ပြည်တွင်းသတင်း

✱ ကျော်ဖုံးမှ

ဖြေ။ နိုင်ငံတော်သမ္မတရဲ့နိုင်ငံ့စွမ်းဆောင်ရည် ဆုချီးမြှင့်ခြင်းခံရတဲ့ ပုဂ္ဂိုလ်(၁၂)ဦးအတွက် အခြားအခွင့်အရေးတွေအနေနဲ့ သံတမန် နိုင်ငံကူးလက်မှတ်(Diplomatic Passport)နဲ့ ပို့ကုန်သွင်းကုန် အခွင့်

နိုင်ငံ့ စွမ်းဆောင်ရည်ဆုချီးမြှင့်ခံရသည့် ဆုများနှင့် ပတ်သက်၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ လင်းအောင် ရှင်းလင်းပြောကြားစဉ်။

အရေး (Green Channel) တို့ကို ချီးမြှင့်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတရဲ့ ဂုဏ်ထူးဆောင်လက်မှတ်ရရှိတဲ့ အားကစားအဖွဲ့ချုပ်(၂)ခုနဲ့ လူပုဂ္ဂိုလ်(၂၂)ဦးကိုလည်း Green Channel ချီးမြှင့်ပေးသွားမှာ ဖြစ်ပါတယ်။

မေး။ အခုလို ထပ်ဆင့်ချီးမြှင့်ရတဲ့ ရည်ရွယ်ချက်ကိုလည်း သိပါရစေခင်ဗျာ။

ဖြေ။ နိုင်ငံတော်သမ္မတရဲ့ စွမ်းဆောင်ရည် ဆုချီးမြှင့်တဲ့နေရာမှာ ဆုတံဆိပ်တွေအပြင် ဒီလိုမျိုး ထပ်ဆင့်ချီးမြှင့်ရတာကတော့ ဆုရရှိသူအနေနဲ့ ဆုရပြီးတဲ့နောက်ပိုင်းမှာ သာမန်လူတွေထက် ဒီအခွင့်အရေးတွေကို ရရှိခံစားနိုင်အောင် ဆိုတဲ့ရည်ရွယ်ချက်နဲ့ပေးအပ်တာ ဖြစ်ပါတယ်။ ဆုတံဆိပ်ဆိုတာကတော့ နိုင်ငံတော်သမ္မတကြီးက ချီးမြှင့်တဲ့ ဆုတံဆိပ်ကို ကိုယ့်အိမ်မှာ ဂုဏ်ယူစွာနဲ့အမှတ်တရအဖြစ်ထားရှိနိုင်ဖို့ပါ။ ဆုရရှိတဲ့သူတွေကို ထပ်ဆင့်ချီးမြှင့်တဲ့ ဒီအခွင့်အရေးတွေကို ခံစားနိုင်ခွင့် သက်တမ်းသတ်မှတ်မထားပါဘူး၊ သူဆုရရှိခဲ့တဲ့ ဂုဏ်နဲ့ အစဉ်အလာကို ဆက်လက်ထိန်းသိမ်းထားနိုင်သရွေ့ ခံစားခွင့်ပြုသွား မှာဖြစ်ပါတယ်။ စည်းကမ်းချိုးဖောက်ရင်တော့ ဒီဆုရဲ့အကျိုးကို ဆက်လက်ခံစားခွင့် မရရှိတော့ဘဲ Red Channel ဖြစ်သွားပါမယ်။

မေး။ သံတမန်နိုင်ငံကူး လက်မှတ် (Diplomatic Passport) အကြောင်းကို ရှင်းပြပေးပါခင်ဗျာ။

ဖြေ။ သံတမန်နိုင်ငံကူး လက်မှတ်ကို နိုင်ငံတော်သမ္မတကခွင့်ပြုချက်နဲ့မှ ကိုင်ဆောင်ခွင့် ရတာပါ။ နိုင်ငံတော်သမ္မတကြီးက ဆုရရှိတဲ့သူတွေကို အထူးကိစ္စတစ်ရပ်အနေနဲ့ ဒီလက်မှတ်ကို ချီးမြှင့်ပေးတာဖြစ်ပါတယ်။ ဒီနိုင်ငံကူးလက်မှတ်ဟာ နိုင်ငံခြားကို သွားရောက်တဲ့အခါ သာမန်နိုင်ငံကူး လက်မှတ်ထက်သွားလာရထွေးကူ အဆင်ပြေနိုင်ပါတယ်။ ဆုရရှိသူတွေအနေနဲ့ နိုင်ငံတကာကို သွားလာထဲ့အခါမှာ သွားလာရေး၊ ဆက်ဆံရေးအဆင်ပြေချောမွေ့အောင် ချီးမြှင့်ပေးခြင်းဖြစ်ပါတယ်။

မေး။ ပို့ကုန်သွင်းကုန်အခွင့်အရေး (Green Channel)အကြောင်းကိုလဲ သိပါရစေ။

ဖြေ။ ဆိပ်ကမ်းတွေ၊ လေဆိပ်တွေက တစ်ဆင့် ဝင်ရောက်/ထွက်ခွာမယ့် ပို့ကုန် သွင်းကုန်တွေကို အကောက်ခွန်ရှင်းလင်းရေးလုပ်တဲ့အခါမှာ အဆင့်သုံး ဆင့်သတ်မှတ်ထားပါတယ်။ အဲဒါကတော့ Green Channel၊ Yellow Channel နဲ့ Red Channel ပါ။ Green Channel က လုံးဝယုံကြည်စိတ်ချရတဲ့ အဆင့်အတန်းဖြစ်တဲ့အတွက် သူ့ကို အကောက်ခွန် ရှင်းလင်းရေးလုပ်ရာမှာ စစ်ဆေးခြင်းမပြုပါဘူး၊ Yellow Channel ကတော့ ဒုတိယအဆင့်ပါ၊ ယုံကြည်စိတ်ချရမှုအသင့်အတင့်ပဲရှိတဲ့အတွက် အချို့ပစ္စည်းတွေကိုစစ်ဆေးပါတယ်။ Red Channel ကတော့ ယုံကြည်စိတ်ချရမှု အဆင့်အတန်းမရှိတဲ့အတွက် သူ့ရဲ့ သွင်းကုန်/ထုတ်ကုန်အားလုံးကိုစစ်ဆေးပါတယ်။ Green Channel က နိုင်ငံတော်ကနေ သတ်မှတ်ပေးထားတဲ့အခွင့်အရေးပါ။ ဒီကုမ္ပဏီဟာ/ဒီပုဂ္ဂိုလ်ဟာ နိုင်ငံတော်က ယုံကြည်စိတ်ချရတယ်၊ နိုင်ငံတော်သမ္မတကိုယ်တိုင် အသိအမှတ်ပြုထားတယ်ဆိုတဲ့ သဘောပါ။

မေး။ အခုလိုအခွင့်အရေးတွေပေးတဲ့အပေါ်မှာ ဒုတိယဝန်ကြီးရဲ့အမြင်ကို သုံးသပ်ပြောကြားပေးပါခင်ဗျာ။

ဖြေ။ ဆုချီးမြှင့်ရတဲ့ ရည်ရွယ်ချက်ကိုက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ပြည်သူတို့ရဲ့လူမှုစီးပွားဘက်စုံဖွံ့ဖြိုးဖို့အတွက် စွမ်းဆောင်ရည်ရှိတဲ့ ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေ ပေါ်ထွန်းလာစေဖို့ပါ။ ဒီလိုဆုချီးမြှင့်တဲ့ အတွက်လည်း အခုလိုမျိုး စွမ်းဆောင်ရည်ရှိတဲ့ ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေ ပေါ်ထွက်လာတယ်။ ဒါပထမအကြိမ်အနေနဲ့ပေါ်ထွက်လာတာဖြစ်ပါတယ်။ ဒီဆုတွေဟာ နောင်လည်းဆက်လက်ပြီးတော့ ချီးမြှင့်သွားဦးမှာဖြစ်ပါတယ်။ ဒီလိုမျိုး စွမ်းဆောင်ရည်ရှိတဲ့ လူပုဂ္ဂိုလ်တွေ၊ လုပ်ငန်းအဖွဲ့အစည်းတွေများများ ပေါ်ထွန်းလာဖို့ရည်ရွယ်ပြီးတော့ အခုလိုအခွင့်အရေးတွေ ထပ်ပြီးတော့ချီးမြှင့်ပေးတယ်လို့ ကျွန်တော်အနေနဲ့ ယူဆပါတယ်။ ဆုရရှိတဲ့ လူပုဂ္ဂိုလ်တွေနဲ့ လုပ်ငန်းအဖွဲ့အစည်းတွေကို ဒီလိုအခွင့်အရေးတွေပေးသင့်ပါတယ်။

ဆုရရှိတဲ့သူတွေကို ရွေးချယ်တဲ့နေရာမှာ စနစ်တကျနဲ့၊ စည်းမျဉ်းစည်းကမ်းနဲ့ အထပ်ထပ် စိစစ်ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ သူတို့ဟာ အများစုမလုပ်နိုင်တာတွေကို

နိုင်ငံ့စွမ်းဆောင်ရည် ဆုတံဆိပ်

နိုင်ငံ့စွမ်းဆောင်ရည် ဆု

ထူးထူးခြားခြား လုပ်ကိုင်ဆောင်ရွက်နိုင်ကြသူတွေဖြစ်ပါတယ်။ အခွန်နဲ့ပတ်သက်ပြီးပြောရရင် အခွန်တိမ်းရှောင်နေကြသူတွေ အများအပြားရှိတဲ့အနက် ဝင်ငွေခွန်ကို မှန်မှန်ကန်ကန်သွင်းတာဟာ သူများနဲ့မတူတဲ့ ထူးခြားတဲ့စွမ်းဆောင်မှုပါ။ အဲဒီလိုပဲ တောင်သူလယ်သမားဆု၊ မွေးမြူရေးလုပ်ငန်းရှင်ဆု ရရှိသူတွေဟာလည်း သူတို့ရဲ့ကဏ္ဍအလိုက် ထူးခြား အောင်မြင်အောင်လုပ်ဆောင်နိုင်တဲ့သူတွေ ဖြစ်ပါတယ်။

ဒီလို စွမ်းဆောင်ရည်ရှိတဲ့လူတွေ၊ အဖွဲ့အစည်းတွေများများပေါ်ထွက်လာမှ ကျွန်တော်တို့ ဆောင်ရွက်နေတဲ့ နိုင်ငံတော်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့၊ ပြည်သူတွေရဲ့ဘဝဘက်စုံဖွံ့ဖြိုးဖို့ဆိုတဲ့ ကိစ္စရပ်တွေကို ဒီလိုထူးချွန်တဲ့ပုဂ္ဂိုလ်များများနဲ့ မြန်မြန် ဆောင်ရွက်နိုင်မှ နိုင်ငံတိုးတက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုပုဂ္ဂိုလ်တွေ များများလိုအပ်တယ်။ ဒါကြောင့် သာမန်လူထက်ပိုပြီးသာတဲ့ ထူးခြားတဲ့ အထူးအခွင့်အရေးတွေ ပေးအပ်သင့်တယ်လို့ ယူဆပါတယ်။

စာရှုသူများခင်ဗျာ။

အခုလို အခွင့်အရေးတွေ ထပ်မံရရှိကြတာဟာ ဝီရိယအကျိုးဆက် ထပ်ဆင့်ဆုလာဘ်လို့ပြောရမှာဖြစ်ပါတယ်။ နိုင်ငံ့စွမ်းဆောင်ရည်ဆုနဲ့ နိုင်ငံ့စွမ်းဆောင်ရည်ဂုဏ်ပြုလက်မှတ် ချီးမြှင့်ခံရတဲ့သူတွေအနေနဲ့ကတော့ သက်ဆိုင်ရာနယ်ပယ်အလိုက် ဖွံ့ဖြိုးတိုးတက်မှုမှာ စံနမူနာပြ ဦးဆောင်ကြဖို့၊ လုပ်ဖော်ကိုင်ဖက်တွေ တိုးပွားလာအောင်၊ စုပေါင်းလုပ်ဆောင်တတ်တဲ့ အလေ့အကျင့်တွေ ပွားများလာအောင် ရှေ့ဆက်ပြီးကြိုးပမ်း လျှောက်လှမ်းဆောင်ရွက်ကြရဦးမှာဖြစ်ပါတယ်။ ဒါမှလည်း ပြည်သူတွေ ကိုယ်တိုင်ပါဝင်ခွင့်ရပြီး အများမျှော်လင့်နေတဲ့ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးဆီကို ဘက်စုံယာဉ်နဲ့ စက်ကုန်နှင်နိုင်မှာပဲဖြစ်ပါတော့တယ်ခင်ဗျား။

လွှတ်တော်အဆောက်အအုံများသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်များ လာရောက်ကြည့်ရှုလေ့လာ

နေပြည်တော် မေ ၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ လူငယ်တွေ့ဆုံပွဲနှင့် လူငယ်စွမ်းရည်မြှင့်တင်ရေး အစည်းအဝေး တက်ရောက်လာကြသော တိုင်းဒေသကြီးနှင့်ပြည်နယ်ပါတီအဆင့်ဆင့်မှ ကိုယ်စားလှယ် ၃၀၀ ကျော်သည် ပါတီဌာနချုပ်ရုံးမှ ဌာနမှူး ဦးတင်ဌေး ခေါင်းဆောင်၍ ယနေ့ ညနေ ၅ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံများသို့ လာရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိကြသည်။ **(ယာပုံ)**

(သတင်းစဉ်)

ရေဦးမြို့နယ်တွင် အပူချိန်တိုးမြင့်လာမှုကြောင့် သက်ကြီးရွယ်အိုများ ကျန်းမာရေးထိခိုက်နိုင်

ရေဦး မေ ၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် မြို့နယ်ရစ်မြို့နယ်ရှိသည့်အနက် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညနေ ၃ နာရီခွဲအထိ တိုင်းထွာချက်အရ နေ့အပူချိန်များ သိသိသာသာ တိုးမြင့်လာလျက်ရှိကြောင်း သိရှိရသည်။

ရွှေဘိုမြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ ကန့်ဘလူမြို့တွင် ၄၀ဒီဂရီစင်တီဂရိတ်နှင့် ရေဦးမြို့တွင် ၄၁ ဒသမ ၇ ဒီဂရီစင်တီဂရိတ်အထိရှိရာ ရေဦးမြို့နယ်အနေဖြင့် ဧပြီ ၂၉ ရက်နေ့ကထက် ၂ ဒသမ ၂ ဒီဂရီစင်တီဂရိတ်နှင့် အပူချိန်မြင့်မားလာခဲ့သည်။ ဒေသတွင်း အပူချိန်က တစ်နေ့ထက်တစ်နေ့ ပိုတိုးလာတယ်။

ပြောပြခဲ့

မိုးရွာသွန်းမှုမရှိလို့ အပူချိန်ကပိုလာတယ်။ သည့်အတွက်ကြောင့် ခရမ်းလွန်ရောင်ခြည်(UV)အညွှန်းကိန်းကလည်း အမြင့်ဆုံးအချိန်ရောက်လာခဲ့တယ်။ ယင်းနှင့်စပ်လျဉ်း၍ သက်ကြီးရွယ်အိုများအနေဖြင့် အပူလွန်ကဲကာ ရုတ်တရက်အသက်ဆုံးရှုံးရခြင်းများ ဖြစ်စေနိုင်သည့်အပြင် လူငယ်လူရွယ်များအနေဖြင့် နေပူထဲသို့ သွားလာလျှင် နေပူဒဏ်ကာကွယ်စေမည့် ထီး၊ ဦးထုပ်၊ ခမောက်တို့ဖြင့် အသုံးပြုသွားလာသင့်သည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် မြန်/ဆက်)

ဘတ်စကက်ဘော နည်းပြ၊ နည်းစနစ် သင်တန်းဖွင့်

ရန်ကုန် မေ ၁

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏ လမ်းညွှန်မှုဖြင့် FIBA-ASIA နှင့် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် FIBA-ASIA Development Plan Coaching Clinic သင်တန်းကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ပွဲဝင်းမိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။ ရေးဦးစွာ မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးသောင်းထိုက်က FIBA-ASIA Development Plan Coaching Clinic သင်တန်းကို FIBA-ASIA မှ ဦးစီးကာ လာရောက်ပို့ချတာဖြစ်ပြီး ၁၉၉၅-၁၉၉၆ ခုနှစ်တုန်းက FIBA-ASIA ပံ့ပိုးမှုဖြင့်ဘတ်စကက်ဘော နည်းပြသင်တန်းများ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ယခုဖွင့်လှစ်မည့် သင်တန်းသည် ဒုတိယအကြိမ် Level-1 ဖြစ်တဲ့အတွက် အဆင့်မြင့်ဘတ်စကက်ဘောနည်းစနစ်များ အားကစားသမားများရရှိမည့် ခန္ဓာကိုယ်လေ့ကျင့်ခန်းများ ကလေးငယ်များကို သင်ကြားနည်းများ ပို့ချပေးမှာဖြစ်တဲ့အတွက် အဖိုးမဖြတ်နိုင်တဲ့ သင်တန်းဖြစ်ပြီး နည်းပြများကလည်း စာတွေ့လက်တွေ့သေချာလိုက်လံမှတ်သားသင်ယူပြီး မိမိသက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဘတ်စကက်ဘောအားကစားနည်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ပေးစေလိုကြောင်း ပြောကြားသည်။ **(အောက်ဝဲပုံ)**

ဆက်လက်၍ FIBA-ASIA နည်းပြ Mr.FADISABBAH FIBA-ASIA Development Plan Coaching Clinic သင်တန်းနှင့်ပတ်သက်၍ စာတွေ့လက်တွေ့ ပို့ချရခြင်းအကြောင်းအား အသေးစိတ်ရှင်းလင်းပြောကြားပြီး ဂျော်ဒန်ဘတ်စကက်ဘော အဖွဲ့ချုပ်၏ အမှတ်တရလက်ဆောင်ပစ္စည်းကို ဒုတိယ ဝန်ကြီးထံသို့ ပေးအပ်သည်။

အဆိုပါသင်တန်းကို အခြေခံပညာဦးစီးဌာနနှင့် အဆင့်မြင့်ပညာဦးစီးဌာနမှ ဆရာ ဆရာမများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ နည်းပြ၊ နည်းစနစ်မှူးများ၊ မြန်မာနိုင်ငံဘတ်စကက်ဘော အဖွဲ့ချုပ် သင်တန်းသား သင်တန်းသူများ စုစုပေါင်း ၆၁ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကို မေ ၁ ရက်မှ ၇ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းပိုမိုတိုးတက်ရန် အသင်းသားများအနေဖြင့် နားလည်မှု၊ စည်းလုံးမှု၊ စာနာမှုတို့ဖြင့် ညီညီညွတ်ညွတ်ဆောင်ရွက်

နေပြည်တော် မေ ၁

မြန်မာနိုင်ငံခရီးသွား လုပ်ငန်းရှင်များအသင်း၏ (၈)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲကို ဧပြီ ၂၈ ရက်က ရန်ကုန်မြို့ အင်းလျားကန်ဟိုတယ်မင်္ဂလာခန်းမ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ယခုအစည်းအဝေးတွင် မြန်မာနိုင်ငံခရီးသွား လုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ကို ပြန်လည်ရွေးချယ်ရာ၌ အသင်းသားများ၏ သဘောဆန္ဒနှင့်အညီ မျှတမှုရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသို့ ၂၀၁၂ ခုနှစ်အတွင်း ရန်ကုန်၊ မန္တလေးဝင်ပေါက်မှ နိုင်ငံခြားခရီးသွားဧည့်သည် ခြောက်သိန်းခန့်၊ နယ်စပ်ဝင်ပေါက်များမှ လေးသိန်းခြောက်သောင်းခန့်ဖြင့် စုစုပေါင်း နိုင်ငံခြားခရီးသွားဧည့်သည် တစ်သန်းခြောက်သောင်းခန့် ဝင်ရောက်ခဲ့ကြောင်း၊ ရန်ကုန်မြို့၌ ဟိုတယ် အခန်းအရေအတွက် ၉၀၀၀ ခန့်နှင့် လိုင်စင်ရဧည့်လမ်းညွှန် ၇၉၀၀ ခန့်ရှိကြောင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းမှာ ယခုတက် ပိုမိုတိုးတက်လာမည်ဖြစ်သဖြင့် အသင်းသားများအနေဖြင့် နားလည်မှု၊ စည်းလုံးမှု၊ စာနာမှုတို့ဖြင့် ညီညီညွတ်ညွတ် လုပ်ကိုင်သွားကြရန်လိုအပ်ကြောင်းဖြင့် အဖွင့်အမှာစကားပြောကြားရာတွင် တည်သွင်းပြောကြားသွားသည်။

ဆက်လက်၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ရွေးချယ်တင်မြှောက်ပွဲကို ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကြီးကြပ်၍ ဆက်လက်ဆောင်ရွက်ရာ တက်ရောက်လာသည့် အသင်းသားများက စနစ်တကျ မဲပေးရွေးချယ်ကြပြီး ဆန္ဒမြလွှာတင်သွင်းတားသူ ၃၄ ဦးအနက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌအဖြစ် ဒေါက်တာ အောင်မြတ်ကျော်နှင့် အလုပ်အမှုဆောင် ၁၅ ဦးတို့အား ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ယင်းနောက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေက မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်အတွက် အသင်းသားများမှ စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧပြီ ၃၀ ရက်က ဥက္ကံမြို့၌ လူအုပ်စုများက ဘာသာရေးအဆောက်အအုံအား ခဲများဖြင့်ပစ်ပေါက်ပြီး ဈေးဆိုင်များကို ပင်ရောက်ဖျက်ဆီးခဲ့သဖြင့် ရွှေညပါဆရာတော် အရှင်ပညာသီဟနှင့်အဖွဲ့က တည်ငြိမ်အေးချမ်းရေးအတွက် ထိန်းသိမ်းဆောင်ရွက်စဉ်။ (သတင်းစဉ်)

❖ ***ကျောဖုံးမှ***

တီလားပီးယားငါးမွေးမြူရေးလုပ်ငန်းအမြင် ငါးသားပေါက်များ တိုးမြှင့်ထုတ်လုပ်နိုင်ရန် အမေရိကန်မွေးမြူရေးပညာရှင်များက အသိပညာပေးမည်ဖြစ်သည်။ လက်တွေ့ကွင်းဆင်းဆောင်ရွက်ခြင်း၊ သင်တန်းများပေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတကာအရည်အသွေးပြည်မီသော မွေးမြူရေးထုတ်ကုန်များရရှိစေရန်လည်း ကူညီဆောင်ရွက်ပေးမည်ဖြစ်သည်။ မြန်မာနိုင်ငံမှ ရေထွက်ထုတ်ကုန်များပြစ်သည့် ငါး၊ ပုစွန်များကို အရည်အသွေးစံချိန်စံညွှန်းပြည့်မီစွာပြင့် အမေရိကန်နှင့် အခြားမြည်ပနိုင်ငံများသို့ တင်ပို့ပေးနေသော်ထည်း အများစုမှာ နည်းပညာလိုအပ်ချက်များ ရှိနေဆဲဖြစ်သည်။

အမေရိကန်နိုင်ငံသည် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီအထိ မြန်မာနိုင်ငံရှိ စီမံကိန်း ၁၅ ခုတွင် အမေရိကန်ဒေါ်လာ ၂၄၃ ဒသမ ၅၆ သန်း ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိသည်။ မြန်မာနှင့်အမေရိကန် နှစ်နိုင်ငံကုန်သွယ်မှုမှာ ၂၀၁၂ ခုနှစ်က အမေရိကန်ဒေါ်လာ ၁၉၀ ဒသမ ၉၆ သန်းရှိခဲ့ပြီး မြန်မာနိုင်ငံမှ အမေရိကန်နိုင်ငံသို့ တင်ပို့ကုန်များမှ ငွေကြေး အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၄၇ သန်းရှိခဲ့သည်။ အမေရိကန်မှ မြန်မာနိုင်ငံသို့ တင်သွင်းကုန် တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၄ ဒသမ ၄၉ သန်းအထိ ရှိခဲ့သည်။ **(ဆင်ဟွာ)**

➤ အာကာဟိန်း-ရေးသားသည် ➤

● ***ရှေ့ဖုံးမှ***

ဘာသာရေးအဆောက်အအုံတစ်လုံး၊ စာသင်ကျောင်းနှစ်ကျောင်း၊ ရန်ကုန်-ပြည်လမ်း မီးနင်းချောင်းရှိ နွားတဲတစ်လုံးနှင့် ခါတ်ဆီဆိုင်တစ်ဆိုင်တို့အား လူအုပ်စုများက မီးရှို့ဖျက်ဆီးခဲ့ကြကြောင်း သိရှိရသည်။

ဧပြီ ၃၀ ရက် မီးရှို့ဖျက်ဆီးမှုဖြစ်စဉ်ကြောင့် ဥက္ကံမြို့ပေါ်ရပ်ကွက်ရှိ နေအိမ် ၅၃ လုံး၊ ရတနာကုန်းရွာ၊ ပနီပင်ရွာ၊ ခြောက်သဲရွာ၊ သဲကုန်းရွာတို့မှ နေအိမ် ၇၇ လုံး စုစုပေါင်း နေအိမ်အလုံး ၁၃၀ ပျက်စီးခဲ့ကြောင်း၊ ဥက္ကံမြို့ပေါ်ရှိ ဆိုင်ခန်း ၁၅ ခန်း၊ ရန်ကုန်-ပြည်လမ်းရှိ ဆိုင်ခန်းကိုးခန်း စုစုပေါင်းဆိုင်ခန်း ၂၄ ခန်း ပျက်စီးခဲ့ကြောင်း၊ မီးရှို့ဖျက်ဆီးမှုများတွင် ပါဝင်သည်ဟု သံသယရှိသူ ၁၈ ဦးအား ခေါ်ယူစစ်ဆေးလျက်ရှိကြောင်း၊ ယမန်နေ့က ဖြစ်ပွားခဲ့သော ပဋိပက္ခဖြစ်စဉ်တွင် ဒဏ်ရာရရှိခဲ့သူ ၁၀ ဦး အနက် ဇော်နိုင်(ခ) ဇော်ဇော်တွန်း (၂၉ နှစ်)မှာ ယနေ့နံနက် ၁ နာရီတွင် သေဆုံးသွားခဲ့ကြောင်း ယနေ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥက္ကံမြို့၌ တည်ငြိမ်အေးချမ်းနေပြီဖြစ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ လုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိ

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့၌ ဧပြီ ၃၀ရက်က လူအုပ်စုက ဘာသာရေးအဆောက်အအုံများအား ခဲဖြင့်ပစ်ပေါက်ပြီး ဈေးဆိုင်များကို ပင်ရောက်ဖျက်ဆီးခဲ့၍ လုံခြုံရေးအဖွဲ့ပင်များက သေနတ်ပစ်ဖောက်လူစုခွဲခဲ့ရပြီး ယခုအခါ တည်ငြိမ်အေးချမ်းလျက်ရှိကြောင်း ကနဦးသတင်းများအရ ယနေ့မွန်းလွဲပိုင်းတွင် မြန်မာ့သတင်းစဉ်(ပြည်တွင်း)မှသတင်းအဖွဲ့သည် ယက်ရှိအခြေအနေများအား မျက်မြင်တွေ့ရှိနိုင်ရန် ဥက္ကံမြို့သို့ သွားရောက်သတင်းရယူခဲ့သည်။

ရေး-ညွှန့်သန်း (သတင်းစဉ်)
ဓာတ်ပုံ
ရဲထွဋ်၊ သန်းဦး (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လွင်။

ယင်းသို့ သွားရောက်ရာတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းအား တွေ့ဆုံမေးမြန်းခဲ့ရာ ဒေါက်တာမြင့်သိန်းက “ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ပေးထဲ့ကျားဝတ်၊ မဝတ်လုံချည်၊ စောင်၊ တဘက်၊ ဇလုံ၊ ဒန်အိုး၊ တီရပ်နဲ့ ဆပ်ပြာတွေကို ဒုက္ခသည်တွေအတွက် လာပေးတာပါ။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က လည်း ဒုက္ခသည်တွေအတွက် အိမ်တောင်တစ်စုကို ဆန်ရစ်ပြည်၊ ဆီတစ်ပ်ဿာနဲ့ ရေသန့်နှစ်ဘူး လှူဒါန်းပါတယ်။ အခုအခါ ဥက္ကံမြို့မှာ တည်ငြိမ်အေးချမ်းနေပြီ ဖြစ်ပါတယ်” ဟု ပြောကြားသည်။

တို့အတူ တိုက်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်စိုးကလည်း “ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆီနဲ့ဆန်လှူဒါန်းပါတယ်။ အလှူရှင်တွေကလည်း ရေသန့်နဲ့ အစားအသောက်တွေ လာရောက်လှူဒါန်းပါတယ်။ ဒုက္ခသည်အိမ်တောင်စုပေါင်း ၉၀ရှိပါတယ်။ နယ်မြေလုံခြုံရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ဆောင်ရွက်လျက်ရှိပြီး ယခုအခါ တည်ငြိမ်အေးချမ်းမှုရရှိနေပြီ ဖြစ်ပါတယ်။ ပတ်ဝန်းကျင်ကျေးရွာများကိုလည်း လုံခြုံရေးအပြည့်အဝ ဆောင်ရွက်နေပါတယ်။ ဥက္ကံမြို့မှာ ပြီးခဲ့တဲ့ ဧပြီလကတည်းက ဒေသန္တရအမိန့် ဥပဒေပုဒ်မ(၁၈၈) တတ်ပြန်တားတာ အခုအတိ တည်ဆဲအမိန့်ဖြစ်ဝါတယ်” ဟုပြောကြားသည်။

မိမိတို့သတင်းအဖွဲ့က တိုက်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်နှင့် တွေ့ဆုံ၍ သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ဦးမြင့်အောင်က “ယခုအခါ တည်ငြိမ်အေးချမ်းမှုရှိနေပြီ ဖြစ်ပါတယ်။ မီးလောင်ခံရတဲ့ နေအိမ်တွေကို ပြန်လည်နေရာချတားပေးရေးအတွက် စီစဉ်လျက်ရှိပြီး ပျက်စီးမှုများကိုလည်း စည်ပင်၊ မီးသတ်၊ ကြက်ခြေနီနဲ့ NGO တွေ ပူးဝေါင်း

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း။

ပြီး သန့်ရှင်းရေးတွေ ဆောင်ရွက်နေပါတယ်။ ပျက်စီးသွားတဲ့ အိမ်နဲ့ ဆိုင်တွေကိုလည်း ပိုင်ရှင်တွေထံ ပြန်လည်ပေးအပ်တားပါတယ်။ ပိုင်ရှင်မရှိသေးတာတွေကိုလည်း သက်ဆိုင်ရာ ရာအိမ်မှူးတွေက ထိန်းသိမ်းထားပါတယ်။ ဒုက္ခသည်တွေကို ကျန်းမာရေး၊ သန့်ရှင်းတဲ့သောက်သုံးရေ ရရှိ

ရန်ကုန်တိုင်းဒေသကြီးကြက်ခြေနီနှင့်သူနာပြုတပ်ဖွဲ့မှ ဦးစီးမှူး ဒုတိယတန်း ဦးကျော်ဇော။

ရေး၊ လုံခြုံရေးတို့အတွက် ဆောင်ရွက်ပေးတားပါတယ်” ဟု ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီနှင့် သူနာပြုတပ်ဖွဲ့မှ ဦးစီးမှူး ဒုတိယတန်း ဦးကျော်ဇောကလည်း “ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ညွှန်ကြားချက်နဲ့ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီက အရေးပေါ်သုံးစွဲဖို့ လူနာတင်ယာဉ်နှစ်စီးနဲ့ ကြက်ခြေနီတပ်ဖွဲ့ဝင် ၁၃ ဦးတို့ကို ပို့လွှတ်တားတာ မနေ့က ညနေ ၆ နာရီ ဥက္ကံမြို့ကို ရောက်ရှိပါတယ်။ အခုအခါ ဥက္ကံမြို့မှာ တည်ငြိမ်အေးချမ်းလျက်ရှိပါတယ်။ ဥက္ကံတိုက်နယ်ဆေးရုံမှာ အခြေပြုပြီး အပျက်အစီးတွေကို ပူးပေါင်းရှင်းလင်းနေပါတယ်”ဟု ပြောကြားသည်။

တို့အတူ ဥက္ကံမြို့မှ ကွမ်းယာရောင်းသူ ကိုပြည်စုံအောင်ကလည်း “ပြန်လည်အေးချမ်းနေပါပြီ။ အရင်ကလိုပဲ သွားလာရောင်းဝယ်နေကြပါတယ်” ဟုမြောကြားခဲ့သည်။

မိမိတို့သတင်းအဖွဲ့သည် လုံခြုံရေး ဆောင်ရွက်တားသည်များနှင့် စပ်လျဉ်း၍ သိလိုသည်များကို ဥက္ကံမြို့၌ အခြေမြုလျက်ရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရန်ကုန်တိုင်းဒေသကြီး ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသက်လွင်နှင့် ဆက်လက်တွေ့ဆုံမေးမြန်းခဲ့ရာ ဒုတိယရဲမှူးကြီးသက်လွင်က “နယ်မြေခံလုံခြုံရေးတပ်ဖွဲ့တွေနဲ့ ပူးပေါင်းပြီး ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့နဲ့ ရဲတပ်ရင်းက အင်အား ၄၀၀ ကျော်တို့ လုံခြုံရေး တာဝန်ယူဆောင်ရွက်နေပါတယ်။ မြို့ပေါ်နဲ့ ကျေးရွာများကိုပါ လုံခြုံရေး ဆောင်ရွက်နေပါတယ်။ အကြမ်းဖက်မှုကြောင့် လူ ၁၀ ဦး ဒဏ်ရာရရှိပြီး မြောက်ဦးကို ဥက္ကံတိုက်နယ်ဆေးရုံ၊ တစ်ဦးကို တိုက်ကြီး ပြည်သူ့ဆေးရုံတို့မှာ ဆေးကုသမှုခံယူလျက်ရှိပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ကိုတင်မောင်ဝင်း၊ ကိုဇော်ဇော်နိုင်နဲ့ ဦးအီစမိုင်တို့ကို တင်ပို့ထားရာက ဒီနေ့နံနက် ၁နာရီခန့်မှာ ကိုဇော်ဇော်နိုင်သေဆုံးသွားပါတယ်။ အကြမ်းဖက်မှုမှာ ပါဝင်သူတွေကို ဥက္ကံရဲစခန်းက အမှုအမှတ်စဉ် (ပ) ၁၁၃/၁၃၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၀/ ၃၂၅/ ၃၂၆/ ၄၂၇/ ၁၁၄ တို့နဲ့ အမှုဖွင့်တားပြီး မီးရှို့မှုမှာပါဝင်သူတွေကိုလည်း ဥက္ကံရဲစခန်းက အမှုအမှတ်စဉ် ၁၁၄/၁၃၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၆တို့နဲ့ အမှုဖွင့်ထားပါတယ်။ ကိုဇော်ဇော်နိုင်သေဆုံးသွားတဲ့အကွက် အကြမ်းဖက်မှုမှာ ပါဝင်သူတွေကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၀၊ ၃၀၂၊ ၄၂၇၊ ၁၁၄ တို့နဲ့ ပြောင်းလဲအမှုဖွင့်ထားပါတယ်။ အခုအခါ အမှုမှာပါဝင်ပတ်သက်သူ ၁၈ ဦးကို ဖမ်းဆီးစစ်ဆေးလျက်ရှိပါတယ်” ဟု ပြောကြားသည်။

ဆက်လက်၍ ဒုတိယရဲမှူးကြီး သက်လွင်က “ကျွန်တော့်အနေနဲ့ ပြည်သူတွေကို သိစေချင်တာကတော့ ကိုယ်တိုင်စည်းကမ်းရှိဖို့ လိုတယ်။ လုံခြုံမှုနဲ့ဝတ်သက်ပြီး အစစအရာရာ သတိရှိဖို့လိုတယ်။ သူများဆင်တားတဲ့ တောင်ချောက်ထဲကို မဝင်မိဖို့လိုတယ်။ ရဲတပ်ဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ လိုတယ်။ ပြည်သူအချင်းချင်း စည်းလုံးညီညွတ်ဖို့လိုတယ်လို့ အသိပေးလိုပါတယ်။ Community နှစ်ခုလုံး စည်းလုံးညီညွတ်ဖို့လိုတယ်။ ဘာလူမျိုးပဲဖြစ်နေနေ နိုင်ငံသားဖြစ်နေရင် ဖွဲ့စည်းပုံ ဥပဒေအရ ပေးထားတဲ့ နိုင်ငံသားတစ်ယောက်ရဲ့ ရသင့်ရထိုက်တဲ့အခွင့်အရေးတွေကို အပြည့်အဝရရှိမှာပါ။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ပြစ်မှုကျူးလွန်သူတွေကို ဥပဒေအရ အရေးယူ ဆောင်ရွက်သွားမှာပါ” ဟု ပြောကြားခဲ့သည်။

မိမိတို့သတင်းအဖွဲ့အနေဖြင့် ဥက္ကံမြို့၏ တည်ငြိမ်အေးချမ်းမှုကို မျက်ဝါးထင်ထင် တွေ့ခြင်ခဲ့ရမှုမက လုံခြုံရေးတပ်ဖွဲ့များ၏ လုံခြုံရေး တာဝန်ယူဆောင်ရွက်နေမှုများကိုလည်းတွေ့မြင်ခဲ့ရပါကြောင်းသတင်းပါးအပ်ပါသည်။ **(သတင်းစဉ်)**

တည်ငြိမ်အေးချမ်းလျက်ရှိနေသည့် ဥက္ကံမြို့ကို တွေ့မြင်ရစဉ်။

တိုက်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်။

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ရတနာမင်းအိုချမ်းသာစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပူဇော်

နေပြည်တော် မေ ၁

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် အမြင့်စံပြကျေးရွာ ရှေးဟောင်းသမိုင်းဝင် ရထနာမင်းအိုချမ်းသာ စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲ အခမ်းအနားကို ဧပြီ ၂၅ ရက် နံနက်ပိုင်းက အဆိုပါ စေတီတော်မြတ်ကြီး ရင်ပြင်တော်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် ဇနီးဒေါ်ဝေဝေခိုင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ကြည်ညိုကြပြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြကာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆားလင်းကြီးမြို့နယ် ကံကုန်းကျေးရွာ၌ တိုက်နယ်ဆေးရုံအတွက် မြေငါးဧကနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မြေနေရာ၊ ကံကုန်းကျေးရွာ၌ ဆောက်လုပ်နေသည် နှစ်ထပ်စာသင်ကျောင်းဆောင်၊ ကံကုန်းကျေးရွာ အထက (ခွဲ) နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်မည့်နေရာ၊ ကျော်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း အကြီးစားပြင်ဆင်မှုလုပ်ငန်းများ၊ ဆည်တည်းဇီးတောကျေးရွာသစ်၌ ဆောက်လုပ်နေသော မူကြိုကျောင်း၊ ကျေးရွာနေအိမ်များ ပြုပြင်ပြီးစီးမှု၊ ရေ၊ လျှပ်စစ်မီးရရှိမှု၊ နေအိမ်များ၌ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမှု၊ ကျားတက်ကျေးရွာအုပ်စု၌ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ထားရှိမှု၊ ကျားတက်ကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုတို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဧပြီ ၂၈ ရက်က လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှု

ထို့နောက် ပုလဲမြို့နယ်ခေါ် သန္တိကျေးရွာနှင့် မင်းမအနောက် ကျေးရွာတို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ကျေးရွာတွဲဖက် အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှု၊ ချင်ပြစ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) ဆောက်လုပ်ပြီးစီးမှုနှင့် မုံသွင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အညာနွေပူပြင်းသော်လည်း ပုဂံသို့ ပြည်ပခရီးသွားများ လာမစဲ

ညောင်ဦး မေ ၁

အညာနွေ ပူပြင်းသော်လည်း ပြည်ပခရီးသွားများ တဖွဲဖွဲလာရောက်နေဆဲဖြစ်ကြောင်း ညောင်ဦးမြို့ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းမှ အရာရှိတစ်ဦးက ပြောကြားသည်။

"ပုဂံမှာ နိုင်ငံခြားသား အများဆုံးလာရောက်တဲ့ ရာသီကတော့ နိုဝင်ဘာလကနေ ဇန်နဝါရီလအထိ ဖြစ်ပါတယ်။ ဒီအချိန်က ခရီးသွားရာသီဖြစ်တော့ ပုဂံမှာ ပြည်တွင်း ပြည်ပခရီးသွား အများဆုံး လာရောက်ပါတယ်။ ပြီးခဲ့တဲ့ခရီးသွားရာသီမှာ ပြည်ပခရီးသွား ခုနစ်သောင်းသောက် လာရောက်လည်ပတ်ခဲ့ပါတယ်"ဟု လက်ထောက်မန်နေဂျာဦးမြထိစိုးက ရှင်းပြသည်။

"ပုဂံမှာက စက်တင်ဘာလကနေ ဖေဖော်ဝါရီလကုန်အထိ ခရီးသွားများ ပုံမှန်လာရောက်လေ့ ရှိပါတယ်။ ဒါပေမယ့် ဆောင်းရာသီမှာတော့ အများဆုံးလာရောက်လေ့ရှိပါတယ်။ နွေရောက်တော့လည်း အနည်းနှင့်အများလာနေကြတာပါပဲ။ ပြည်ပခရီးသွားတွေကတော့ နွေဆိုပေမယ့် ပုဂံကိုလာဖြစ်အောင်လာကြပါတယ်။ ပြည်ပခရီးသွားတွေရဲ့ လာရောက်လည်ပတ်ရတဲ့ အဓိကရည်ရွယ်ချက်ကတော့ ပုဂံကို လေ့လာကြဖို့ ဖြစ်ပါတယ်။ ဒီအတွက် နွေဆိုပေမယ့် ပုဂံကိုလာဖြစ်အောင်လာကြပါတယ်" ဟု ဦးမြတ်စိုးက ဆက်လက်ရှင်းပြသည်။

ပုဂံရောက် ပြည်ပခရီးသွားအများစုသည် ဘုရားဖူးလာရောက်သည်ဆိုခြင်းထက် ရှေးဟောင်းစေတီပုထိုးများကို သုတေသနပြုလေ့လာလို၍ လာရောက်ခြင်းဖြစ်ပြီး ပုဂံတွင် ရက်ကြာကြာနေထိုင်လေ့ရှိကြသည်။ ပြည်ပခရီးသွားအေဂျင်စီများက နိုင်ငံခြားသားများအား စင်းလုံးငှားမော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးကြသကဲ့သို့ စက်ဘီး၊ မြင်းလှည်းတို့နှင့် လည်းသွားလာလျက်ရှိသည်ကို တွေ့ရသည်။ ပုဂံရောက် နိုင်ငံခြားသားများ စိတ်ဝင်စားဆုံးနေရာသည် ပုဂံဆည်းဆာမြင်ကွင်းအလှကို ကြည့်ရှုကြခြင်းပင် ဖြစ်သည်။

ပြာသာဒ်ကြီးအမည်ရှိ ဘုရားပေါ်မှ ကြည့်လိုက်လျှင် ပုဂံဒေသတစ်ခွင်လုံးကို အပေါ်မှစီးမိုးလျက် မြင်တွေ့ရသည်။ အနောက်ဘက်တွင် နေလုံးနီနီဝင်အံ့ဆဲဆဲအချိန်တွင် တသွင်သွင်စီးဆင်းနေသော ဧရာဝတီမြစ်ကြီး၏ အရှေ့ဘက်၌ ဓမ္မရံကြီးဘုရားကို ခြံရံလျက် စေတီပုထိုးမြောက်မြားစွာ တည်ရှိနေသည်မှာ လွမ်းမောဖွယ်၊ ကြည်နူးဖွယ်မြင်ကွင်းအလှများကို တွေ့နိုင်သည်။ တောင်မြောက်လေးပါစလုံးတွင်လည်း ထန်းရိပ်ထန်းတောများအတွင်း နီနီရဲရဲစေတီပုထိုး မြောက်မြားစွာတို့ကို သဘာဝပန်းချီကားတစ်ချပ်သဖွယ် မြင်တွေ့ရသည်။ ဤမြင်ကွင်းများကို ပြည်တွင်းခရီးသွားများသာမက ပြည်ပခရီးသွားများလည်း အထူးနှစ်သက်ကြသည်။ ပုဂံအလှကို ကောင်းကင်မြင်ကွင်းမှ အလှအပဆုံး မြင်တွေ့ရသည်။

ပုဂံဒေသသည် မြန်မာနိုင်ငံအပူပိုင်းဒေသတွင် အလှပဆုံးနေရာတစ်ခုဖြစ်ပြီး နှစ်ရာကျော်ရှိသည် အပူပိုင်းဒေသပေါက်ပင်ဖြစ်သော ထနောင်းပင်ကြီးများနှင့် တမာပင်ကြီးများကလည်း နိုင်ငံခြားသားခရီးသွားများကို ဆွဲဆောင်လျက်ရှိသည်။

မြင့်မောင်စိုး

ဆိုင်ကယ်ပေါ်မှ ပြုတ်ကျသေဆုံး

ကသာ မေ ၁

ကသာခရိုင် ထီးချိုင့်မြို့နယ် ချိတ်သင်ကျေးရွာ ရွာလယ်လမ်းမပေါ်တွင် ဧပြီ ၂၈ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ က ရွာသစ်ကုန်းကျေးရွာနေ မအေးအေးအောင် မောင်းနှင်ပြီး မော်တော်ဆိုင်ကယ်နောက်မှ စီးနင်းလိုက်ပါလာသူ ရွာသစ်ကုန်းကျေးရွာနေ ဒေါ်ပွဲညွန့်(၄၇ နှစ်)သည် မော်တော်ဆိုင်ကယ်ပေါ်မှပြုတ်ကျသည်။

ဒေါ်ပွဲညွန့်သည် ဒဏ်ရာရရှိသဖြင့် ဆေးကုသရန် မြတောင်ဆေးရုံသို့ သယ်ဆောင်လာစဉ် လမ်းခရီး၌ သေဆုံးသွားကြောင်း သိရရသဖြင့် မော်တော်ဆိုင်ကယ်အား မဆင်မခြင်မောင်းနှင်သူ မအေးအေးအောင်အား အရေးယူဆောင်ရွက်ထားရှိကြောင်း သိရှိရသည်။ **(ခရိုင်ပြန်/ဆက်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ်ပေး

ပုသိမ်ကြီး မေ ၁

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဇီးချိုကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ဧပြီ ၂၉ ရက်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပေးအပ်ပွဲ ကျင်းပရာ မန္တလေးခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုဥက္ကဋ္ဌ ဦးဇော်တင်မိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုး၊ မန္တလေးခရိုင်မြေစာရင်းဦးစီးဌာန ဦးစိုးမျိုး ဦးမြင့်လိုင်၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးစိုးမင်းသူနှင့် အဖွဲ့ဝင်များ၊ တောင်သူဦးကြီးများ တက်ရောက်ကြသည်။

မန္တလေးခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များထုတ်ပေးခြင်း၏ ရည်ရွယ်ချက်နှင့် အခွင့်အရေးများကို ရှင်းလင်းပြောကြားပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို တောင်သူတစ်ဦးချင်းထံသို့ ပေးအပ်သည်။

ပုသိမ်ကြီးမြို့နယ်တွင် လယ်ယာမြေခွင့်ပြုလက်မှတ်ထုတ်ပေးရန် ရပ်ကွက်၊ ကျေးရွာအုပ်စု (၅၉)အုပ်စု၊ တောင်သူပေါင်း ၂၀၅၆၂ ဦး၊ ဦးပိုင်/ လုပ်ကွက်ပေါင်း ၃၀၅၃၂ ခုအား လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်များ ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(အဝေါ်ပုံ)**

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

လမ်းလျှောက်သူအမျိုးသမီးထံမှ ဘိန်းစိမ်းများဖမ်းမိ

ရမည်းသင်း မေ ၁

ရမည်းသင်းမြို့(မြို့မ)အထက အနီးတွင် ဧပြီ ၂၂ ရက် ညက လမ်းလျှောက်လာသည့် အမျိုးသမီးတစ်ဦးအား မသင်္ကာ၍ ရှာဖွေစစ်ဆေးရာမှ ဘိန်းစိမ်းများ ဖမ်းဆီးရမိသည်။

မြစ်စဉ်မှာ ယင်းနေ့ည ၇ နာရီက နယ်ထိန်းခေါင်းဆောင် ဒုတိယ ရဲအုပ်လှထွန်းနိုင်၊ တပ်ကြပ် ရဲအောင်ဝင်း၊ ဇော်ဦးနှင့်တပ်ဖွဲ့ဝင်များ မန္တလေးထောင်မှုးယစ်အဖွဲ့မှ ဒုတိယ ရဲအုပ် ချန်ထွန်းနှင့်တပ်ဖွဲ့ဝင်များ၊ ဝါတိုးရပ်ကွက်အုပ်ချုပ်ရေးမှူးဦးသက်ဦး၊ ရာအိမ်မှူး ဦးစိုင်းအောင် (သက်သေ)တို့နှင့်အတူ သတင်းအရ ဝါတိုးရပ်ကွက် ရန်အောင်မြင်လမ်းတွင် လမ်းလျှောက်လာသူ မဝမ်းတိထော်(ခ) မတင်အေး (၄၇ နှစ်)အား ရှာဖွေစစ်ဆေးရာ အနက်ရောင်ကြွပ်ကြွပ်အိတ်ဖြင့် ထုတ်ပျက်ဘိန်းစိမ်းဟု ယူဆရသော အညိုရောင် အဆီအခဲအလေးချိန် ၁၆၃၃ ဂရမ်၊ ဘိန်းစေး ၆၅ ဒသမ ၅၂ ဂရမ်ကိုတွေ့ရှိသဖြင့် မတင်အေးအား ဖမ်းဆီးအရေးယူထားသည်။ **(၀၁၁)**

ပုပ္ပားမြို့က ထူးခြားသည့် ပတ္တမြားနဂါးမောက်

နေပြည်တော် မေ ၁

ပုဂံနှင့် ပုပ္ပားတောင်ခြေတစ်ဝိုက်တွင် ရောင်းချနေသော ပတ္တမြားနဂါးမောက်ဟုခေါ်သည့် အသီးတစ်မျိုးသည် ထူးခြားပုံသဏ္ဌာန်ရှိပြီး ဆေးဖက်ဝင်ကြောင်း ဒေသခံများက ပြောကြားသည်။

"ဒီဆေးပတ္တမြားနဂါးမောက်သီးက အလွန်ရှားတယ်။ တွေ့ရခဲတယ်။ အခုလိုနွေရာသီမှာပဲရတာ။ ရဖို့ခက်ခဲတယ်။ ဒီအသီးကို သွေးလိမ်းရင် အကျိတ်အဖုတွေပျောက်တယ်။ ပွေးဝဲ နှင်းခူတွေလည်း ပျောက်တယ်။ ဒီအသီးကို အချို့က ကြွက်ပြေးဂမုန်းလို့လည်း ခေါ်ကြသေးတယ်။ အိမ်မှာ ဒီအသီးကို တန်းလန်းချိတ်ဆွဲထားရင် ကြွက်တွေ မလာဘူး။ ဒီအသီးကို မီးဖိုချောင်ခန်းထဲ ထစ်နေရာရာမှာ ချိတ်ဆွဲထားမယ်ဆိုရင် ကြွက်တွေ အကုန်ပြေးတာပဲ" ဟု ဒေသခံတစ်ဦးဖြစ်သည့် ဒေါ်အုံးခင်က ပြောသည်။

အဆိုပါ ပတ္တမြားနဂါးမောက်သီးများကို ပုဂံစေတီပုထိုးဘုရားများ ဝန်းကျင်နှင့် ပုပ္ပားတောင်ခြေ ပရဆေးအရောင်းဆိုင်များတွင် တွေ့ရလေ့ရှိသည်။ အဆိုပါအသီးကို အကျိတ်အဖုများ ပျောက်ကင်းသည်ဆို၍ ဘုရားဖူးလာပြည်သူများ ကြိတ်ကြိတ်တိုးဝယ်ယူလျက်ရှိကြသည်ကို တွေ့ရသည်။ တစ်ခုလျှင် ၁၀၀ ကျပ်နှုန်းဖြင့် ရောင်းချပေးကြောင်း သိရသည်။

ပုပ္ပားတောင်ခြေ တစ်ဝိုက်တွင် အဆိုပါဆေးပတ္တမြားနဂါးမောက်သီးများကို ဆေးမြစ်စုံရောင်းချသည့် အမျိုးသမီးငယ်လေးများက အထမ်းလေးများထမ်းကာ ဆေးမြစ်များနှင့် အတူ ရောနှောရောင်းချနေသည်ကို တွေ့ရသည်။ ယင်းပတ္တမြား နဂါးမောက်သီးသည် အဝါရောင် အသီးလုံးလေးပေါ်တွင် အစိမ်းရောင် အမောက်နှင့်တူသော ပွင့်ညှာတစ်ခုက အုပ်မိုးထားသည်ကို ထူးခြားစွာ တွေ့ရသည်။ ထိုအသီးလေးမှာ အမှန်တကယ်ဆေးဖက်ဝင်သည်ဆိုခြင်းထက် ထူးခြားသည်လက္ခဏာရှိခြင်းကြောင့် ဘုရားဖူးလာပြည်သူများ အထူးစိတ်ဝင်စားစွာ ဝယ်ယူအားပေးလျက်ရှိသည်ကို တွေ့ရပါသည်။ ပတ္တမြားနဂါးမောက်သီးသည် သွင်ပြင်ထူးခြားသယောက် နှယ်မြက်သစ်ပင်ဆေးဖက်ဝင်ဆိုသည်အတိုင်း အစွမ်းထက်သော ဆေးစွမ်းများလည်း ရှိနိုင်ပါသည်။ စနစ်တကျ ဖော်ထုတ်အသုံးပြုမည်ဆိုပါက တိုင်းရင်းဆေးတစ်မျိုးအထိ ဖြစ်လာနိုင်ကြောင်း ရေးသားလိုက်ရပါသည်။ **မောင်နွေသစ်**

ပြင်ဆင်ဖတ်ရှုပါရန်

မေ(၁)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၀)ပါ "ဦးကျော်ဝင်း၊ ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန"ဟုဖော်ပြထားသောဓာတ်ပုံမှာ "မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်သိန်း၏ပုံ" ဖြစ်ပါသောကြောင့် အမှန်အတိုင်း ပြင်ဆင်ဖတ်ရှုနိုင်ပါရန်။ **(မြန်မာ့အလင်း)**

မန်းမောက်မြို့၌ မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ

ကသာ မေ ၁

ကသာခရိုင် ဗန်းမောက်မြို့နယ် နောင်ယောရွှေမော်မှ ရေအေးကုန်းရွှေမော်သို့အသွား လမ်းမပေါ်တွင် ဧပြီ ၂၈ ရက် နံနက် ၄ နာရီက ရွှေတော်ရဲကင်းမှူး ဒုရဲအုပ်မောင်ဇော်နှင့်အဖွဲ့ ပိတ်ဆို့စောင့်ဆိုင်းနေစဉ် မသင်္ကာသူ ဦးဖိုးဇော်အား ငှင်းလွယ်ထားသော ဘေးလွယ်အိတ်အတွင်းမှ ပင်နီဆီလင်ပုလင်းဖြင့် ထည့်လျက် ဘိန်းဖြူဟုယူဆရသည် အဖြူမှုန့် ၀ ဒသမ ၀၁ ဂရမ်ခန့်ပါ ပုလင်းတစ်လုံး၊ ကာလတန်ဖိုးငွေကျပ် ၁၀၀၀၊ အပြာရောင် ပလတ်စတစ်ခြင်ထုပ်လျက် စိတ်ကြွရူးသွပ်ဆေးပြားဟု ယူဆရသော အညိုရောင်ဆေးပြား ၂၅ ပြား၊ ၂ ဒသမ ၅ ဂရမ်ခန့် ကာလတန်ဖိုးငွေကျပ် ၁၂၅၀၀၀ တို့ကို သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းရမိပြီး အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် ကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်နေကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီးအတွင်း လမ်း/တံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မေ ၁

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာတံတားကြံ့ခိုင်မှုအခြေအနေနှင့် လမ်းပြုပြင်နေမှု၊ ဘုရင့်နောင်တံတားအမှတ်(၂) လိုင်သာယာဘက်ကမ်းတံတားတည်ဆောက်ရေးလုပ်ငန်းချဉ်းကပ်ထိထား Bored Pile Foundation၊ Cap Body၊ Shaft နှင့် Cross Beam လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပင်မထိထားရေလယ်ထိုင် ဘိုးပိုင်တူးနေမှု၊ သံကူကွန်ကရစ်သွန်းလောင်းနေမှု၊ ဘုရင့်နောင်ဘက်ကမ်းထိထားတိုင်လုပ်ငန်းများနှင့် ချဉ်းကပ်လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်လှိုင်သည် ဧပြီ ၂၈ ရက်က လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တံတားလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီပြီးစီးရေး၊ လုပ်ငန်းတိုးတက်မှုရှိစေရေး၊ အရည်အသွေးစံချိန်စံညွှန်းပြည့်မီရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဂရုပြုဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခုနစ်လွှာတိုက်ခန်းပေါ်မှပြုတ်ကျသူ ကျန်းမာရေးအခြေအနေကောင်း

ရန်ကုန် မေ ၁

ခုနစ်လွှာတိုက်ခန်းပေါ်မှ ပြုတ်ကျသော်လည်း သေကံမရောက် သက်မပျောက်ဖြစ်ခဲ့သည့် ထူးခြားဖြစ်စဉ်သတင်းကို ဧပြီ ၃၀ ရက်က ဖော်ပြခဲ့ပြီးဖြစ်သည်။ ယနေ့ ရန်ကုန် မြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောအထူးကုသဆောင်သို့ ကိုယ်တိုင်သွားရောက်ကာ လူနာ၏အခြေအနေကို စုံစမ်းစစ်ဆေးမေးမြန်းခဲ့သည်။

တာဝန်ကျခွဲစိတ် အထူးကုဆရာဝန်ကြီး ဒေါက်တာကျော်စွာအောင်အား လူနာ မဖြိုးပွင့်ဖြူ(ခ) မဘိုမ (၁၄ နှစ်)၏ ကျန်းမာရေးအခြေ အနေကို မေးမြန်းရာ လူနာ၏ ကျန်းမာရေးအခြေအနေ ၇၀ ရာခိုင်နှုန်း ကောင်းမွန်နေပါကြောင်း ဦးခေါင်းခွံတချို့ ကျိုးသွားတာရှိကြောင်း၊ အဆိုးကြီးမဟုတ်သည့်အတွက် ခွဲစိတ်ဖို့ မလိုအပ်သေးပါကြောင်း၊ လူနာသည် အလွန်ကံကောင်းပါကြောင်းဖြင့် ဦးခေါင်းဓာတ်မှန် ရိုက်ထားကြသည့် ဓာတ်မှန်များကို ကြည့်ရှု၍ ဧပြီ ၃၀ ရက် ညနေ ၃ နာရီက မြန်မာ့အလင်းသို့ ပြောကြားသည်။

စကားပြော

ဆရာဝန်ကြီးက လူနာအား လက်ထောင်ပြ၊ လက်လှုပ်ပြခိုင်းကာ လူနာလက်ထောင်၊ လက်လှုပ်ပြသည်ကို ကိုယ်တိုင်မြင်တွေ့ခဲ့ရသည်။ တစ်ခါတစ်ရံ လူနာက "အိမ်မြန်ချင်တယ်" ဟုပြောကြောင်း လူနာမိသားစုကပြောသည်။

၉၄ လမ်းအတွင်းနေထိုင်သူများက တိုက်ဝရန်တာမှာ နိမ့်လွန်းသဖြင့် အရှိန်လွန်ပြုတ်ကျကြောင်း ပြောဆိုသဖြင့် ပေကြိုးဖြင့် ကိုယ်တိုင်သွားရောက်တိုင်းကြည့်ရာ ဝရန်တာအမြင့်မှာ ၃၅ လက်မဖြစ်ကြောင်း တွေ့ရှိရသည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

အမြို့မြို့အနယ်နယ်မှ သည် မြန်မာ့အလင်းတွင် ကြော်ငြာပါ။

ဒဟတ်ပင်မှော် ရေနံထွက်နှုန်းကျဆင်း

မကွေး မေ ၁

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဇီးတောရွာ ဒဟတ်ပင်ရေနံမှော်၌ ဧပြီလကုန်ပိုင်းမှစတင်၍ ရေနံထွက်နှုန်းနှင့် ဈေးနှုန်းများကျဆင်းသွားခဲ့ကြောင်း သိရသည်။ အဆိုပါရေနံမှော်သို့ ပခုက္ကူမြို့မှ လာရောက်တူးဖော်သူ တစ်ဦးအား မေးမြန်းကြည့်ရာ "ဖေဖော်ဝါရီလလယ်မှာ ကျင်းဝယ်ထားတာ သုံးကျင်းကို ငွေကျပ် ၃၇ သိန်းပေးခဲ့ရတယ်၊ အဲဒီအချိန်က အထွက်နှုန်းကောင်းတယ်။ သုံးကျင်းပေါင်းတစ်ရက်ကို တစ်ပီပါ (ဂါလန်-၅၀) ခပ်ရတယ်၊ ပြန်ရောင်းတော့ တစ်ပီပါကို ၁၁၅၀၀၀ ကျပ် ပေါက်ဈေးရှိတယ်၊ အခုနောက်ပိုင်းတော့ သုံးကျင်းပေါင်း သုံးရက်လောက်မှ တစ်ပီပါပဲခပ်ရတော့တယ်။ ဈေးကလည်း ၉၀၀၀၀-၁၀၀၀၀၀ ကျပ် လောက်ဖြစ်သွားတယ်" ဟု ပြောပြသည်။

ရေနံတူးဖော်ရာတွင် တူးစက်ငှားကာတူးဖော်ရပြီး ရေနံထွက်သည်အထိ တူးဖော်ခမှာ တစ်ကျင်းပေါက်ဈေး ကျပ် ၁၂၀၀၀၀၀ ခန့်ပေးရပြီး အင်ဂျင်မှာ မြင်းကောင်ရေအား ၁၈ မှ ၂၂ အထိအသုံးပြုရပြီး ခပ်ယူနိုင်သည်အဆင့်အထိ ပစ္စည်းတန်ဖိုး ကျပ် ၈၀၀၀၀၀ ကုန်ကျသည်။ ကျင်းပိုင်ရှင်ကိုယ်တိုင် ရေနံမခပ်ပါက အလုပ်သမားငှားရပြီး စရိတ်ငြိမ်း တစ်လလျှင် နေ့ပိုင်းကျပ် တစ်သိန်းမှ တစ်သိန်းခွဲအား နေ့ပိုင်းတစ်ဦး၊ ညပိုင်းတစ်ဦးငှားရကြောင်း သိရသည်။

ပြည်စိုး၊ ရေနံမ၊ ဇီးတောရွာတို့မှ ဆိုင်ကယ်ကယ်ရှိသမားများကလည်း ရေနံလာရောက်ဝယ်ယူမှုရှိပြီး ရေနံထွက်နှုန်း ကျဆင်းခြင်းကြောင့် တစ်ကျင်းပေါက်ဈေး ကျပ် ၂၀၀၀၀၀ မှ ၅၀၀၀၀၀ သာရှိတော့သည်။ ၎င်းဒထတ်ပင်ရေနံမှော်မှာ ရေနံအပေါက် (ထွက်နှုန်းတက်) မြန်၊ အဆုတ် (ထွက်နှုန်းကျ)မြန်ကြောင်း သိရသည်။

ဝသန်(မကွေး)

ဝမ်းမြောက်ဂုဏ်ယူကြောင်းဆုမွန်လွှာ

နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ချီးမြှင့်ပေးအပ်သော နိုင်ငံတော်မှ ချီးမြှင့်သည့် စွမ်းဆောင်ရည်ဆုများအနက်မှ "တန်ဖိုးမြှင့်ထုတ်ကုန်အများဆုံး ထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆု" လက်ခံရရှိခဲ့သော National Wood Industries Co.,Ltd. ၏ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ဝင်းအား ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် နိုင်ငံတော်၏ အကျိုးကိုလည်း ယခုထက်ပို၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးမိုးသော်

Treasure Timber Co.,Ltd.

ယာဉ်မှတ်ပုံတင်အခုပ် မိတ္တူထုတ်ယူခြင်း

၉ခ/၁၇၃၀၊ Nissan Diesel Dump Truck ယာဉ်လက်ဝယ်ရှိသူ Long Run Manufacturing Co., Ltd. က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **တည်း၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး) ရန်ကုန်မြို့**

ပြည်တွင်းသတင်း

မြန်မာ့အလင်း စာတည်းထံပေးစာများ

မွေးမြူရေးကြက်ခြံ အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်ရ

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ကျွဲပွဲမြို့ ဓမ္မာရုံရပ်ကွက်အတွင်းရှိ မွေးမြူရေးကြက်ခြံမှ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်ရှိ ပြည်သူများ ကျန်းမာရေးထိခိုက်ကြရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါကြက်ခြံအား ရပ်ကွက်အတွင်းမှ သင့်လျော်သည့်နေရာသို့ သက်ဆိုင်ရာက အမြန်ဆုံးဖယ်ရှားပေးစေလိုပါသည်။

ရပ်ကွက်နေပြည်သူများ

စည်းကမ်းမဲ့ ဝပ်ရှော့နှင့် ဘော်ဒီရုံများ ဖယ်ရှားပေးပါ

တောင်ဥက္ကလာပမြို့နယ် (၆) ရပ်ကွက် ဟံသာဝတီလမ်းနှင့် အင်းဝလမ်း(၂၀)ထောင့်တွင် ကားဆေး/ ဘော်ဒီနှင့် ဝပ်ရှော့ရုံတစ်ရုံရှိရာ နံနက်မိုးလင်းမှညပိုင်းအထိ အဆက်မပြတ် ထုရိုက်သံများကြောင့် ပတ်ဝန်းကျင်ရှိ ပြည်သူများ နားမခံနိုင်အောင်ဖြစ်နေပါသည်။ထို့အပြင် ကားဆေးမှုတ်သည့် တင်ဒါနံ့များ၊ ဆေးနံ့များ၊ ဂဟေဆော်မြင်း၊ မီးဖြင့်ဆေးခွာခြင်း၊ ချေးချွတ်ခြင်းတို့မှ ညှော်နံ့များသည်လည်း ပတ်ဝန်းကျင်သို့ ပျံ့နှံ့၍ ပြည်သူများ ကျန်းမာရေးထိခိုက်နိုင်ပါသည်။ သို့ဖြစ်ပါ၍ ထိုဝပ်ရှော့နှင့်ဘော်ဒီရုံအား သင့်တော်ရာသို့ ရွှေ့ပြောင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်ပြည်သူများ**

မီးဘေးအန္တရာယ်ကာကွယ်ရေး အမှိုက်ပုံကြီးရှင်းပေးပါ

မင်္ဂလာဒုံမြို့နယ် ၂/က စံပြရပ်ကွက် ဦးညိုတံတားထိပ်အနီးတွင် အမှိုက်ပုံကြီးရှိပြီး တစ်နေ့တခြား ကြီးမားလာလျက်ရှိရာ လူနေအိမ်များနှင့် အလွန်နီးကပ်နေပါသဖြင့် မီးဘေးအန္တရာယ်စိုးရိမ်ရပါသည်။ အမှိုက်ပုံကြီးမှ အနံ့ဆိုးများထွက်ပေါ်နေပြီး ကြွက်၊ ခြင်၊ ယင်ပေါက်ပွားနေမှုကြောင့် ရပ်ကွက်နေပြည်သူများ ကျန်းမာရေးထိခိုက်လာလျက်ရှိပါသည်။ ယခုအခါ ပူပြင်းခြောက်သွေ့သောရာသီဖြစ်ပါ၍ အဆိုပါ အမှိုက်ပုံကြီးကို အမြန်ဆုံးဖယ်ရှားရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်နေပြည်သူများ

အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်နိုင်

ပျဉ်းမနားမြို့ ငါးလိုက်ချောင်းမြောက်ဘက် ရွာကောက်ရပ်ကွက် ရမည်းသင်းစ ပြည့်စုံလမ်းရှိ ကြက်သားလက်ကား အရောင်းဒိုင်မှ ကြက်သားရေဆိုး၊ ရေပုပ်များအား ပြင်ပသို့ ပိုက်များသွယ်တန်းပြီး ထုတ်လွှတ်ပါသောကြောင့် ငါးလိုက်ချောင်းတောင်ဘက်ရှိ စဉ့်အိုးဘိုရပ်ကွက် ချောင်းကမ်းနံဘေးနေ ဒေသခံများအနေဖြင့် နေ့စဉ်နှင့်အမျှ အနံ့ဆိုးများ ရှူရှိုက်နေရသောကြောင့် ကျန်းမာရေးထိခိုက်မှုများ ဖြစ်ပေါ်နိုင်ပါ၍ လိုအပ်သလို ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူ

လျှပ်စစ်မီးခဏခဏပြတ်၍ ပြင်သင့်

မကွေးမြို့အတွင်း၌ လျှပ်စစ်ဓာတ်ကြိုးများ သစ်ပင်နှင့်ထိနေခြင်း၊ လျော့ကျနေခြင်းတို့ကြောင့် မိုးရွာလေတိုက်တိုင်း မီးကြိုးချင်းထိမိပြီး ရှော့ခ်ဖြစ်နေသည်။ ရှော့ခ်ဖြစ်သည့်မီးလိုင်းက မိန်းပြူးပြတ်ပြီး တစ်လိုင်းလုံး မကြာခဏ မီးပြတ်သွားတတ်ပါသည်။ ယင်းကဲ့သို့ဖြစ်တိုင်း ယင်းမီးလိုင်းနှင့်ဆက်သွယ်ထားသည့် အိမ်များရှိ မီးအားမြှင့်စက်၊ တီဗွီ၊ မီးချောင်းများ မကြာခဏပျက်စီးနေရသည်။ မီးလိုင်းများ ရှော့ခ်ဖြစ်ချိန်တွင် မီးလောင်မှုများဖြစ်ပွားပြီး အန္တရာယ်များကျရောက်နိုင်ပါသည်။ မကြာခဏဖြစ်နေသည့် မီးလိုင်းနေရာမှာ မကွေးမြို့ ရွာသစ်ရပ်ကွက် ပြည်တော်သာလမ်း မီးတိုင်အမှတ် ၂၇/၂၈/၂၉/၃၀ တို့၏ကြားရှိ လိုင်းကြိုးများဖြစ်ပါသည်။ မကွေးမြို့လယ်ကောင်ဖြစ်သည့်အတွက် သက်ဆိုင်ရာက အမြန်ဆုံးပြုပြင်ပေးပါရန် တင်ပြလိုက်ရပါသည်။

ရွာသစ်ရပ်ကွက်သားတစ်ဦး

မူးယစ်ဆေးသယ်ဆောင်သူများအား ဖမ်းဆီးရမိ

ဝိုင်းမော် မေ ၁

ဝိုင်းမော်ရဲစခန်းမှ တာဝန်ရှိသူများသည် ဝိုင်းမော်မြို့မှ မောင်းနှင်လာသော အငှားသုံးဘီးယာဉ်အား ရပ်တန့်၍စီးနင်းလာသူ ဒေါ်မြင့်ခိုင်အားစစ်ဆေးရာ ၎င်းလွယ်ထားသည့် ဝါးပလိုင်းအတွင်း ဆီးသီးခြောက်များနှင့် ရောနှော၍ ပလတ်စတစ်ဆပ်ပြာခွက်အတွင်း ငွေကျပ် ၈ သိန်းတန်ဖိုးရှိ ဘိန်းဖြူအမှုန့် အလေးချိန် ၁၀ ဂရမ်၊ မိန်းမဝတ် အတွင်းခံဘောင်းဘီရှည်အပြာရောင်အတွင်း ငွေရောင်စက္ကူဖြင့်ပတ်လျက် ငွေကျပ် ၁၂၆၀၀ တန်ဖိုးရှိ ဘိန်းစိမ်း ၉ ဂရမ်တစ်ထုပ်၊ ငွေကျပ် ၄၅၀၀၀ တန်ဖိုးရှိ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၅ ပြားတို့ကို ရာဖွေသိမ်းဆည်းရမိခဲ့သည်။

အရေးယူ

ဒေါ်မြင့်ခိုင် (၃၉ နှစ်) ဝိုင်းမော်မြို့နေသူအား ဝိုင်းမော်ရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

မိုးယံကျ(မြစ်ကြီးနား)

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ် ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝထည့်ငြိမ် လျှပ်စစ်(Static Electricity)ထိ ဖြစ်ပေါ်ထထမှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စထစ်ပုံး၊ ပလတ်စထစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

မီးသတ်ဦးစီးဌာန

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကုန်းလမ်း၊ ရေလမ်းသင့်ပြီး ဈေးကွက်အချက်အချာကျသည့် မြို့ကြီးများ၌ ကုန်စည်ဒိုင်များ တိုးချဲ့ဖွဲ့စည်းသွားရန်လိုအပ်

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ရွှေဘိုမြို့နယ် အောင်ချမ်းသာကျေးရွာ ပုလဲသွယ် (၁)စိုက်ခင်း တောင်သူ နည်းပညာပေးစံပြစိုက်ကွက်ကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဧပြီ ၂၈ ရက် ညနေ ၃ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် မင်းကုန်းကျေးရွာ ကွင်းအမှတ်(၂၉၈၆)၌ တောင်သူ ၁၅ ဦး၏ အဆင့်မြင့် လယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ရွှေဘိုမြို့နယ် အောင်ချမ်းသာကျေးရွာ ပုလဲသွယ် (၁)စိုက်ခင်း တောင်သူနည်းပညာပေးစံပြစိုက်ကွက်ကို ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက ဆန်ပြည်ပတင်ပို့မှုကိုကြည့်လျှင် တစ်နှစ်ထက် တစ်နှစ်ပိုမိုတိုးတက်တင်ပို့နိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ယခင်က တုန်သွယ်လုပ်ငန်းခွန် ၈ ရာခိုင်နှုန်းကောက်ခံနေသည့်အပေါ် ကင်းလွတ်ခွင့်ပြုခဲ့ခြင်း၊ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများမှ တင်ပို့ခွင့်ပြုခဲ့ခြင်းများကြောင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဆန်နှင့်ဆန်ကွဲ တန်ချိန် ၁ ဒသမ ၄၇၈ သန်းအထိ တင်ပို့ခဲ့ရာ နှစ်ပေါင်း ၄၆ နှစ်အတွင်း စံချိန်တင် တင်ပို့နိုင်ခဲ့ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲနှင့် အခြားပဲမျိုးစုံ အထူးပြုတုမ္ပဏီများဖွဲ့စည်းထူထောင်နိုင်ရေးဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ တိုင်းဒေသကြီးတွင် မုံရွာကုန်စည်ဒိုင်နှင့် ရွှေဘိုကုန်စည်ဒိုင်နှစ်ခုသာ ဖွဲ့စည်းနိုင်ခြင်းကြောင့် ကုန်းလမ်း၊ ရေလမ်းသင့်ပြီး ဈေးကွက်အချက်အချာကျသည့် အခြားမြို့ကြီးများ၌လည်း ကုန်စည်ဒိုင်များတိုးချဲ့ဖွဲ့စည်းထူထောင်သွားရန် လိုအပ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၏ စပါးတင်း ၁၀၀ ထုတ်လုပ်မှုတုန်ကျစရိတ်သည် မြန်မာနိုင်ငံ၏ ထုတ်လုပ်မှုကုန်ကျစရိတ်ထက် များစွာလျော့ကျလျက်ရှိကြောင်း၊ အကြောင်းရင်းမှာ မြန်မာနိုင်ငံ၏ တစ်ဧကအထွက်နှုန်းများ သိသိသာသာနိမ့်ကျနေ၍ဖြစ်ကြောင်း၊ သို့ဖြစ်၍ မျိုးကောင်းမျိုးသန့်များရွေးချယ် စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားခဲ့သည်။ **(သတင်းစဉ်)**

ဆိုင်ကယ်နှင့် ကားမျက်နှာချင်းဆိုင် တိုက်မိ ဆိုင်ကယ်ပေါ်ပါ လူနှစ်ဦးဖွဲချင်းပြီးသေဆုံး

မြဝတီ မေ ၁

မြဝတီခရိုင် မြဝတီမြို့နယ် အာရလမ်းမကြီးပေါ်တွင် ဧပြီ ၂၆ ရက် နံနက် ၉ နာရီခွဲက ထိုင်းနိုင်ငံသားကိုအလိုသည့် 80-5070 ISUZU အမျိုးအစား ခဲပြာရောင် ခြောက်ဘီးယာဉ်အား တုန်များတင်ဆောင်ပြီး မြဝတီမှ နယ်စပ်ကုန်သွယ်ရေးဇုန်သို့ မောင်းနှင်လာစဉ် မျက်နှာချင်းဆိုင်မှ မစန်းစန်းနွယ် (၂၆ နှစ်) မြဝတီမြို့နယ် နေသူမောင်းနှင်ပြီး ခင်ပွန်းဖြစ်သူ တိုခိုင်မောင် (၃၆ နှစ်)အား နောက်မှ လိုက်ပါစီးနင်းလာသူ Wave အမျိုးအစား အနက်ရောင်ဆိုင်ကယ်နှင့် နယ်မြေခံတပ်ရေ့အရောက် အာရလမ်းအလယ်၌ မျက်နှာချင်းဆိုင် တိုက်မိသဖြင့် ဆိုင်ကယ်သည် တားအောက်သို့ ရောက်သွားပြီး ဆိုင်ကယ်မောင်းသူနှင့် စီးသူနှစ်ဦးစလုံး သေဆုံးသွားပြီး ကိုအလို မောင်းနှင်လာသော တုန်တင်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ ၎င်း၏ယာဉ်ရှေ့မှ ဦးနောင်လေး မောင်းနှင်နေသော ၃ခ/---လိုက်ထရပ် အမျိုးအစား အဖြူရောင်ယာဉ်တို့ နောက်မှထပ်မံတိုက်မိ၍ လိုက်ထရပ်ယာဉ်၏ ဘယ်ဘက်ကိုယ်ထည်ပျက်စီးသွားသည်။

လူအသက်အန္တရာယ်ဖြစ်စေနိုင်လောက်အောင် ယာဉ်တို မဆင်မခြင်မောင်းနှင်သူ ကိုအလို (ထိုင်းနိုင်ငံသား)အား မြဝတီရဲစခန်းက အရေးယူဆောင်ရွက်ထျက်ရှိကြောင်း သိရသည်။ **(အဝေါ်ပုံ)**

နဒီမြင့်နိုင်(မြဝတီ)

ချိန်ခါမရွေး သတိပေး စီးဘေး ကင်းဝေးမှာ

ဖရူဆိုမြို့နယ် လောဂျာကျေးရွာ၌ ယာဉ်တိုက်မှုဖြစ်ပွား

လွိုင်ကော် မေ ၁

လွိုင်ကော်ခရိုင် ဖရူဆိုမြို့နယ် လောဂျာထျေးရွာ၌ ဧပြီ ၂၉ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က ယာဉ်တိုက်မှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လွိုင်ကော်မြို့ မိုင်းလုံးရပ်ကွက်နေ ဦးဖရေရယ် (၃၂ နှစ်) မောင်းနှင်လာသည့် တိုယိုတာခေါ်ပ်နက်ပြာရောင်သည် လွိုင်ကော်မှ မော်ချီးသို့ မောင်းနှင်လာစဉ် မော်တော်ယာဉ် စက်ချွတ်ယွင်းမှုကြောင့် လောဂျာကျေးရွာ ဈေးဆိုင်ရှေ့တစ်နေရာရှိ ကျောက်တုံးကြီးကို ဝင်ရောက်တိုက်မိရာ ယာဉ်ပေါ်ပါလာသည့်ခရီးသည် ၁၂ ဦးအနက် ခုနစ်ဦးမှာ ဒဏ်ရာများရရှိခဲ့သည်။

ဒဏ်ရာရရှိသူ ခုနစ်ဦးအနက်မှ မခရစ္စစ်နီ၊ ဒေါ်ပေးပေ၊ ဒေါ်စတယ်လာသုံးဦးတို့မှာ ဒဏ်ရာပြင်းထန်သည်အတွက် ဆေးဝါးကုသနိုင်ရန် လွိုင်ကော်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ထားကြောင်းနှင့် အဆိုပါယာဉ်မောင်းအား ဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **ပြည်နယ်ပြန်/ဆက်**

ရွှေကြားစည်-ကျိုက်ထီးရိုး/ချောင်းသာ
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ရွှေတော်ကတ္တူ၊ ထမ့်စမ်းဂူ ....(၅)ရက်
▲ မန္တလေး၊ မြင်းဦးလွင်၊ လားရှိုး၊ မှုဆယ်၊ ရွှေလီ၊ မံစီ ....(၅)ရက်
▲ ပုဂံ၊ ပုပ္ပါး၊ မွှယ်တော်လေးဆူ (၃)ရက်၊ ဆက်၍-မန္တလေး၊ ပြင်ဦးလွင်အနီ ....(၅)ရက်
▲ ကျိုက္ကမီ၊ ကဆုန်ပွဲ၊ မော်လမြိုင်၊ ဇက်စီ၊ နွားလဲ့ပိုတောင် (၃)ရက် May 23
240860/372290 09-49282825

GOLDEN STAR Travels & Tours
တောင်ကြီး-အင်းလေး-ပင်းတယ
ကလော-ကက္ကူ May-23
ကားစင်းလုံးငှားသည်။
ချောင်းသာ (နေ့စဉ်)
ကျိုက်ထီးရိုး (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph: 209200, 544383, 430480, 703448, 09-5081580

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၈၊ လှိုင်ရပ်ကွက်အမှတ် (ဇုန်-၅/တိုးချဲ့)၊ အနော်ရထာလမ်း၊ မြေကွက်အမှတ် ၁၅၂ ဟုခေါ်တွင်သော ဧရိယာ ၁ ဒသမ ၃၇၇ ဧကရှိ နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးအား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသော (၁)ဦးမောင်ထွန်း(ခ) အနီးရင ၁/မကတ(နိုင်)၀၂၄၅၁၁၊ (၂) ဒေါ်နယ်လီချို ၁/မကတ(နိုင်)၀၀၆၄၅၂၊ (၃)ဒေါ်ဇာလီထွန်း ၁/မကတ(နိုင်)၀၆၀၉၈၂ တို့ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ပိုင်း ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ကစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို	ဒေါ်အိန္ဒြာနိုင်
LL.B	LL.B, DBL, DML
(စဉ်-၂၃၂၉၉)	(စဉ်-၂၉၇၄၆)
အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ

အာရှမြေ အိမ်၊ ခြံ၊ မြေ အကျိုးဆောင်ကုမ္ပဏီ
အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၃၉၄၄၁၅၊ ၃၉၄၄၁၆၊ ၃၉၄၁၆၀

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်နွဲ့ရီ ၁၀/မလမ(နိုင်)၀၇၁၄၄၅ ၏ ပတ်စ်ပို့နံပါတ်-၇၇၈၈၃၇ မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အမြန်ဆုံး အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၀၀၂၄၂၄၉**

ဖြူးဆရာတော်တပည့် ဖြူးမဟာစည့် ပဓာန နာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဝရ အထူးတရားပွဲ

ဖြူးမဟာစည် သာသနာ့ရိပ်သာများ၏ ပဓာန နာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဝရ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ M.A ,Ph.D (Thesis), INDIA သည်-

၁။ **၂-၅-၂၀၁၃ ရက်** -၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက် (ကြာသပတေးနေ့) စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ပင်စိမ်းကင်းဓမ္မသဘင်

၂။ **၁၉-၅-၂၀၁၃ ရက်** -၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက် (တနင်္ဂနွေနေ့) ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ် ၅ ရပ်ကွက်၊ မြကန်သာအိမ်ရာ၊ အပိုင်း(၂) ဓမ္မသဘင်

၃။ **၂၀-၅-၂၀၁၃ ရက်မှ ၂၂-၅-၂၀၁၃ ရက်အထိ** -၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်မှ ၁၃ ရက်အထိ (တနင်္လာနေ့မှ ဗုဒ္ဓဟူးနေ့)အထိ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ ကိုးတောင်ဘို့ မဟာစည်ဝိပဿနာတရားစခန်းပွဲ ဓမ္မသဘင်

၄။ **၂၃-၅-၂၀၁၃ ရက်မှ ၂၄-၅-၂၀၁၃ ရက်အထိ** -၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်မှ ၁၅ ရက်အထိ (ကြာသပတေးနေ့မှ သောကြာနေ့)အထိ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရွှေညောင်မြို့နယ် ဓမ္မသဘင်

နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ပါကြောင်းနှင့် ဆရာတော်၏ တရားပွဲများကို ပင့်လျှောက်လိုပါက ဖုန်း-၀၉-၅၃၉၀၄၁၇၊ ၀၁-၅၃၀၀၆၈၊ ၅၃၀၁၁၃၊ ၀၅၄-၄၀၇၇၁၊ ၀၅၄-၄၀၀၁၂ တို့သို့ ဆက်သွယ်နိုင်ပါသည်။

သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာခြင်း

ဦးဘရင်နှင့် ဒေါ်မြသည် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၄ အီး၊ မြေကွက်အမှတ်-၂၉၀၊ ပေ(၅၀×၁၀၀)၊ နှစ် ၉၀ ဂရန်မြေကွက်ကို အမည်ပေါက်၍ ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(က-ဂ) ရပ်ကွက်၊ ယခင် မဂျစ်လမ်း/ယခု သမိန်ဗရမ်းလမ်း၊ အမှတ်(၈၃၊ ၈၅) လေးခန်းတွဲနှစ်ထပ်၊ ပေ(၅၀×၅၀) အိမ်အဆောက်အအုံနှင့်တကွ ပိုင်ဆိုင်ခဲ့ပြီး ဒေါ်မြကွယ်လွန်ပြီးနောက် ယင်းအိမ်နှင့်မြေအား ဦးဘရင်မှ ၃၁-၈-၇၇ ရက်တွင် သားသမီးရှစ်ဦးဖြစ်သော (၁)ဒေါ်တင်လှ၊ (၂)ဦးခင်၊ (၃)ဒေါ်တင်စိန်၊ (၄)ဦးတင်ရွှေ(ခ)ဒေါ်တင်ရွှေ၊ (၅)ဦးအောင်မြင့်စိန်၊ (၆)ဒေါ်တင်ရီ၊ (၇)ဒေါ်တင်ကြည်၊ (၈)ဦးခင်ထွေးတို့ကို အိမ်ခန်းနှင့် မြေပိုင်ဆိုင်ခွင့်စာချုပ်ဖြင့် ခွဲဝေပေးအပ်ခဲ့ပါသည်။

ဦးဘရင်နှင့် သားသမီးရှစ်ဦး ကွယ်လွန်ပြီးနောက် ဆက်ခံသူများသည် ၃-၆-၂၀၀၇ ရက်တွင် ယင်းမြေကွက်၏ ဂရန်အားလည်းကောင်း၊ ယင်းမြေနှင့်အိမ်ဆိုင်ရာ စာချုပ်စာတမ်းတို့ကိုလည်းကောင်း ဆက်ခံသူတစ်ဦးဖြစ်သည် ဦးတင်ထူးနှင့် ဇနီးဒေါ်သန်းသန်းစိုးတို့ထံ ယုံကြည်စွာအပ်နှံထားသည် ဝန်ခံကတိစာချုပ်ကို ချုပ်ဆိုခဲ့ကြပါသည်။

ဦးဘရင်မှ အိမ်ခန်းနှင့် မြေပိုင်ဆိုင်ခွင့် စာချုပ်ဖြင့် ဦးတင်ရွှေ(ခ)ဒေါ်တင်ရွှေအား ခွဲဝေပေးခဲ့သော ယင်းအိမ်နှင့်မြေမှ အပေါ်ခန်းအမှတ်(၁) ခေါင်းရင်းခန်းနှင့် မြေကို ဦးတင်ရွှေ(ခ)ဒေါ်တင်ရွှေ ကွယ်လွန်ပြီးနောက် ဦးတင်ရှိန်နှင့် ဦးတင်ထူးတို့မှ ဆက်ခံရရှိထားပါသည်။

ထို့ကြောင့် ယင်းမြေနှင့်အိမ်ကို ဦးတင်ရှိန်သဘောမတူဘဲ စီမံခန့်ခွဲခြင်း၊ အမည်ပြောင်းခြင်း၊ လွှဲပြောင်းခြင်းမပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။

သို့ဖြစ်ရာ ယင်းမြေနှင့်အိမ်အား ဦးတင်ရှိန်၏ ဆက်ခံခွင့်ကို ထိခိုက်နစ်နာဆုံးရှုံးစေရန် ပြုလုပ်ဆောင်ရွက်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးတင်ရှိန်၏ ကိုယ်စားလှယ်လွှဲစာရသူ ဦးဇော်ဌေး
၁၂/တမန(နိုင်)၀၁၄၂၉၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းထိန်
B.A, H.G.P, R.L, D.B.L, D.M.L
တရားလွှတ်တော်ရှေ့နေ
အမှတ်(၅၈/၂)၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အဆိုတော် ဟဲလေးနှင့် Wai လွှဲ တို့မှ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေပြီး ကုမ္ပဏီကြီးများ စုံလင်စွာ ပါဝင်ပြသရောင်းချမည့်
တောင်ကြီးမြို့ IT, ELECTRONICS & CONSUMER PRODUCTS SHOW မကွေးမြို့
မေ(၁၁) မှ (၁၅)ထိ (မြို့တော်ခန်းမ) ပြခန်းစုံစမ်းရန်- WINNER Ph : 0950 31660, 0951 73076 မေ(၂၀) မှ (၂၄)ထိ

ကျန်းမာရေး-အမေး/အဖြေ

အမေး၊အရေး - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ - ကေဇင်လင်း

ငှက်ပျောသီးက သွေးတိုးနဲ့ ကင်ဆာရောဂါအချို့ကို ကာကွယ်နိုင်ပါတယ်

ရန်ကုန် မေ ၁

ငှက်ပျောသီးစားလျှင် သွေးတိုးရောဂါကို ကာကွယ်ကုသရာ၌ အကျိုးရှိသည်ဟုဆိုသည်။ တစ်ဖန် ကင်ဆာရောဂါအချို့ကိုလည်း ကာကွယ်နိုင်သည်ဟု ဆိုပြန်သည်။ အလွယ်တကူပယ်ယူစားသုံးနိုင်သော ငှက်ပျောသီးကား မြန်မာနိုင်ငံ မြို့အသီးသီးရှိ ဈေးများ၊ ဆိုင်များတွင် အမြဲရှိနေတတ်သည်။ သို့သော် ငှက်ပျောသီး၏ အကျိုးကျေးဇူးများကို သေသေချာချာမသိနိုင်ကြပေ။ ထို့ကြောင့် ငှက်ပျောသီးစားသုံးမှုနှင့်ပတ်သက်ပြီး စာအုပ်စာတမ်းများ ရှိနေသော်လည်း ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိပဟုသုတရှိစေရန် ဒေါက်တာခင်မောင်လွင်(FAME)နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး ။ ။ငှက်ပျောသီးစားရင် သွေးတိုးရောဂါ ကာကွယ်နိုင်တယ်ဆိုတာ ဟုတ်ပါသလား။ ရှင်းပြပေးပါဦး။

ဖြေ ။ ။မှန်ပါတယ်။ လူတစ်ဦးဟာ သီတင်းတစ်ပတ်မှာ ငှက်ပျောသီးလေးလုံးကနေပြီး ခြောက်လုံးအထိ စားပေးမယ်ဆိုရင် သွေးတိုးရောဂါကို ကာကွယ်နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ငှက်ပျောသီးမှာ ပိုတက်စီယမ်အများကြီးပါဝင်နေလို့ပါ။ ပုံမှန်ငှက်ပျောသီးတစ်လုံးမှာ ပိုတက်စီယမ် ၃၈၅ ဂရမ်ပါရှိတယ်။ သွေးတိုးရောဂါဆိုတာ ခန္ဓာကိုယ်ထဲမှာ အငန်ဓာတ်ဆိုဒီယမ်တွေ များနေလေ့ရှိ အဲဒီဆိုဒီယမ်တွေကို ပိုတက်စီယမ်ပါတဲ့ အစားအစာဖြစ်တဲ့ ငှက်ပျောသီးစားလိုက်မယ်ဆိုရင် ဆိုဒီယမ်တွေကို ဆီးကနေ တစ်ဆင့် စွန့်ထုတ်ပေးပြီး ခန္ဓာကိုယ်တွင်းက ဆိုဒီယမ်တွေလျော့သွားအောင် လုပ်ပေးနိုင်ပါတယ်။ ဒါကြောင့် ငှက်ပျောသီး ပုံမှန်စားရင် သွေးတိုးရောဂါမဖြစ်အောင် ကာကွယ်နိုင်သလို သွေးတိုးရှိတဲ့လူတွေစားရင် သွေးပေါင်ကျဖို့ အထောက်အကူပြုတဲ့ သဘာဝအာဟာရအသီးတစ်မျိုးဖြစ်ပါတယ်။

မေး ။ ။ငှက်ပျောသီးစားရင် ကင်ဆာရောဂါအချို့လည်း ကာကွယ်နိုင်တယ်ဆိုတာကို ရှင်းပြပေးပါဦး။

ဖြေ ။ ။ငှက်ပျောသီး ပုံမှန်စားရင် ကာကွယ်နိုင်တဲ့ အဓိကကင်ဆာသုံးမျိုးရှိပါတယ်။ အဲဒါတွေကတော့ အူနဲ့အစာလမ်းကြောင်းကင်ဆာ၊ ရင်သားကင်ဆာနဲ့ ကျောက်ကပ်ကင်ဆာတွေပဲ ဖြစ်ပါတယ်လို့ သုတေသနစာတမ်းတွေမှာ ဖော်ပြထားပါတယ်။ ငှက်ပျောသီးကို အခွံခွာလိုက်တဲ့အခါ ထွက်လာတဲ့အမျှင်လေးတွေဟာ အူမကြီးရောက်ရင် အူမကြီးထဲမှာ ကင်ဆာဖြစ်စေတဲ့ ဓာတ်ပစ္စည်းတွေနဲ့ ပေါင်းပြီး ဝမ်းနှင့်အတူ အပြင်ကိုထုတ်ပေးနိုင်တဲ့သတ္တိရှိတယ်။ အမျှင်ဓာတ်တွေ ပုံမှန်စားရင် ဝမ်းမှန်စေတယ်။ ခန္ဓာကိုယ်ထဲမှာ မကောင်းတဲ့ဓာတ်တွေ ကြာကြာမနေဘူးဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ ဒါ့အပြင် ငှက်ပျောသီးမှာပါတဲ့ အချို့ဓာတ်ပစ္စည်းတွေဟာ အမျိုးသမီးတွေမှာ ရင်သားကင်ဆာမဖြစ်အောင်၊ နောက်ပြီး ကျောက်ကပ်ကင်ဆာမဖြစ်ပွားအောင်လည်း ကာကွယ်ပေးနိုင်ပါတယ်။

မေး ။ ။ငှက်ပျောသီးမှာ ဘယ်လိုအာဟာရဓာတ်တွေပါပင်တယ်ဆိုတာလည်း သိရှိလိုပါတယ်။

ဖြေ ။ ။ငှက်ပျောသီးမှာ အဓိကအနေနဲ့ ရေဓာတ် ၇၅ ရာခိုင်နှုန်းပါဝင်ပြီး အမျှင်ဓာတ်၊ ကာဗိုဟိုက်ဒြိတ်၊ ပရိုတင်း၊ အဆီဓာတ်၊ ဗီတာမင်ဘီစစ်၊ ဗီတာမင်စီ၊ ဗီတာမင်အေ၊ ဗီတာမင်ဘီ၀မ်း၊ ဗီတာမင်ဘီတူး၊ ဗီတာမင်ဘီသရီး၊ ဗီတာမင်ဘီနိုင်း သို့မဟုတ် ဖောလစ်အက်စစ်၊ ပိုတက်စီယမ်၊ မဂ္ဂနီစီယမ်၊ သံဓာတ် ၊ သွပ်ဓာတ်နဲ့ ထုံးဓာတ်တွေပါဝင်နေပါတယ်။ ဒါကြောင့် ငှက်ပျောသီးတစ်လုံးစားမယ်ဆိုရင် ဘယ်အမျိုးအစားငှက်ပျောသီးပဲဖြစ်ဖြစ် အာဟာရတန်ဖိုးအပြည့်အဝပါတယ်လို့ ဆိုရမှာဖြစ်ပြီး လူကြီး လူငယ်ကလေးမရွေး စားသုံးသင့်တဲ့ အသီးတစ်မျိုးဖြစ်ပါထယ်။

မေး ။ ။ငှက်ပျောသီးစားရင် ပမ်းမှန်သလို ပမ်းပျက်ပမ်းလျှောနေတဲ့လူတွေကိုလည်း ငှက်ပျောသီးကျွေးရင် ပမ်းရပ်သွားတယ်ဆိုတာ ရှင်းပြပေးပါဦး။

ဖြေ ။ ။ငှက်ပျောသီးအခွံမှာပါတဲ့ အမျှင်တွေက အမျှင်ဓာတ်အပြင် ချွဲစေတဲ့ သတ္တိလည်းရှိလို့ အူထဲမှာ ချွဲစေတဲ့ဂုဏ်သတ္တိကြောင့် ဝမ်းကိုချောချောချူချူ ထွက်သွားနိုင်အောင် ကူညီပေးပါတယ်။ အသက်ကြီးလို့ ဝမ်းချုပ်သူတွေအတွက် အထူးသင့်တော်ပါတယ်။ ဒါ့အပြင် ကလေးငယ်တွေ ဝမ်းသွားတဲ့အခါ ငှက်ပျောသီးကျွေးရပါတယ်။ ဝမ်းပျက်ဝမ်းလျှောဖြစ်နေတဲ့ ကလေးတွေကို အာဟာရဓာတ်အနေနဲ့ ငှက်ပျောသီးဟာ အလွန်ကောင်းမွန်တဲ့ သဘာဝအာဟာရတစ်မျိုးဖြစ်ပါတယ်။ ကျွေးတဲ့အခါ အခွံစိမ်းတဲ့ငှက်ပျောသီးကိုပဲ ကျွေးရမှာဖြစ်ပါတယ်။ အခွံစိမ်းတဲ့ငှက်ပျောသီးမှာ အော်လီရိုဆက်ကရိုက်ဓာတ်ပစ္စည်းက ဝမ်းကိုရပ်အောင် လုပ်ပေးနိုင်တဲ့ အာနိသင်ရှိလို့ပါပဲ။ ငှက်ပျောသီးမှည့်ကျွေးလို့တော့ မရပါဘူး။

မေး ။ ။ငှက်ပျောသီးဟာ ခန္ဓာကိုယ်ကျန်းမာရေးအတွက် နောက်ထပ်ဘာတွေ အကျိုးပြုနေသေးလည်းဆိုတာ သိရှိလိုပါတယ်။

ဖြေ ။ ။အရိုးတွေခိုင်မာအောင် လုပ်ပေးနိုင်ပါတယ်။ အဲဒါက ငှက်ပျောသီးမှာပါဝင်တဲ့ အော်ဂဲနစ်ဓာတ်ကြောင့်ဖြစ်ပါတယ်။ ငှက်ပျောသီးစားရင် သဘာဝထုံးဓာတ်ရမယ်ပေါ့။ ဒါ့အပြင် အဲဒီထုံးဓာတ်တွေကို ခန္ဓာကိုယ်က စုပ်ယူဖို့ကောင်းရေးအတွက် အူထဲမအကျိုးပြု ဗက်တီးရီးယားတွေလိုပါတယ်။ အဲဒီဗက်တီးရီးယားတွေက အစာကို ချေဖျက်ပြီး သူ့မှာပါဝင်တဲ့ ထုံးဓာတ်တွေကို သွေးထဲထည့်ပေးတာ လုပ်ရတယ်။ ငှက်ပျောသီးမှာပါဝင်တဲ့ ဓာတ်ပစ္စည်းတွေက အကျိုးပြုဗက်တီးရီးယားတွေအတွက် ကောင်းမွန်တဲ့ အာဟာရဓာတ်တစ်မျိုးဖြစ်ပါတယ်။ ဒါကြောင့် ထုံးဓာတ်တွေစုပ်ယူတာကို အားပေးတာမို့ အရိုးအဆစ်တွေ သန်မာဖို့ အားပေးပါတယ်။ ဒါ့အပြင် အမျိုးသမီးတွေအသက်ကြီးလာရင် အရိုးပွရောဂါကာကွယ်ရေးအတွက် အရိုးထဲကနေ ထုံးဓာတ်တွေ သွေးထဲထွက်မလာနိုင်အောင် လုပ်ပေးတဲ့အတွက် ကျောက်ကပ်မှာ ကျောက်တည်တဲ့ ရောဂါကိုလည်း တစ်ပြိုင်တည်း ကာကွယ်ပြီးသားဖြစ်သွားပါတယ်။

မေး ။ ။ငှက်ပျောသီးမှာ အချိုဓာတ်ရှိတော့ ဆီးချိုရောဂါသည်တွေ စားလို့ရနိုင်မလားဆိုတာ သိရှိလိုပါတယ်။

ဖြေ ။ ။ဆီးချို သွေးချိုသမားတွေအတွက်တော့ ငှက်ပျောသီးအများကြီးစားလို့မရပါဘူး။ နည်းနည်းပဲစားရမှာပါ။ နှစ်ရက်ကို တစ်လုံးလောက်ပေါ့။ ငှက်ပျောသီးမှာပါဝင်တဲ့ စတော့ချ်တွေ၊ ကာဗိုဟိုက်ဒြိတ်တွေက ခန္ဓာကိုယ်ထဲမှာ ဂလူးကို့စ်တွေ တက်လာနိုင်ပါတယ်။ တစ်ရက်ကို ငှက်ပျောသီးတစ်လုံးရဲ့ တစ်ခြမ်းလောက်စားရင်တော့ ဆီးချို သွေးချိုသမားတွေအတွက် အန္တရာယ်ကင်းနိုင်ပါတယ်။

မေး ။ ။ဈေးတွေ ဆိုင်တွေမှာရောင်းနေတဲ့ ငှက်ပျောသီးတွေဟာ မြန်မြန်မှည့်စေတဲ့ဆေးတွေစိမ်ပြီး ရောင်းကြတယ်လို့ ပြောကြတယ်။ အဲဒီဆေးက ကျန်းမာရေးကို ထိခိုက်မှုဖြစ်စေလားဆိုတာ ရှင်းပြပေးပါဦး။

ဖြေ ။ ။ဟုတ်ပါတယ်။ ငှက်ပျောသီးတွေနဲ့ အခြားအသီးတွေကို မြန်မြန်မှည့်အောင် ဆေးစိမ်ရောင်းနေကြတာ တွေ့ရပါတယ်။ မြန်မာနိုင်ငံမှာ အသုံးများတဲ့ ဆေးကတော့ တရုတ်ကလာတဲ့ အက်သီဖွန်(Ethephon)ဆေးပါပဲ။ အပင်တွေကို ကြီးထွားအောင် ရင့်မှည့်စေအောင် ပြုလုပ်တဲ့ပစ္စည်းလို့ အဓိပ္ပာယ်ရပါတယ်။ ဆေးတစ်ပုလင်းမှာ အက်သီဖွန် ၄၀၀ ဂရမ်ပါတယ်။ ပြင်းအားက ၄၀ ရာခိုင်နှုန်းဖြစ်ပြီး အညွှန်းမှာတော့ ဆေးတစ်ဆကို ဓရအဆ ၅၀၀ နဲ့ ရောစပ်ရမှာဖြစ်ပါတယ်။ သူ့နည်းအတိုင်း ရေနဲ့ဆေး ရောစပ်အသုံးပြုပြီးသုံးရင် အန္တရာယ်မရှိနိုင်ပါဘူး။ ဆေးပုလင်းသက်တမ်းက နှစ်နှစ်ခံတာမို့ ရေနဲ့ အချိုးအဆအတိုင်းဖျော်စပ်ပြီး မြန်မြန်အသုံးပြုရမှာဖြစ်ပါတယ်။ ဒီဆေးက လူ့ပါးစပ်ထဲ တိုက်ရိုက်ဝင်လို့တော့မရပါဘူး။ ပြင်းထန်တဲ့ ဓာတုဗေဒဓာတ်ပစ္စည်းတစ်မျိုးပါ။ ဒါကြောင့် ရေအဆ ၅၀၀ နဲ့ရောပြီး သုံးပါလို့ သတိပေးထားတာဖြစ်ပါတယ်။ အက်သီဖွန်ဆေးဟာ ရေနဲ့အချိုးအဆအတိုင်း ဖျော်စပ်ပြီးစိမ်လိုက်ရင် အက်သီဖွန်ဆေးရည်ဟာ ငှက်ပျောသီးအခွံကတစ်ဆင့် စိမ့်ဝင်သွားပြီးနောက် အီသိုင်းလင်းဓာတ်ငွေ့ထွက်လာပါတယ်။ အဲဒီအီသိုင်းလင်းဓာတ်က ငှက်ပျောသီးအသားထဲမှာရှိတဲ့ အမိုင်းလေ့စ်အင်ဇိုင်းကို ယှဉ်ဆော်ပြီး မှည့်အောင်ပြုလုပ်တာ ဖြစ်ပါတယ်။ ဒီဆေးကို တစ်ကမ္ဘာလုံးသုံးကြပြီး လူသုံးဖို့လည်း ခွင့်ပြုထားပါတယ်။ အမေရိကန် FDA ကရော ဥရောပကပါ ခွင့်ပြုထားတာမို့ သတ်မှတ်ထားတဲ့အတိုင်း အသုံးပြုရင် စနစ်တကျဆေးစိမ်ထားတဲ့ ငှက်ပျောသီးမှည်တွေကို စားသုံးလို့ရပါတယ်ဟု ဒေါက်တာခင်မောင်လွင် (FAME) က ဖြေကြားသွားသည်။ **(မြန်မာ့အလင်း)**

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်
မူးယစ်ဆေး

အရဟံဂုဏ်တော်ကို လက်တွေ့ကျင့်ကြံပွားများ အားထုတ်လို့ရအောင် မြန်မာစကားပြေသက်သက်ဖြင့် ရေးပြထားပါတယ်။

မှုရေခတစ၌

ရင်ထဲက အရဟံ
ရဝေနွယ်(အင်းမ) ထွက်ပြီ
တန်ဖိုး - ၂၅၀ကျပ်

- ဖြန့်ချိရေး-နေလစာပေ-ဖုန်း - ၀၉၇၃၂၄၅၁၈၈၊ ၀၉၅၁၀၈၅၈၁
- ပင်ရင်း-NEW DAY ဖုန်း - ၀၉၇၃၀၂၆၆၇၄၊ ၀၉၇၃၁၀၃၆၃၄

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့၊ အမှတ်(၂၂)၊ ရန်ကုန်-ပြည်လမ်း၊
(၄)ရပ်ကွက်နေ
ဦးစန်းမြင့်-ဒေါ်တင်တင်ဝင်းတို့၏သားကြီး

ဗိုလ်ကြီးနိုင်မျိုးထိုက်

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊
အမှတ် (၃)နေ
ဦးလှထွန်း-ဒေါ်ခင်ခင်ဦးတို့၏သမီးလတ်

ဒေါက်တာအေးအေးမိုး(ခ)ဒေါက်တာမြရတနာသိုက်

တို့သည် ၁၂-၅-၂၀၀၉ရက်တွင် နေပြည်တော်မြို့နယ်တရားရုံး၊ ဂုဏ်သရေရှိ လူကြီးမင်းများ၏ရှေ့မှောက်၌ ထက်ထပ်ပြီးစီးပါကြောင်း။

ဗိုလ်ကြီးနိုင်မျိုးထိုက်-ဒေါက်တာအေးအေးမိုး(ခ)
ဒေါက်တာမြရတနာသိုက်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်၊ ဝက်မှေး၊ ကံတော(ရွာသစ်)နှင့် ဇီးတော၊ ဆည်တဲရွာသစ်ကျေးရွာများတွင် မူကြိုကျောင်းများ တည်ဆောက်မည်ဖြစ်၍ တည်ဆောက်လိုသည့် ကုမ္ပဏီများသည် အောက်ဖော်ပြပါအချက်များနှင့်အညီ အိတ်ဖွင့်ထင်ဒါထင်သွင်းနိုင်ပါသည်-

(က) ဆားလင်းကြီးမြို့နယ်၊ ဝက်မှေး၊ ကံတော(ရွာသစ်)နှင့် ဇီးတော၊ ဆည်တဲရွာသစ်ကျေးရွာများတွင် မူကြိုကျောင်းများ ဆောက်လုပ်မည်။

(ခ) ဆောက်လုပ်လိုသည့်ကုမ္ပဏီများသည် ကော်မတီက သတ်မှတ်ထားသောဒီဇိုင်းပုံစံနှင့် ပါရှိရမည့် အခြေခံအဆောက်အအုံအတိုင်း တွက်ချက်၍ အသေးစိတ် ရေးဆွဲတင်ပြရန်၊

(ဂ) တင်ဒါတင်သွင်းမည့် ကုမ္ပဏီအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်ရန်နှင့် Profileတင်ပြရမည်။

(ဃ) အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ရယူ၍ အောက်ပါအစီအစဉ်အတိုင်း လျှောက်ထားရမည်-

(၁) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက် - ၈-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့)
(၂) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်အချိန် - ညနေ ၁၆း၀၀နာရီ
(၃) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ - စစ်ကိုင်းတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ရုံး၊ မုံရွာမြို့

(င) သတ်မှတ်ရက်အချိန်ထက်ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက်များကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ဖုန်း-၀၉-၆၇၀၁၅၅၁၊ ၀၇၁-၂၂၅၃၃၊ ၀၇၁-၂၂၇၇၃ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့

ကျွန်မဒေါ်ရီရီတင်၏ ကျွန်မောင်နှမများဖြစ်သော ဒေါ်မြင့်မြင့်နိုင်၊ ဒေါ်ဝင်းဝင်းတင်၊ ဦးအောင်နိုင်နှင့် အများသိစေရန်

[illegible]

ဦးစော်ထွန်းအောင် [LL.B]
အထက်တန်းရှေ့နေ [စဉ် - ၂၇၄၇၅]
[illegible] ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- [illegible]

နိုင်ငံတကာအားကစားသတင်း

ဖလွိုက်မေဝဲသားနှင့် ဂူယာရီယို ထိုးသတ်မည်

ကမ္ဘာကျော်လက်ဝှေ့သမား ဖလွိုက်မေဝဲသားတ ၎င်းအနေဖြင့် ယူတေတွင် ပထမဆုံးအကြိမ် ထိုးသတ်သွားရန် စိစဉ်နေကြောင်း ၎င်း၏အကြံပေး လီယိုနတ်အယ်ဆာဘေးတ ပြောကြားသည်။

ကမ္ဘာ့ချန်ပီယံခါးပတ်ရစ်ဆုရ မေဝဲသားသည် လာမည် မေ ၆ ရက်တွင် လက်စ်ဗီးဂက်မြို့၌ ဝယ်တာဝိတ်တန်းပြိုင်ပွဲအဖြစ် ယောဘတ်ဂူယာရီယိုနှင့် ထိုးသတ်သွားမည်ဖြစ်သည်။ မေဝဲသားသည် ပြီးခဲ့သည့်နှစ် မေလတ ဒဗလျူဘီအေလိုက်မစ်ဒယ်ဝိတ်တန်းပြိုင်ပွဲအဖြစ် မီဘဲလ်တော့တို့အား ထိုးသတ်အနိုင်ယူပြီးနောက် ပထမဆုံးအကြိမ်ကြိုးဝိုင်းထဲ ပြန်ရောက်လာခြင်းဖြစ်သည်။

....

မော်ရင်ဟို ရီးရဲမက်ဒရစ်မှ ထွက်ခွာဖွယ်ရှိ

လာမည် ဘောလုံးရာသီတွင် ရီးရဲမက်ဒရစ်နည်းပြအဖြစ် ဆက်လက်ရှိလိမ့်မည်မဟုတ်ကြောင်း၊ မိမိကိုလိုလားသည့် နေရာသစ်သို့ ပြောင်းရွှေ့သွားရန် စီစဉ်နေပြီဖြစ်ကြောင်း ရီးရဲမက်ဒရစ်နည်းပြ မော်ရင်ဟိုက ပြောကြားသည်။

အသက် ၅၀ အရွယ်ရှိ ချယ်လ်ဆီးနည်းပြဟောင်း မော်ရင်ဟိုသည် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ဒုတိယအကျော့အပြီး ရီးရဲမက်ဒရစ်မှ နုတ်ထွက်ရန် ကြိုးစားလျက်ရှိသည်။ ရီးရဲမက်ဒရစ်အသင်းသည် ဂျာမန်တလပ် ဒေါ့မွန်ကို နှစ်ကျော့ပေါင်း လေးဂိုး-သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ပေါ်တူဂီသား မော်ရင်ဟိုအား အင်္ဂလန်ကလပ်အသင်းများက ခေါ်ယူရန် ကြိုးစားလျထ်ရှိသည်။ မော်ရင်ဟိုသည် ၂၀၀၇ ခုနှစ်က ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်နှင့် အဆင်မပြေဖြစ်ခဲ့ပြီးနောက် အသင်းဖြောင်းရွှေ့ခဲ့သည်။ သို့သော်လည်း မော်ရင်ဟိုသည် ချယ်လ်ဆီးအသင်းနှင့်အတူ ပရီမီယာလိဂ်ဖလား နှစ်လုံးနှင့် ပြည်တွင်းဖလားသုံးလုံး ဆွတ်ခူးပေးနိုင်ခဲ့သည်။

....

ဘိုင်ယန်မြူးနစ်ကစားသမား ခြောက်ဦး ဗိုလ်လုပွဲနှင့် လွဲချော်နိုင်ဟုဆို

ဘိုင်ယန်မြူးနစ်ကစားသမားခြောက်ဦးသည် အဝါကတ်တစ်ကတ်စီထိထားသဖြင့် ဗိုလ်လုပွဲနှင့် လွဲချော်နိုင်ကြောင်း နည်းပြဟေးနက်စ်က ဖြေသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့တွင် ဘာစီလိုနာကို လေးဂိုးပြတ်ဖြင့် အနိုင်ရရှိထားသည်။ တေးနက်စ်က ဒုတိယအကျော့ပြိုင်ပွဲအတွက် အဓိကကစားသမားများခေါ်ယူထားသည်။ သို့သော်လည်း ဖီးလစ်လမ်း၊ ရဝိန်စတိန်ဂါ၊ မာတိနက်ဇ်၊ လူးဝစ်ဂူစတာဗို၊ ဒန်တီနှင့်မာရီယိုဂိုမက်ဇ်တို့သည် အဝါထပ်ရောင်ရန် လိုအပ်သည်။ ယင်းတို့သည် အဝါကတ်ထိပါက ဗိုလ်လုပွဲနှင့် လွဲချော်နိုင်သည်။

////////////////////////////// ကောင်းမြတ်သူ - ရေးသားသည်

ရီးရဲမက်ဒရစ်တို့ ချန်ပီယံလိဂ်အိပ်မက် ပျက်သုဉ်းခဲ့ရပြီ

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ် ရီးရဲမတ်ဒရစ်နဲ့ ဒေါ့မွန်တို့ မေ ၁ ရက် နံနက်တ ယှဉ်ပြိုင်တစားတဲ့အခါ ရီးရဲမက်ဒရစ်တို့က နှစ်ဂိုးပြတ်နဲ့ အနိုင်ရအောင် ထစားခဲ့ပေမယ့် နှစ်တော့ပေါင်းရလဒ် သုံးဂိုး-လေးဂိုးနဲ့ ဒေါ့မွန်တို့အနိုင်ရရှိပြီး ဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့ပြီဖြစ်ပါတယ်။

ရီးရဲမထ်ဒရစ်ဟာ ဒုတိယအကျော့ပွဲစဉ်မှာ ဂိုးပြတ်သွင်းယူပြီး အနိုင်ယူဖို့ စိတ်ဓာတ်နဲ့ ယှဉ်ပြိုင်ကစားခဲ့ပေမယ့် ဒေါ့မွန်တို့က တည်တည်ငြိမ်ငြိမ်နဲ့ တုံ့ပြန်ကစားခဲ့တာကြောင့် မျှော်မှန်းထားသလို ဂိုးတွေ မရရှိခဲ့ပါဘူး။ ရီးရဲမက်ဒရစ်ဟာ စီရိုနယ်ဒို၊ အိုဇေးလ်၊ ဟီဂွအင်၊ ဒီမာရီယာ၊ မိုဒရစ်၊ အလွန်ဆို၊ ရာမို့စ်တို့လို ထစားသမားထောင်းတွေ တုတ်သုံးခဲ့ပေမယ့် ထင်တိုင်းမပေါက်ဘဲ ဖြစ်ခဲ့ရပါတယ်။

ရီးရဲမက်ဒရစ်တို့ဟာ ပွဲအစကတည်းက ပြန်နှုန်းမြှင့်ပြီး ကစားအားတင် ဖိအားပေးကစားခဲ့ပေမယ့် နည်းပြ ဂျော်ဂန်တလော့ဗ်ရဲ့ ဒေါ့မွန်တို့က တည်တည်ငြိမ်ငြိမ်နဲ့ ရီးရဲမက်ဒရစ်ရဲ့ တိုက်စစ်ကို ဟန့်တားခဲ့ပါတယ်။ ဒေါ့မွန်တိုက်စစ်မှူး လီဝမ်ဒေါစတီးရဲ့ အမှတ်မထင် တန်သွင်းချက်တွေကလည်း မသေချာခဲ့လို့ ဒေါ့မွန်တို့ ဂိုးမရဘဲ ဖြစ်တာပါ။

ဒါ့အပြင် ခြောတ်တိုတ်အတွာတ ဒေါ့မွန်တစားသမား ရီအတ်စ်ရဲ့ ဖြတ်ပေးလိုက်တဲ့ ဘောလုံးကို ဂန်နီဂင်ကန်သွင်းတာ ရီးရဲမက်ဒရစ်ဂိုးသမား လိုပက်ဇ် ကာကွယ်နိုင်ခဲ့လို့ ဒေါ့မွန်တို့ နစ်နာခဲ့ရပါတယ်။ ဒေါ့မွန်ဟာ ဂိုးမပေးရရေးနဲ့ ဂိုးရရှိရေးကို ဟန်ချက်ညီအောင် ကစားနိုင်ခဲ့တာမို့ ရီးရဲမက်ဒရစ်တို့ ပထမပိုင်းပွဲချိန်အတွင်းမှာ ဂိုးမသွင်းနိုင်ခဲ့ပါဘူး။

ဒုတိယပိုင်းပွဲချိန်အတွင်းမှာ ရီးရဲမက်ဒရစ်တို့က ဟီဂွအင်အစား ဘင်ဇီမာ၊ အလွန်ဆိုအစား ခီဒီယာနဲ့ ကာတာတို့ကို ထည့်သွင်းကစားခဲ့ပေမယ့် ဂိုးသွင်းယူနိုင်ရေးအတွက် အခက်အခဲတွေ ဖြစ်နေခဲ့ပါတယ်။ ပွဲချိန် ၈၂ မိနစ်ရောက်မှပဲ ရီးရဲမက်ဒရစ်အတွက် ဘင်ဇီမာက တစ်ဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။ ပွဲချိန် ၈၈ မိနစ်မှာ ရာမို့စ်က တစ်ဂိုးသွင်း ယူခဲ့လို့ နောက်ထပ်တစ်ဂိုးသွင်းယူရေး ဖိအားပေးကစားခဲ့ပေမယ့် ပွဲချိန်ပြည့်တဲ့အထိ ဂိုးထပ်မံမသွင်းနိုင်တာကြောင့် နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-လေးဂိုးနဲ့ ရီးရဲမက်ဒရစ်တို့ ချန်ပီယံလိဂ်ဖလား အိပ်မက် ပျက်သုဉ်းခဲ့ရခြင်းဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်ဟာ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲကို သုံးနှစ်ဆက်တိုက် တက်ရောက်နိုင်ခဲ့ပြီး သုံးကြိမ်စလုံး ပြိုင်ပွဲမှ ထွက်ခဲ့ရတဲ့ ပထမဆုံး အသင်းဖြစ်လာပါတယ်။ ရီးရဲမက် ဒရစ်ဟာ ၂၀၁၁ ခုနှစ် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲမှာ ဘာစီလိုနာကိုရှုံးပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရသလို ၂၀၁၂ ခုနှစ် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲမှာလည်း ဘိုင်ယန်မြူးနစ်ကိုရှုံးပြီး ထွက်ခဲ့ရတဲ့အဖြင် ဒီနှစ်မှာလည်း ဒေါ့မွန်ကိုရှုံးပြီး ထွက်ခဲ့ရတဲ့အသင်းဖြစ်ပါတယ်။

ဒေါ့မွန်အသင်းတတော့ ၁၆ နှစ် အတွင်းမှာ ဒုတိယအကြိမ်အဖြစ် ချန်ပီယံလိဂ်နောထ်ဆုံးဗိုလ်လုပွဲ တက်ရောထ်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ၁၉၉၆ ခုနှစ်နောထ်ပိုင်း ၂၀၀၂ ခုနှစ်က နောက်ဆုံးဗိုလ်လုပွဲ တထ်ရောထ်နိုင်ခဲ့ပြီးနောထ် အခု ဒုတိယအကြိမ် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ။

မိုးမြင့်လင်းလက် ရေးသည်

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- ❖ လီဗာပူးအသင်းသည် ဘာစီလိုနာနောက်ခံလူ မွန်တိုယာအား ခေါ်ယူရန် ပြင်ဆင်လျက်ရှိသည်။
- ❖ စပါးအသင်းသည် အသက် ၂၃ နှစ်အရွယ်ရှိ ဘရာဇီးတိုက်စစ်မှူး ဒါမီရာအိုအား ခေါ်ယူစာချုပ်မည်ဖြစ်သည်။
- ❖ မန်ယူအသင်းသည် ဂျူဗင်တပ်စ်အသင်းမှ အသက် ၂၇ နှစ်အရွယ်ရှိ ထွင်းလယ်ထစားသမား မာချီစီရိုအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။
- ❖ ရီးရဲမတ်ဒရစ်အသင်းသည် စပါးမှ ဂါရတ်ဘေးလ်အား ပြောင်းရွှေ့ကြေးပေါင် သန်း ၆၀ ပေးမည်ဖြစ်ကြောင်း ရီးရဲမက်ဒရစ်အသင်းအား တစားဒါရိုတ်တာတစ်ဦးဖြစ်သည် ဇီဒန်းတ ပြောကြားသည်။
- ❖ မန်ယူအသင်းသည် အသက် ၃၈ နှစ်အရွယ်ရှိ တွင်းလယ်လူပေါလ်စခိုးအား အနားပေးမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။
- ❖ ကျူပ်အာအသင်းမှ တိုက်စစ်မှူး ဆစ်ဆေး၊ ဂိုးသမားဂျူလိုရိုဆီဆာနှင့် တိုထ်စစ်မှူး ရီမီတို့သည် အသင်းမှထွထ်ခွာကြမည်ဖြစ်ကြောင်း မီဒီယာများထ ဖော်ပြသည်။
- ❖ ဗီလာအသင်းသည် တိုက်စစ်မှူး ခရစ်စတင်းဘန်တီထီအား စာချုပ်အသစ်ထပ်မံချုပ်ဆိုမည်ဖြစ်သည်။
- ❖ ယူကရိန်းကလပ် ရက်တာဒိုးနက်အသင်းမှ နောက်ခံလူ ရာဇင်ရက်ကို ဝထ်စ်ဟမ်းထ ခေါ်ယူရန် သဘောတူညီမှုရရှိထားပြီဖြစ်သည်။
- ❖ မန်ယူတ ဒေါ့မွန်တိုက်စစ်မှူးလီဝမ်ဒေါစကီးနှင့် အတ်သလတ်တိက်မတ်ဒရစ်တိုက်စစ်မှူး ဖယ်လ်တာအိုတို့အား ခေါ်ယူလျှင် မိမိအနာဂတ် ရပ်တည်မှုအတွက် စဉ်းစားရမည်ဟု ရွှန်းနေက ပြောကြားသည်။

မင်္ဂလာညည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်း၊ အမှတ် ၃၀၄၊ Tosta Plaza နေ
ဦးသန်းထွန်း-ဒေါ်တင်ကျွေ တို့၏သား၊ ကိုစောနိုင်၏ညီ

မောင်သန်းနိုင်

နှင့်

မော်လမြိုင်မြို့၊ ဗဟိုလမ်းသွယ်၊ မရမ်းကုန်းရပ်၊ အမှတ် ၈နေ
ဦးစိုးမြတ်(ခ)ဦးဝိန်း-ဒေါ်စန်းစန်းအိ တို့၏ဒုတိယသမီး

မကေခိုင်မြတ်
[B.Sc(Hons:), M.Sc (Physics)]

တို့၏ ၂၂-၄-၂၀၁၃ရက် (တနင်္လာနေ့)တွင် ရန်ကုန်မြို့၌ မင်္ဂလာလက်မှတ်ရေးထိုးပေးပါသော လက်ထောက်ညွှန်ကြားရေးမှူးပြစ်မှုဌာန၊ တိုင်းဒေသကြီးတရားလွှတ်တော်ထရားသူကြီး ဒေါ်နွယ်နွယ်ရီအားလည်းကောင်း၊ ၂၇-၄-၂၀၁၃ရက် (စနေနေ့)တွင် ရန်ကုန်မြို့ Sedona Hotel, Grand Ballroom ၌ ကျင်းပပြုလုပ်သော မင်္ဂလာညည့်ခံပွဲအခမ်းအနား၌ မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းချီးမြှင့်ပေးပါသော ဒေါက်တာသန်းဦး မကွေးသင်ကြားရေးဆေးရုံအုပ်ကြီး (ငြိမ်း)နှင့် ဇနီး ဒေါ်အေးအေးသန့်၊ မင်္ဂလာလက်ထပ်စိန်လက်စွပ်များ ဆင်မြန်းချီးမြှင့်ပေးပါသော ဦးမျိုးအောင် (Sun Myanmar Group of Company-Managing Director)နှင့် ဇနီး ဒေါ်ခင်ရီမွန် (Sun Myanmar Group of Company- Director)၊ မင်္ဂလာပန်းကြဲပေးပါသော မခင်မော်နွေးထွေးဦး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ကလပ် ကိုင်ဆောင်ပေးပါသော မခင်စုလှိုင်ထွန်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော မမေသက်ထွန်း၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးပေးပါသော ဦးမောင်မောင်ညပ်နှင့် ဦးအကိုင်းအဖွဲ့တို့အားလည်းကောင်း၊ မင်္ဂလာတေးသံသာများဖြင့် ညည့်ခံဖျော်ဖြေပေးပါသော Royal Music Band Group အားလည်းကောင်း၊ ၂၈-၄-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် Western Park Royal (Jade Room)၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာ စားပွဲအခမ်းအနား၌ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးခင်မောင်မြင့်အားလည်းကောင်း၊ Sedona Hotel နှင့် Western Park Royal မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ပေးကြပါသော မော်လမြိုင်နှင့် ရန်ကုန်မြို့မှ ဆွေမျိုးမိတ်သင်္ဂဟများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သန်းနိုင်-မကေခိုင်မြတ်

ရောင်းမည်

အမည်ပေါက် Corolla station wagon
CNG -70L၊ Taxi ဝ/---
ဖုန်း-၀၉-၇၃၀၆၅၇၇၉

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဝင်းနိုင်(ခ)ဦးဝင်းမောင် Passport No- M.883102 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။ ဖုန်း-၀၉-၅၂၁၁၅၆၇
အိမ် ဖုန်း-၀၁-၅၅၁၇၄၉

ပျောက်ဆုံးခြင်း

မောင်မျိုးခန့် ၁၀/ရမန(နိုင်)၁၀၁၄၄၇ ၏ နိုင်ငံကူးလက်မှတ် M -822645 ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါကအကြောင်းကြားပါ။ ဖုန်း-၄၀၂၅၈၅၂၇၉

ဆာကူရာ အင်္ဂလိပ်စာသင်တန်း
Ph: 01-375970, 0951 72096, 0950 47516

ရွှေစည်းစိမ်
01-248970, 09-73051465

PLUS FOREVER
SPORTS JOURNAL

ရောင်းမည်

ကျပ် (၅၅)သိန်း

တစ်ရာသီနှင့် အရင်းကျသော လေးလုံးထိုးထော်လာဂျီ (5-ton) ဒီဇယ်အရည် ၁၀ပေ ခြောက်ဘီး။ ဖုန်း-၀၉-၅၀၅၁၄၈၂

လပြည့် 09-50-37438 532200

သရာအာသ SUCCESS Language Academy 202046 256954
Y.W.C.A 0949249463

- Basic English Speaking: 7:30-10:30 Sat+Sun 4 May; 7:30-9 Mon-Thurs 6 May; 3:30-5 Mon-Thurs 6 May
- Four Skills English (Basic): 2-5:00 Sat+Sun 4,11 May; 1-2:30 Mon-Thurs 6,13 May; 6-7:30 Mon-Thurs 6 May; 10-11:30 Mon-Thurs 20 May
- Pre-Intermediate (4-Skill English): 7:30-9 Mon-Thurs 6 May; 2-5:00 Sat+Sun 11 May; 10-11:30 Mon-Thurs 20 May
- Intermediate (Academic English): 1-2:30 Mon-Thurs 22 Apr; 7:30-9 Mon-Thurs 6 May
- Saturday+Sunday (9:30-11:30a.m.) June 8
- Vocab Enrichment: 7:30-9 Mon-Thurs 13 May; 10-11:30 Mon-Thurs 20 May
- Basic Grammar: 7:30-9 Mon-Thurs 6 May; 3:30-5 Mon-Thurs 20 May
- Basic Writing: 9:30-11:30 Sat+Sun 25 May
- Intermediate Writing: 7:30-9:30 Sat+Sun 20 Apr
- IELTS Four Skills: 7:30-9:30 Mon-Thurs 20 May
- IELTS Exam Practice: 7:30-10:30 Sat+Sun 18 May
- IELTS Speaking: 1-2:30 Mon-Thurs 22 Apr
- IELTS Reading: 7:30-9:30 Mon-Thurs 22 Apr
- IELTS Writing: 3-5:00 Sat+Sun 27 Apr
- Marlins English 4:30-7:30 (Sat+Sun) Apr 27

ဗုဒ္ဓရုပ်ပွားတော် ၃၀၀၀ကျော် ဗုဒ္ဓါဘိသေကအနေကဇာကပ်မင်္ဂလာကျင်းပ

ရန်ကုန် မေ ၁

ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းသို့ ကြွချီတော်မူမည် ဗုဒ္ဓရုပ်ပွားတော်အဆူ ၃၀၀၀ ကျော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် ရွှေတိဂုံစေတီတော်ကြီး၏ ရှင်ငွေ့တော်ခိုလှုံသည် မင်္ဂလာအခမ်းအနားကို ဧပြီ ၂၉ ရက် နံနက် ၅ နာရီခွဲက ရွှေတိဂုံရင်ပြင်တော် ထီးတော်ရံ တန်ဆောင်း၌ ကျင်းပရာ ရှေးဦးစွာ ဆရာတော်သံဃာတော်များက ဗုဒ္ဓရုပ်ပွားတော်များကို အနေကဇာတင်တော်မူကြသည်။

ယင်းနောက် ဘုရားအလှူရှင် ဦးမျိုးအောင် ဥက္ကဋ္ဌ၊ စိမ်းစကိုင်းကုမ္ပဏီနှင့် ကြွရောက်လာကြသော ဧည့်ပရိသတ်များက ဆရာတော်များထံမှ ငါးပါးသီလခံယူတော်မူ၍ လှူဖွယ်ဝတ္ထုများကို ဆက်ကပ်ကာ ပရိတ်တရားနာ ရေစက်သွန်းချ အမျှဝေပြီး အရဏ်မန်ဆွမ်းများ ဆက်ကပ်ကြသည်။

ဗုဒ္ဓရုပ်ပွားတော်များ မြန်မာပြည်အရပ်ရပ်သို့ ပေးပို့လှူဒါန်းနေသည် စိမ်းစကိုင်းကုမ္ပဏီသည် ယနေ့အနေကဇာတင်၍ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး အစွန်အဖျားသို့ ပို့ဆောင်ပေးမည် ဗုဒ္ဓရုပ်ပွားတော်အဆူ ၃၀၅၀နှင့်ပါဆိုလျှင် ဗုဒ္ဓရုပ်ပွားတော်ပေါင်း တစ်သိန်းကျော်ကို ပြည်နယ်နှင့်တိုင်း ၁၄ခုမှ ဗုဒ္ဓဘာသာဝင်သူတော်စင်များ ကိုးကွယ်နိုင်ကြစေရန် ပေးပို့လှူဒါန်းခဲ့ပြီး လှူဒါန်းခဲ့သော ဗုဒ္ဓရုပ်ပွားတော်များသည် ဉာဏ်တော်အမြင့် ၉ လက်မရှိပြီး ရွှေတိဂုံစေတီတော်ကြီးထွင် လူအများကပ်လှူပူဇော်ပြီးခဲ့သောပန်းပေါင်းစိတ်ကို အခြောက်ခံကြိတ်၍ ဒွာပနာထားကာ မိုသွန်းထုလုပ်ခဲ့သော ဗုဒ္ဓရုပ်ပွားတော်များဖြစ်သည်ဟု သိရသည်။

စိမ်းစကိုင်းကုမ္ပဏီအနေနှင့် ဗုဒ္ဓရုပ်ပွားတော်များ ထုလုပ်လှူဒါန်းသွားမည် ရည်မှန်းချက်မှာ ရုပ်ပွားတော်အဆူပေါင်း ၅၁၂၁၂၈အထိ ထုလုပ်၍ ဆက်လက်လှူဒါန်းသွားမည်ဖြစ်၍ ကိုးကွယ်လိုသော ဗုဒ္ဓဘာသာဝင်သူတော်စင်များအနေနှင့် ဦးမျိုးအောင် ဥက္ကဋ္ဌ၊ စိမ်းစကိုင်းကုမ္ပဏီ ဖုန်း-၀၉-၄၉၆၆၆၆၆၆သို့ ဆက်သွယ်မှာယူကိုးကွယ်နိုင်ကြောင်း သိရသည်။

(ခရမ်းစိုးမြင့်)

မြတ်မေတ္တာသို့ လူနာတင်ယာဉ် လှူဒါန်း

သာပေါင်း မေ ၁

သာပေါင်းမြို့နယ် မြတ်မေတ္တာ လူမှုကူညီရေးအသင်းသို့ ဒေါ် သောင်းညွန့်(မြတ်ရတနာရွှေဆိုင်)မှ လူနာတင်ယာဉ် စူပါကာစတန်တစ်စီး လှူဒါန်းပေးအပ်လွှဲပြောင်းပွဲ အခမ်းအနားကို ဧပြီ ၂၄ရက် နံနက် ၇နာရီက မနီစီကျောင်းတိုက်၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဌာနဆိုင်ရာလူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များ တတ်ရောက်ကြသည်။ ငွေကျပ် ၇၂ သိန်း တန်ဖိုးရှိ လူနာတင်ယာဉ်ကို အလှူရှင်က အသင်းဘဏ္ဍာရေးမှူး ဦးကျော်ထင်းထံ မော်တော်ယာဉ်စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

သန်းသန်းစိုး(သာပေါင်း)

ပြည်တွင်းသတင်း

တိပိဋကစက္ကုပါလအဖွဲ့ မျက်စိ အလင်းအလှူပွဲ ပုဏ္ဏားကျွန်း၌ ကျင်းပမည်

ပုဏ္ဏားကျွန်း မေ ၁

(၁၁) ပါးမြောက် ဝိဋကတ်သုံးပုံအာဂုံဆောင် ဝိဋကရေမ္မဘဏ္ဍာဂါရိက (ရခိုင်ဆရာတော်) အရှင်ကုန္ဒပါလဦးဆောင်သည် တိပိဋကစက္ကုပါလအဖွဲ့၏ (၁၀)ကြိမ်မြောက် မျက်စိအလင်းအလှူပွဲကြီးကို မျက်စိပညာရှင် အကျိုးဆောင် မျက်စိအထူးခွဲစိတ်ဆရာဝန်ကြီး ဒေါက်တာအေးထွန်းနှင့် မျက်စိပညာရှင် ဆရာဝန်ကြီး ၁၁ ဦး၊ အရေပြားအထူးကုဆရာဝန်ကြီးတစ်ဦး၊ အထွေထွေသမားတော်ကြီး တစ်ဦးတို့က မေ ၁ ရက်မှ ၄ ရက်အထိ ပုဏ္ဏားကျွန်းမြို့ ပြည်သူ့ဆေးရုံကြီး၌ မျက်စိဝေဒနာရှင်များအား (အခမဲ့) ကုသစောင့်ရှောက်ပေးမည်ဖြစ်သည်။

၎င်းမျက်စိအလင်းအလှူပွဲကြီး အောင်မြင်စွာပြီးမြောက်ရေးအတွက် ကုန်ကျစရိတ်အားလုံးကို ကချင်ပြည်နယ် ဖားကန့်ဒေသနေ ပုဏ္ဏားကျွန်းမြို့နယ် ဖြင်လျှားရှည်ကျေးရွာဇာတိ ဦးမောင်သာထွန်းနှင့်ဇနီး ဒေါ်မခင်ညွန့်တို့က ငွေကျပ်သိန်း ၄၀၀ ကုသိုလ်ပြုလှူဒါန်းထားပြီး ရုပ်ဝေးမှလာရောက်ကြသော မျက်စိဝေဒနာရှင်များ၏ တည်းခိုနေထိုင်စားသောက်ရေးကို ကူညီဆောင်ရွက်ပေးမည်ဖြစ်သည်။

၎င်းမျက်စိအလင်းအလှူပွဲကြီး၌ ရပ်နီး/ရပ်ဝေးမှ မျက်စိဝေဒနာရှင် ၂၀၀၀ ခန့်အား ကုသစောင့်ရှောက်ပေးမည်ဖြစ်ပြီး ပညာပါရမီဆရာတော် ဦးဆောင်သည် ဒေသခံစေတနာရှင်များက လုပ်အားဒါနပါဝင်လှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။

သူ(ပုဏ္ဏားမြို)

သဘာဝဘေးကြိုတင်ကာကွယ်ရေးစနစ်ထူထောင်မည်

ပုသိမ် မေ ၁

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစနစ် ထူထောင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၅ ရက် မွန်းလွဲ ၂ နာရီက ပုသိမ်မြို့ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါ်ခင်စောမူနှင့် တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှ တာဝန်ရှိသူများတက်ရောက်ကြသည်။ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုများအား မစ္စတာယိုရှိဟိုကိုယူချီကူရာက ဆွေးနွေးရာ စံပြကျေးရွာတစ်ရွာရွေးချယ်၍ စတင်ဆောင်ရွက်မည်ဖြစ်ပြီး အခြားသော ကျေးလက်ဒေသများသို့ လက်ဆင့်ကမ်းပညာပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ဖွံ့ဖြိုးရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည် လမ်းခင်းပစ္စည်းများကို လမ်းအလိုက်၊ အပိုင်းလိုက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ကျောက်အမျိုးအစား	အရေအတွက်
၁	(က)ခွဲကျောက်မျိုးစုံ	၉၂၀၅.၇၅ ကျင်း

တင်ဒါလျှောက်လွှာပိတ်ရက် - ၈-၅-၂၀၁၃

တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ညနေ ၅း၀၀ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို မုံရွာခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အင်ဂျင်နီယာမှူးရုံးတွင် ၂၉-၄-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၇၁-၂၁၀၁၆

မီးဘေးလုံခြုံရေးအသိပညာပေးအစီအစဉ်များ အသိပေးကြော်ငြာခြင်း

၅-၅-၂၀၁၃ရက်တွင်ကျရောက်မည် (၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့တွင် အမှတ်(၂၇၅/ဘီ)၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ရှိ မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေး အသိပညာပေးရေးဌာနအား စတင်ဖွင့်လှစ်ပါမည်။ ဖွင့်လှစ်ပြီးနောက် မီးဘေးလုံခြုံရေး အသိပညာပေးအစီအစဉ်များကို အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

(က) ၆-၅-၂၀၁၃ရက်မှ ၁၂-၅-၂၀၁၃ရက်အထိ နေ့စဉ် နံနက် (၀၉း၀၀) နာရီမှ ညနေ(၁၆း၀၀)နာရီအထိ ခုနစ်ရက်တိတိ လုပ်ငန်းရှင်များမှ ပြသမည် မီးသတ်ပစ္စည်းကိရိယာပြခန်းများအား ဖွင့်လှစ်ပြသပါမည်။

(ခ) မီးဘေးလုံခြုံရေး အသိပညာပေးအစီအစဉ်များကို ၇-၅-၂၀၁၃ရက်မှစ၍ နံနက်(၀၉း၃၀)နာရီမှ (၁၁း၃၀)နာရီအထိ တစ်ကြိမ်နှင့် မွန်းလွဲ(၁၃း၀၀) နာရီမှ (၁၅း၀၀)နာရီအထိတစ်ကြိမ် ရုံးဖွင့်ရက်အတိုင်း ပြုလုပ်ပေးပါမည်။

(ဂ) မီးသတ်ပြခန်းများအား ၆-၅-၂၀၁၃ရက်မှစ၍ ရုံးဖွင့်ရက်တိုင်း နံနက် (၀၉း၀၀)နာရီမှ (၁၆း၀၀)နာရီအထိ ဖွင့်လှစ်ထားရှိပါမည်။

မီးသတ်ဦးစီးဌာန

မီးဘေးလုံခြုံရေးတာဝန်ခံ (Fire Safety Manager) သင်တန်းများဖွင့်လှစ်မည့်အစီအစဉ် အသိပေးကြော်ငြာခြင်း

မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရေး အသိပညာပေးအစီအစဉ်အဖြစ် မီးဘေးလုံခြုံရေးတာဝန်ခံ(Fire Safety Manager) သင်တန်းအား မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေး အသိပညာပေးရေးဌာန အမှတ်(၂၇၅/ဘီ)၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့တွင် သင်တန်းသား(၅၀)ဦးဖြင့် လစဉ်ဖွင့်လှစ်သွားမည် ဖြစ်ပါသည်။ အဆိုပါသင်တန်းသို့ နိုင်ငံတော်ပိုင်/ပုဂ္ဂလိကပိုင် စက်ရုံ/အလုပ်ရုံ၊ သိုလှောင်ရုံများ၊ ဟိုတယ်/မိုတယ်/တည်းခိုရိပ်သာများ၊ ကုမ္ပဏီများ၊ ဈေးများ၊ မီးဘေးစိုးရိမ်ရသောလုပ်ငန်းများတွင် မီးဘေးလုံခြုံရေးတာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်မည်သူများ တက်ရောက်နိုင်ပါသည်။ သင်တန်းသား အရည်အချင်း သတ်မှတ်ချက်အနေဖြင့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး အသက်(၄၅)နှစ်မကျော်သူ၊ ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရပါမည်။ အသေးစိတ်သိလိုပါက ဖုန်း-၀၁-၂၃၀၅၅၉၆၊ ၀၁-၂၃၀၅၅၉၇၊ ၀၁-၆၆၃၃၅၆၊ ၀၁-၆၆၂၁၅၂တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မီးသတ်ဦးစီးဌာန

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တွင် အသုံးပြုရန်လိုအပ်သော ရုံးသုံးစက်ကိရိယာပစ္စည်းများ၊ ရုံးသုံးပရိဘောဂ၊ ရုံးသုံးမော်တော်ယာဉ်နှင့် လုပ်ငန်းသုံးအခြားပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက် - ၂-၅-၂၀၁၃ ရက်

တင်ဒါပိတ်မည့်ရက် - ၁၃-၅-၂၀၁၃ ရက်

တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊
ပစ္စည်းထောက်ပံ့ရေးဌာန၊ ရန်ကုန်မြို့
အမှတ်(၁၉၇၊ ၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊
အလုံမြို့နယ်
ဖုန်း-၀၁-၂၂၀၈၁၆

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P (Paung Laung) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
	Tender No.06/DHPI/Spare/ 2013-2014	
(က)	**Spare Parts (Heavy Machinery Spare)**	**1 Lot**

၂။ ပစ္စည်းများ၏ (Technical Specification) များအား ၅-၆-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် နောက်ဆုံးထား၍ ကြိုတင်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ် ဇွန်လ ၁၈ ရက် မွန်းတည့် ၁၂ နာရီဖြစ်ပြီး ၁၃း၀၀ နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရုံးအမှတ် (၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

ရောင်းမည်

အရှေ့ဒဂုံ၊ (၁၀)ရပ်ကွက်၊ VIP နေရာကောင်း၊ မြေကွက်ကျယ် ပေ(၈၅×၇၇) ကျပ်သိန်း ၈၅၀။

ဖုန်း-၀၉-၇၃၁၀၆၂၉၃

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

2004 TOYOTA DYNA, LIGHT TRUCK, DOUBLE (AB) 1.15 TONS, DIESEL TURBO, 5 MANUAL

အပြာရောင်၊ ဂျပန်ကား။

စုံစမ်းရန်-ဖုန်း-၀၉-၃၁၀၄၀၀၆၉

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လေလံကြော်ငြာ

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အသုံးမလိုတော့သည် သံတိုသံစများ၊ အင်ဂျင်စက်များ၊ ပရင်တာအဟောင်း၊ ကတ္တရာပုံးခွံများ၊ စက်ဘီး၊ ဆိုက်ကားကိုယ်ထည်ပစ္စည်းများ၊ အသုံးမလိုပိုလျှံပစ္စည်းဟောင်းများ စသည့်တို့အား လေလံတင်ရောင်းချခြင်းကို ၁၄-၅-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၉ နာရီတွင် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၂။ လေလံစည်းကမ်းချက်နှင့် လျှောက်လွှာပုံစံများကို မြို့တော်ခန်းမအနီး ဆယ်ထပ်ရုံးရှိ အင်ဂျင်နီယာဌာန(အဆောက်အအုံ)ပဉ္စမထပ်တွင် ရုံးချိန်အတွင်း ဝယ်ယူလျှောက်ထားနိုင်ပါသည်။ လေလံလျှောက်လွှာပိတ်ရက်မှာ ၁၃-၅-၂၀၁၃ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီအထိ ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာဌာန(အဆောက်အအုံ)သို့ဖြစ်စေ ဖုန်း-၂၄၉၅၂၅၊ ၃၇၄၀၇၇၊ ၃၇၉၆၁၈တို့သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။ **လေလံတင်ရောင်းချရေးအဖွဲ့**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် လ/၉၅၀၈ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်း ၁၂/သကတ(နိုင်)၁၃၅၀၀၆ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးသက်မြင့်အောင် ၁၂/ကမရ(နိုင်) ၀၃၄၆၂၃၊ ဒေါ်ခင်ဝင်းမြင့် ၁၂/ကမရ(နိုင်) ၀၃၅၀၉၂ တို့၏သား မောင်စည်သူအောင် ၁၂/ကမရ(နိုင်)၀၄၈၇၄၅သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲမှုများဖြစ်ပေါ်အောင် ပြုလုပ်ခဲ့သဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝသည် မိဘများနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

မိဘ-ဦးသက်မြင့်အောင်-ဒေါ်ခင်ဝင်းမြင့်

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ပုသိမ်၌ မိုးပွင့်အဆင့်(၅) စတင်ဆောင်ရွက်

ပုသိမ် မေ ၁

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနသည် ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်မှ မေ ၃၁ ရက်အထိ မိုးပွင့်အဆင့်(၅) စီမံချက်ကာလအဖြစ်သတ်မှတ်၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပေးနေပြီ ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေမြင်တင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၌ ဧပြီ ၂၈ ရက်က မြို့နယ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးချစ်ကိုကိုလွင်၊ တိုက်နယ်မှူး ဒု-လဝင်မှူးကြီးကြပ်ရေးမှူး ဒေါ်ချိုချိုရီနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ခဲ့ရာ အိမ်ထောင်စု လူဦးရေစာရင်း ၂၀ စောင်နှင့် နိုင်ငံသား ၁၃၀ ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး မိုးပွင့်အဆင့်(၅) အတွက် စေတနာရှင်များ လှူဒါန်းငွေဖြင့် ကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများအား ဓာတ်ပုံဖိုး အခမဲ့ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ကွင်းဆင်းဆောင်ရွက်ရာသို့ တိုင်းဒေသကြီးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးလှဒေါင်းကိုယ်တိုင် လာရောက်ကြည့်ရှုစစ်ဆေးဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

ပုသိမ်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၊ ကျောင်းများတွင် မိုးပွင့်အဆင့်(၁)မှ မိုးပွင့်အဆင့်(၄)စီမံချက်ကာလအထိ နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၃၅၅၁၊ အိမ်ထောင်စုလူဦးရေစာရင်း ၄၉၄၄ ခုတို့အား ထုတ်ပေးနိုင်ခဲ့ကြောင်းနှင့် မိုးပွင့်အဆင့် (၅)စီမံချက်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ၅၃ ခု ထုတ်ပေးပြီးဖြစ်ကြောင်း မြို့နယ်ဦးစီးဌာနမှူးရုံး၏ မှတ်တမ်းများအရ သိရသည်။**(အပေါ်ယာပုံ)** **ဦးခန့်**

အင်္ဂလိပ်စာသင်တန်းပို့ချမည်

ဟုမ္မလင်း မေ ၁

ဟုမ္မလင်းမြို့နယ် ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီ၏စီစဉ်မှုဖြင့် British Council မှ မူလတန်းအဆင့် Teaching Method For English နှင့် Classroom Language and Speaking သင်တန်းကို မေ ၈ ရက်မှ ၁၀ ရက်အထိ အမက(၁) ဟုမ္မလင်းမြို့၌ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။ အဆိုပါသင်တန်းသို့ တက်ရောက်လိုသော ပညာရေးဌာနမှ ဆရာ ဆရာမများသည် မြို့နယ်ပညာရေးမှူးရုံးသို့ လည်းကောင်း၊ ပြင်ပကျူရှင်ဆရာများနှင့် အငှား ကျောင်းဆရာ (ဆွဲခန့်)များသည် ဆိုင်ဝမ်းမောင်စတုး ဟုမ္မလင်းမြို့သို့လည်းကောင်း စာရင်းပေးသွင်းနိုင်သည်။

ဖွင့်လှစ်

British Council သည် ၂၀၁၂ ခုနှစ် အောက်တိုဘာလကလည်း အင်္ဂလိပ်စာပေအခွင့်အလမ်း သင်ကြားရေးသင်တန်းကို သုံးရက်ကြာ လာရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(၁၁၇)

(၃)နှစ်မြောက် ခမီအမျိုးသားနေ့ကျင်းပ

ပုဏ္ဏားကျွန်း မေ ၁

ရခိုင်ပြည်နယ် ရခိုင်တိုင်းရင်းသားမျိုးနွယ်စု ခမီလူမျိုးများ၏ (၃) နှစ်မြောက် ခမီအမျိုးသားနေ့ အခမ်းအနားကို ပုဏ္ဏားကျွန်းမြို့နယ် စမ္မတီးကြိမ်ချောင်းကျေးရွာ၌ ဧပြီ ၂၇ ရက် နံနက် ၁၀ နာရီကကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ နိုင်ငံရေးပါတီအသီးသီးမှ ပုဂ္ဂိုလ်များ ခမီယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ စုံညီစွာတက်ရောက်ကြသည်။

အခမ်းအနားတွင် ခမီအမျိုးသားနေ့အကြောင်းကို ဟောပြောပြီး သံဃာတော် ၃၇ ပါးကို နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ သက်ကြီးရွယ်အို အဘိုး/အဘွား ၃၇ ဦးကို ပူဇော်ကန်တော့ခြင်းနှင့် အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(မြို့နယ် ပြန်/ဆက်)

ကျောက်တစ်လုံးကျေးရွာ၌ ကတ္တရာလမ်းသစ်ဖွင့်

မော်လမြိုင် မေ ၁

မွန်ပြည်နယ် မုဒုံမြို့နယ် ကျောက်တစ်လုံးကျေးရွာရှိ ဆုတောင်းပြည့် စရီမဟာစုဋ္ဌာမဏိဟိန္ဒူဘုရားပွဲနှင့် ဘုရားလမ်းကတ္တရာလမ်းသစ် ဖွင့်ပွဲ အခမ်းအနားကို ဘုရားလမ်းမုခ်ဦး၌ ဧပြီ ၂၄ ရက် နံနက် ၇ နာရီက ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စရီမဟာ စုဋ္ဌာမဏိဟိန္ဒူဘုရားဂေါပကအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ဘုရားဂေါပကအဖွဲ့ ဦးလှသိန်းက လမ်းသစ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး လမ်းသစ်ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စရီမဟာ စုဋ္ဌာမဏိဟိန္ဒူဘုရားပွဲတော်ကို ဝတ်ပြုဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါ ကတ္တရာလမ်းသစ်သည် အရှည်ပေ ၁၃၀၀ နှင့် အကျယ် ၁၈ ပေရှိ နိုင်လွန်ကတ္တရာလမ်းဖြစ်ပြီး ပြည်သူနှင့်ဂေါပကအဖွဲ့မှ တည့်ဝင်ငွေကျပ် ၄၀၂ သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

တင်ထွဋ်(မော်လမြိုင်)

ပညာရေးဝန်ကြီးဌာန
အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
National Management College (NMC)
FINANCIAL SERVICES နှင့် BUSINESS MANAGEMNT
အမှတ်စဉ် (၃) သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် နှင့် STI Education တို့ ပူးပေါင်း၍ အောက်ဖော်ပြပါ သင်တန်းအမှတ်စဉ် (၃)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။
(က) Certificate in Financial Services (CFS)
(ခ) Certificate in Business Management (CBM)

၁။ တက္ကသိုလ်ဝင်တန်း ဖြေဆို၊ အောင်မြင် ပြီးသူများနှင့် တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိထားသူများလျှောက်ထားနိုင်ပါသည်။ တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသူများနှင့် ဘဏ်များ၊ ကုမ္ပဏီများမှဝန်ထမ်းများ သီးခြားအတန်းခွဲများတွင် တက်ရောက်ရပါမည်။
၂။ Certificate သင်တန်းအောင်မြင်ပြီးသူများသည် Diploma, Advanced Diploma သင်တန်းများမှ တစ်ဆင့် The Open University of Hong Kong နှင့် ချိတ်ဆက်ထားသော Bachelor of Business Administration/ Finance and Banking (BBA) ဘွဲ့သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်ပါမည်။ BBA ဘွဲ့ရရှိရန် သင်တန်းကာလ စုစုပေါင်း (၃)နှစ် (၆)လ ကြာမြင့်ပါမည်။
၃။ Business Management သည် စီးပွားရေးစီမံခန့်ခွဲမှု၏ အခြေခံဘာသာရပ်များဖြစ်သည့် စီမံခန့်ခွဲမှု၊ ပြောဆိုဆက်သွယ်မှု၊ လူ့စွမ်းအားအရင်းအမြစ်ခန့်ခွဲမှု၊ ဈေးကွက်ထိုးဖောက်ခြင်း၊ စာရင်းကိုင်ပညာနှင့် IT ပညာတို့ကို သင်ကြားရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက မန်နေဂျာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စီမံခန့်ခွဲမှုဆိုင်ရာ အရာရှိများအဖြစ် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ပါသည်။
၄။ Financial Services သည် စီးပွားရေးအဖွဲ့အစည်းများနှင့်ဘဏ်များ၏အခြေခံသဘောတရားများ၊ဘဏ်များနှင့်ငွေကြေးအရင်းအနှီးဈေးကွက်တည်ဆောက်ပုံတို့ကို သင်ကြားရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါကဘဏ်များနှင့် ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ၏မန်နေဂျာ၊ ငွေကြေးဆိုင်ရာ စီမံရေးဆွဲရေးအရာရှိများနှင့်စတော့ဈေးကွက်တည်ဆောက်သူအရာရှိများ၊ စတော့ရောင်းဝယ်သူအရာရှိများအဖြစ် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ပါသည်။
၅။ သင်တန်းကာလ(၆)လဖြစ်ပြီး၊ ၂၀၁၃ ခုနှစ် မေလ ၁၈ ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်။
၆။ ပညာအရည်အချင်း အထောက်အထား (မူရင်းနှင့် မိတ္တူ)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့် မိတ္တူ)၊ လိုင်စင်ဓာတ်ပုံ (၃)ပုံတင်ပြရမည်။

(လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)

အသေးစိတ်သိရှိလိုပါက- အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊(STI Education)
ကုန်သည်လမ်း (၅၃-၅၄ လမ်းကြား)၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးအနီး၊ ဗိုလ်တထောင်
ဖုန်း - ၀၉၄၂၀၁၈၃၁၅၅၊ ၃၇၇၉၈၈၊ ၀၉၄၂၀၁၃၁၇၃၀၊ ၅၀၇၀၄၈၊ ၀၉၄၂၀၂၅၄၈၇၂

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

